# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၂၁၅)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဋ္ဌေးမောင်၏ ကျန်ရစ်သူ မိသားစုဝင်များနှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီသို့ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာ

၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးခဲ့သော KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီး စောဋ္ဌေးမောင်သည် ၂၀၂၀ ပြည့်နှစ်၊ မေလ ၃ ရက် (တနင်္ဂနွေနေ့)၊ ညနေ ၆ နာရီ ၂၀ မိနစ်တွင် ခရစ်တော်၌ အိပ်စက်အနားယူသွားကြောင်း သိရှိရပါသည်။ ခေါင်းဆောင်တစ်ဦး ဆုံးရှုံးရခြင်း၊ ရဲဘော်ရဲဘက်တစ်ဦး ဆုံးရှုံးရခြင်း၊ မိသားစုဝင်တစ်ဦးဆုံးရှုံးရခြင်း အစရှိသည့် ဆုံးရှုံးခဲ့ရသူများ အားလုံးနှင့် ထပ်တူထပ်မျှ လွန်စွာမှပင် ဝမ်းနည်းရပါသည်။

KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် ငြိမ်းချမ်းရေးကောင်စီ ခေါင်းဆောင်များအနေဖြင့် ဗိုလ်ချုပ်ကြီးစောဋ္ဌေးမောင် မျှော်မှန်းခဲ့သော ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးခရီးလမ်း၌ မပြီးဆုံးသေးသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့်အတူ ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အခိုင်အမာ ယုံကြည်ထားပါသည်။

ကျန်ရစ်သူမိသားစုနှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအားလုံးထံသို့ နှစ်သိမ့်ခြင်း ကောင်းချီးမင်္ဂလာအဖြာဖြာ သက်ရောက်ကြစေကြောင်း ဆုတောင်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

အောင်ဆန်းစုကြည်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## Covid ကို ထိန်းချုပ်ရေးမှာ လောလောဆယ် အထူးအလေးထားရမဲ့ ကိစ္စကြီး(၂)ရပ်ရှိကြောင်း ကျန်းမာရေးအရစစ်ဆေးပြီး ပြန်ဖွင့်ခွင့်ပေးလိုက်တဲ့ စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေကြား ရောဂါမပြန့်ပွားရေးနဲ့ နယ်စပ်မှပြန်လာမဲ့ အလုပ်သမားတွေအကြား ရောဂါမပြန့်ပွားရေးတို့ဖြစ်ကြောင်း သတင်းစကားပါး

**နေပြည်တော် မေ ၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid ကို ထိန်းချုပ်ရေးမှာ လောလောဆယ် အထူးအလေးထားရမဲ့ ကိစ္စကြီး(၂)ရပ်ရှိကြောင်း၊ ကျန်းမာရေးအရ စစ်ဆေးပြီး ပြန်ဖွင့်ခွင့်ပေးလိုက်တဲ့ စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေကြား ရောဂါမပြန့်ပွားရေးနဲ့ နယ်စပ်မှပြန်လာမဲ့ အလုပ်သမားတွေအကြား ရောဂါမပြန့်ပွားရေးတို့ဖြစ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါးရေးသားထားသည်–

၁–၅–၂၀၂၀ နဲ့ ၂–၅–၂၀၂၀ စစ်ဆေးမှုတွေအရ၊ covid positive တစ်ယောက်မှ မတွေ့ခဲ့ပါဘူး။

၃–၅–၂၀၂၀၊ မနေ့ကတော့ (၄)ယောက်၊ ဒီကနေ့ ၄–၅–၂၀၂၀ မှာ (၆)ယောက်တွေ့ခဲ့ပါတယ်။

ဒါကြောင့် ကျွန်မတို့ လုံးဝပေါ့လို့မဖြစ်ဘူးဆိုတာ ကြားရ၊ ဖတ်ရသူတွေ ငြီးငွေ့ရလောက်အောင် သတိပေးနေရတာပါ။

ထပ်တလဲလဲ ပြောရင်းနဲ့ စိတ္တဗေဒ သုတေသီအချို့က၊ လူတစ်ယောက်ရဲ့ ဦးနှောက်ထဲမှာ အချက်တစ်ချက်စွဲသွားဖို့ အကြိမ် (၂၀၀)လောက်ပြောရတယ်လို့ တွေ့ရှိထားကြောင်းကိုလည်း ကျွန်မ ထည့်ပြောလေ့ရှိပါတယ်။ ဒီလောက်တောင်ပဲ ပြောဖို့လိုလား လို့လဲ တွေးမိပါတယ်။

နိုင်ငံရေးလောကထဲ ရောက်လာပြီး လူပေါင်းစုံနဲ့ ပေါင်းရတော့ လူတွေကို တော်တယ် ညံ့တယ်၊ ကောင်းတယ် ဆိုးတယ်လို့ ခွဲမြင်တာထက် သင်လို့ လွယ်တယ်၊ သင်လို့ ခက်တယ်လို့ ခွဲမြင်လာပါတယ်။ သင်လို့ လွယ်သူတွေကိုတော့ အကြိမ်(၂၀၀) ပြောဖို့ လိုမယ်မထင်ပါဘူး။

Covid ကို ထိန်းချုပ်ရေးမှာ လောလောဆယ် အထူးအလေးထားရမဲ့ ကိစ္စကြီး(၂) ရပ်ရှိပါတယ်။ ကျန်းမာရေးအရ စစ်ဆေးပြီး ပြန်ဖွင့်ခွင့်ပေးလိုက်တဲ့ စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေကြား ရောဂါမပြန့်ပွားရေးနဲ့ နယ်စပ်မှပြန်လာမဲ့ အလုပ်သမားတွေအကြား ရောဂါမပြန့်ပွားရေးတို့ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက စက်ရုံ၊ အလုပ်ရုံတွေမှာ လိုက်နာရမဲ့ စည်းကမ်း၊ စည်းမျဉ်းတွေ၊ ပြည်တော်ပြန်များနဲ့ သက်ဆိုင်တဲ့အစီအစဉ်၊ စည်းကမ်းတွေ သေသေချာချာ ထုတ်ပြန်ထားပါတယ်။ အားလုံးက တိတိကျကျ လိုက်နာမယ်ဆိုရင် ကျွန်မတို့ covid ကို အောင်နိုင်မှာပါ။

အပေါ်က အပိုဒ်ကို အကြိမ်(၂၀၀) မရေးတော့ပါဘူးနော်။ ကျွန်မတို့ ပြည်သူတွေ သင်ရလွယ်တယ်လို့ ယုံကြည်လိုက်ပါမယ်။

> **“ကျန်းမာရေးဝန်ကြီးဌာနက စက်ရုံ၊ အလုပ်ရုံတွေမှာ လိုက်နာရမဲ့ စည်းကမ်း၊ စည်းမျဉ်းတွေ၊ ပြည်တော်ပြန်များနဲ့ သက်ဆိုင်တဲ့ အစီအစဉ်၊ စည်းကမ်းတွေ သေသေချာချာ ထုတ်ပြန်ထားပါတယ်။ အားလုံးက တိတိကျကျလိုက်နာမယ်ဆိုရင် ကျွန်မတို့ covid ကို အောင်နိုင်မှာပါ”**




**မြန်မာ့အလင်း**

# ကိုယ်ယောင်ဖျောက်နေဆဲ အန္တရာယ်

ကိုဗစ်-၁၉ ရောဂါနှင့် ရင်ဆိုင်နေရသည့် ပြိုင်ပွဲက ပွဲသိမ်းခရာ မမှုတ်သေးပါ။ "မပေါ့ကြရန်နှင့် လုံးဝစိတ်ချရသည့် အခြေအနေက ဝေးသေးကြောင်း" နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယမန်နေ့ ဖေ့စ်ဘွတ်စာမျက်နှာတွင် သတင်းစကားပါးခဲ့သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအသစ် ထပ်မံမတွေ့ရှိခဲ့ရသည့်ရက် နှစ်ရက်ခန့် ဖြစ်ပေါ်ခဲ့ပြီးနောက် လဆန်းရက်လည်း ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့တွင်း၌ လှုပ်လှုပ်ရှားရှား သွားသွားလာလာနှင့် ပြန်လည်စည်ကားလာသည့်အပေါ် စိုးရိမ်မှုများစွာလည်း ပြည်သူလူထုအတွင်း ထွက်ပေါ်လာသည်။

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်နေသည့် ကိုဗစ်-၁၉ ရောဂါမှာ လူတို့ ယခင်က ကြုံတွေ့ခဲ့ရဖူးခြင်း မရှိသေးသည့် ရောဂါအသစ်ဖြစ်နေသည်။ ရောဂါအသစ်အဆန်း ဖြစ်နေသည့်အတွက် ကုထုံးလည်း မရှိ၊ ဆေးဝါးလည်းမရှိသေး။ ကာကွယ်နိုင်သည့် ဆေးလည်း ထွက်ပေါ်မလာသေးသည့်အပြင် ကိုရိုနာဗိုင်းရပ်စ်ကလည်း နားလည်ရခက်လောက်အောင် မာယာများသည်ဟု ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်တို့က ပြောကြားသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့သည့် ခာတ်ခွဲခန်း အတည်ပြုလူနာများ၏ ၅၇ ရာခိုင်နှုန်းမှာ ရောဂါလက္ခဏာမပြသူများ ဖြစ်သည်။ ရောဂါကူးစက်ခံရမှန်းပင် မိမိကိုယ်ကိုယ် မသိနိုင်ဘဲ ပုံမှန်သွားလာနေရင်း နောက်ထပ်ဘယ်နှဦးကို ကူးစက်စေခဲ့ပြီလဲကို မည်သူမျှပင် မသိနိုင်။ ထို့အပြင် ရောဂါပျောက်ကင်းပြီး၍ ဆေးရုံမှဆင်းသွားပြီးနောက် ရောဂါပိုး ပြန်လည်တွေ့ရှိခဲ့မှု၊ အကြိမ်ကြိမ်ဆေးစစ်ရာတွင် ရောဂါပိုးပေါ်လိုက်၊ ပျောက်လိုက်ဖြစ်နေမှု စသည်တို့က ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ ထူးခြားချက်များပင်ဖြစ်သည်။

ရောဂါလက္ခဏာပြသသူများတွင်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရခြင်း၏ လက္ခဏာများမှာ ပြောင်းလဲမှုများရှိခဲ့သလို အသစ်ထပ်မံတွေ့ရှိမှုများလည်း ရှိသည်ဟု သတင်းများတွင် တွေ့ရှိရသည်။ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကူးစက်ခံရခြင်း၏ ရောဂါလက္ခဏာများမှာ ကိုယ်ပူ၍ဖျားခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူမဝခြင်း၊ အားအင်ကုန်ခန်းနွမ်းနယ်ခြင်း၊ အနံ့အရသာ မခံစားရခြင်း၊ မျက်စိနာခြင်း၊ ဗိုက်အောင့်ဝမ်းလျှောခြင်း စသည့်လက္ခဏာများ ပြသမှုရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေအများဆုံး၊ လူနေအထူထပ်ဆုံးနှင့် စက်ရုံ အလုပ်ရုံ အများဆုံးတည်ရှိရာ စီးပွားရေးဒေသကြီးဖြစ်သလို ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိသူ အများဆုံးနှင့် သေဆုံးသူ အများဆုံးလည်း ဖြစ်နေသည်။ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် အသွားအလာကန့်သတ်မှုများ၊ မိမိအိမ်တွင် နေထိုင်ကြရန် အမိန့်ထုတ်ပြန်ထားမှုများကလည်း ကာလရှည်ကြာလာသည်နှင့်အမျှ ငြီးငွေ့မှု၊ စိတ်ဖိစီးမှုတို့ ဖြစ်ပေါ်လာကြဖွယ်ရာ ရှိသည့်အလျောက် အပြင်သို့ထွက်သူများ တစ်စထက်တစ်စ များလာဖွယ်ရာရှိနေသကဲ့သို့ ဝမ်းစာရေးအတွက် မဖြစ်မနေ ထွက်ကြရမှာကလည်း ရှိနေသည်။

တစ်ဖက်တွင်လည်း အိမ်နီးချင်းနိုင်ငံများမှ သောင်းနှင့်ချီ၍ ပြန်လည်ဝင်ရောက်လာမည့် အခြေအနေများ၊ စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ရတော့မည့် အခြေအနေများနှင့်အတူ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်များ ပြန်လည် လည်ပတ်လာမည့် အခြေအနေများက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကြီးကြီးမားမား ဖြစ်ပေါ်စေပြီး ကျန်းမာရေးပြုစုစောင့်ရှောက်မှုများအပေါ် တစ်ချိန်တည်း တစ်ပြိုင်တည်း ဝန်ထုပ်ဝန်ပိုး ဖြစ်ပေါ်စေနိုင်မည့် အန္တရာယ်သို့ ကျရောက်သွားနိုင်သည်ဟု အထူးဂရုပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါသည် လူစုလူဝေးကြားထဲ၊ လူထုကြားထဲတွင် ကိုယ်ယောင်ဖျောက်နေဆဲ ဖြစ်သည်။ အချိန်မရွေး ဘွားခနဲ ပေါ်လာနိုင်သည့် အခြေအနေနှင့် အန္တရာယ်ကြီးကြီးမားမား ဖြစ်ပေါ်နိုင်သည့်အခြေအနေမှ မိမိတို့ မလွတ်မြောက်သေး။ လက်ကို မကြာခဏ ဆပ်ပြာဖြင့် သန့်စင်အောင်ဆေးကြောရန်၊ တစ်ယောက်နှင့် တစ်ယောက် ခပ်ခွာခွာနေရန်၊ ပါးစပ်နှာခေါင်းစည်းကို အပြင်သွားတိုင်း တပ်ဆင်ရန်ဆိုသည့် အခြေခံအကျဆုံး အချက်များကို လိုက်နာကျင့်သုံးခြင်းဖြင့် မိမိကိုယ်ကိုယ်ရော သူတစ်ပါးကိုပါ ကာကွယ်ကြရမည်ဖြစ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

**နေပြည်တော် မေ ၄**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (ASEAN Institute for Peace and Reconciliation-ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive- director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်အတွင်း လေပြင်းတိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့ငွေပေးအပ်

**နမ့်စန် မေ ၄**

ရှမ်းပြည်နယ် တောင်ပိုင်း နမ့်စန်မြို့၌ မေ ၂ ရက် ညနေ ၃ နာရီက မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများအပါအဝင် နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ယနေ့နံနက်ပိုင်းက နမ့်စန်မြို့ အမှတ်(၉)ရွာ၌ လေဘေးသင့်ပြည်သူများကို ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် အလှူရှင်များက ထောက်ပံ့ငွေများ ပေးအပ်သည်။



မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် လူနေအိမ် ၃၄၄ လုံးနှင့် ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်း၊ သီလရှင်ကျောင်း တစ်ကျောင်းတို့အတွက် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ် ၁၂၆၃၀၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

အလားတူ ကမ္ဘောဇဘဏ်မှ သွပ်အချပ် ၃၀၀၀၊ မတ်ကျန်းပြည်သူ့စစ်(ဌာနေ)အဖွဲ့ဥက္ကဋ္ဌ ဦးလင်းဆိုင်မှ သွပ်အချပ် ၅၀၀၊ ဟိုမိန်းပြည်သူ့စစ်(ဌာနေ)အဖွဲ့ဥက္ကဋ္ဌ ဦးမဟာဂျာအား အမှူးထား၍ ဦးစိုင်းကျော်လေး-ဒေါ်နန်းမီးငယ် ဦးစိုင်းနောင့်-ဒေါ်နန်းဆိုင်ငင်း မိသားစုမှ အလှူငွေကျပ် ၃၃ သိန်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးဆုံးရှုံးသွားသည့် အိမ်စု ၁၃ စုတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပစ္စည်းနှင့် ငွေကျပ်တစ်သိန်းစီ၊ ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်ကြသည်။

ထို့အတူ လေဘေးသင့် အိမ်ထောင်စုများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (ဘေးစီမံ)မှ ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေကျပ် ၂၈၅၉၉၃၀၀ကို ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့သည်။ ယင်းနောက် လေဘေးကြောင့် ပြိုလဲပျက်စီးသွားသည့် သစ်ပင်များကို ရှင်းလင်းပေးသည့် တပ်မတော်သားများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

မိုး/ဇလ

# ပြည်သူသာလျှင် အဓိက

## ပလက်ဝမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၄

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ၏ လက်ရှိအခြေအနေ၊ ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ပံ့ပိုးကူညီပေးနိုင်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ချင်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ပူးပေါင်းဆောင်ရွက်နေသည့် ခူမီးချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီအဖွဲ့ဝင်များ၊ ချင်းတိုက်ပွဲရှောင်ပြည်သူများ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီအဖွဲ့ဝင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။



ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ၏ လက်ရှိအခြေအနေ၊ ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ပံ့ပိုးကူညီပေးနိုင်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

### ညှိနှိုင်းဆောင်ရွက်နေ

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသည့် တိုက်ပွဲရှောင်ပြည်သူများမှာ ပလက်ဝမြို့နယ်အတွင်းသာမက ရန်ကုန်မြို့နှင့် ရခိုင်ပြည်နယ်တို့တွင်လည်း ရှိနေပါကြောင်း၊ တိုက်ပွဲရှောင်များအတွက် လတ်တလော၊ ရေတို၊ ရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းများရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရ၊ မိမိတို့ဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် တိုက်ပွဲရှောင်များအတွက် ပူးပေါင်းဆောင်ရွက်နေသည့်အဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်ပါက ပိုမိုထိရောက်စွာ ကူညီပံ့ပိုးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လတ်တလောဆောင်ရွက်ရမည့် အရေးပေါ်ကိစ္စတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကိုလည်း ထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိသည့် ပြည်နယ်(၅)ခုအတွက် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ပလက်ဝမြို့နယ်ရှိ တိုက်ပွဲရှောင်များအတွက် စားနပ်ရိက္ခာများ ထပ်မံပို့ဆောင်ရေးကိုလည်း ပြည်ထောင်စုအဆင့်မှ ညှိနှိုင်းဆောင်ရွက်နေပါကြောင်း။

### တိုးချဲ့ဆောင်ရွက်နေ

ပြည်နယ်(၅)ခုရှိ တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါအတွက် အသိပညာပေးလုပ်ငန်းများကို ထပ်ခါထပ်ခါ ထိရောက်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ စခန်းများအတွင်း နေထိုင်သူများအား အဝတ်ဖြင့်ချုပ်လုပ်ထားသော ပါးစပ်နှင့် နှာခေါင်းစည်းများ၊ ဆပ်ပြာများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ စခန်းအလိုက် အပူချိန်တိုင်း ကိရိယာများ၊ လက်ဆေးဘေစင်များကိုလည်း ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တယ်လီဖုန်း Operator များမှတစ်ဆင့် SMS ပေးပို့သည့် ပညာပေးညွှန်ကြားချက် အချက်(၁၀)ချက်မှာ အဓိကလိုက်နာရမည့် အချက်များဖြစ်၍ စခန်းနေသူများ သိရှိ၍ လိုက်နာဆောင်ရွက်ရေးကူညီပေးကြစေလိုကြောင်း၊ hand Speaker များ၊ loud Speaker များဖြင့် အသိပညာပေးခြင်းကိုလည်း တိုးချဲ့ဆောင်ရွက်နေပါကြောင်း။

### ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်

တိုက်ပွဲရှောင် ဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနက ပုံမှန်ထောက်ပံ့မှုအပြင် (၁)ကြိမ် အပိုဆောင်း၍ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်း၊ အလားတူ မသန်စွမ်းများအတွက်လည်း ထောက်ပံ့ရန် ဆောင်ရွက်နေပါကြောင်း၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွက် ဆောင်ရွက်ရာတွင် ပူးပေါင်းညှိနှိုင်းမှုများဖြင့် အခက်အခဲများကို ကျော်လွှားပြီး ထောက်ပံ့မှုများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လက်ရှိဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ဖြည့်ဆည်းပေးရန် တင်ပြချက်များဖြစ်သည့် ပလက်ဝ၊ ဆမီးမြို့နှင့် နီးစပ်ရာကျေးရွာများရှိ တိုက်ပွဲရှောင်များအတွက် စားနပ်ရိက္ခာများရရှိနိုင်ရေး၊ ထိခိုက်ပျက်စီးမှုများပြားခဲ့သည့် ကျေးရွာ(၉)ရွာအတွက် အဆောက်အဦများ ပျက်စီးမှုအတွက်ပံ့ပိုးနိုင်ရေး၊ တိုက်ပွဲကြောင့် ထိခိုက်ဒဏ်ရာရသူများအား ပို့ဆောင်မည့် လူနာတင်ယာဉ်နှင့် အုပ်ချုပ်မှုယာဉ်ရရှိရေး၊ ပလက်ဝနှင့် ဆမီးမြို့တွင် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ရရှိစေရေး၊ မူလနေရပ်တွင် ပြန်လည်အခြေချရန်ခက်ခဲသည့် ဝေးလံသောအရပ်မှ အိမ်ထောင်စုများအတွက် ပလက်ဝမြို့နှင့် ဆမီးမြို့များတွင် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးရေး၊ တိုက်ပွဲရှောင်များနှင့် ပလက်ဝဒေသခံများအတွက် မိုးတွင်းကာလအတွင်း စားနပ်ရိက္ခာအခက်အခဲနည်းပါးစေရန် ကြိုတင်စီစဉ်ဆောင်ရွက်ရေး၊ မတူပီ-ဆမီး-ပလက်ဝလမ်းကြောင်းအား မိုးတွင်းကာလသွားလာနိုင်စေရန် ဆောင်ရွက်ပေးရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် ပစ္စည်းများဖြည့်ဆည်းပေးရေးတို့ကို တင်ပြကြရာ တိုက်ပွဲရှောင်များအတွက် လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး ပြည်နယ်အစိုးရက စိစစ်တင်ပြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ညှိနှိုင်း၍ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ကုသရေးအတွက် အလှူငွေနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

မြစ်ကြီးနား မေ ၄

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ကုသရေးအတွက် မြစ်ကြီးနားမြို့ မြန်မာ-တရုတ် အမျိုးသားလူမှုကူညီရေးအဖွဲ့မှ အလှူငွေနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းမှုအတွက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဂုဏ်ပြုမှတ်တမ်းလွှာများကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပေးအပ်သည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်ထံ မြန်မာ-တရုတ် အမျိုးသားလူမှုကူညီရေးအဖွဲ့ကိုယ်စား ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များက အလှူငွေနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းစဉ်။

အဆိုပါ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင်များကိုယ်စား ဦးအောင်မြင့်က ကိုဗစ်-၁၉ ရောဂါကာလအတွင်း စားနပ်ရိက္ခာ အခက်အခဲကို အရေးပေါ်ဖြေရှင်းရာတွင် အထောက်အကူပြုစေရန် လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကပ်ရောဂါကာလအတွင်း ယခုလို ကိုယ်ကျိုးမဖက် တတ်နိုင်သည့်ဘက်မှ ပြည်နယ်အတွက် လာရောက်လှူဒါန်းသူများကို မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ-တရုတ် အမျိုးသားလူမှုကူညီရေး အဖွဲ့ကိုယ်စား ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များက အလှူငွေကျပ် ၂၀၇၉၀၀၀၀ နှင့် ငွေကျပ် ၁၆၀၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း အခု ၄၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၂၃၉၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

### ရေသတ္တဝါ(အရှင်)များ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်တွင် ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ် တင်ပို့ခြင်းမပြုရန် အသိပေးနှိုးဆော်ချက်

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ရေချို/ ရေငန်ရေပြင်များတွင် ငါး/ပုစွန်မျိုးများ မပြုန်းတီးစေဘဲ ငါး/ပုစွန်အထွက်တိုးစေရန်၊ မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့တိုးပွားလာစေရန်နှင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ ရေသတ္တဝါများ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်ကာလတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူ၊ စုဆောင်းခြင်းမပြုကြရန် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များဖြင့် တားမြစ်ထားပြီးဖြစ်ပါသဖြင့် အောက်ပါရေသတ္တဝါ(အရှင်)များအား သတ်မှတ်ကာလအတွင်း ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ်၊တင်ပို့ခြင်းမပြုရန်နှင့် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

- ကျောက်ပုစွန်၊ကင်းပုစွန်၊ ငါးလင်ပန်း - ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ
- ကျောက်ငါး - ဇူလိုင်လ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ
- ရေချိုငါးအားလုံး - မေလ(၁)ရက်နေ့မှ ဇူလိုင်လ(၃၁)ရက်နေ့အထိ
- ရေချိုပုစွန် - ဧပြီလ(၁)ရက်နေ့မှ ဇွန်လ(၃၀)ရက်နေ့အထိ
- ရေငန်ပုစွန် - ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ ပဉ္စမအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၄**

အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ၏ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် အရက် တင်သွင်းခွင့် လုပ်ထုံးလုပ်နည်း(မူကြမ်း) နှင့် ပတ်သက်၍ ကော်မတီဝင်ဌာနများ၏ သဘောထားမှတ်ချက်များ၊ ဆက်စပ်ဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ၏ သဘောထား၊ အကြံပြုချက်များကို တောင်းခံခဲ့ပြီး၊ သဘောထားမှတ်ချက်များကို ကော်မတီအစည်းအဝေးများတွင် အကြိမ်ကြိမ်ဆွေးနွေးကာ လုပ်ထုံးလုပ်နည်း(မူကြမ်း) အပေါ် ပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ညှိနှိုင်းဆွေးနွေးချက်များ၊ သဘောထားမှတ်ချက်များအပေါ်တွင် အခြေခံ၍ ပြင်ဆင်ဖြည့်စွက်မှုများကို သက်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စတုတ္ထအကြိမ် ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးပေးကြရန်နှင့် ကော်မတီဝင်များအနေဖြင့် အကောက်ခွန်လွတ် အရောင်းဆိုင်များ၊ အရက်ချက်စက်ရုံ၊ ယစ်မျိုးလိုင်စင်ခွင့်ပြုချက်ဖြင့် ယမကာရောင်းချသည့်ဆိုင်များကိုလည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုအခြေအနေ တည်ငြိမ်သွားသည့်အခါ ကွင်းဆင်းလေ့လာမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စတုတ္ထအကြိမ် ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးအောင်ထူး အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# အသက် ၆၀ နှစ်နှင့်အထက် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများနှင့် ဒိုင်လူကြီးဟောင်းများအား ရေဝတီဖောင်ဒေးရှင်းက ဆန်နှင့် ထောက်ပံ့ငွေများ လှူဒါန်း

**ရန်ကုန် မေ ၄**

ကိုဗစ်-၁၉ ရောဂါ ကုသကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီလှူဒါန်းနေသည့် ရေဝတီဖောင်ဒေးရှင်းသည် အသက် ၆၀ နှစ်နှင့်အထက် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများနှင့် ဒိုင်လူကြီးဟောင်းများ နေထိုင်စားသောက်မှု အဆင်ပြေစေရန်အတွက် ဆန်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရေဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်၊ Max Myanmar နှင့် ရေဝတီဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၏ အကြံပေး ဦးဘန်နီတင်အောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးသန်းတိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာ့လက်ရွေးစင်ဟောင်းများနှင့် လက်ရှိ ဘောလုံးသမားများ တက်ရောက်ခဲ့သည်။



အသက် ၆၀ နှစ်နှင့်အထက် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများနှင့် ဒိုင်လူကြီးဟောင်းများအတွက် ထောက်ပံ့ငွေနှင့် ဆန်အိတ်များကို ရေဝတီဖောင်ဒေးရှင်းကိုယ်စား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ အကြံပေး ဦးဘန်နီတင်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့က ပေးအပ်လှူဒါန်းစဉ်။

လက်ရွေးစင်ဟောင်းများနှင့် ဒိုင်လူကြီးဟောင်းများ အတွက် ထောက်ပံ့ငွေနှင့် ဆန်အိတ်များကို ရေဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌနှင့် ဘောလုံးသမားဟောင်းများ၊ ဒိုင်လူကြီးဟောင်းများက လက်ခံယူကြသည်။ ရေဝတီဖောင်ဒေးရှင်းသည် လက်ရွေးစင် ဘောလုံးသမား ဟောင်းများနှင့် ဒိုင်လူကြီးဟောင်းများအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းစီနှင့် ငါးကီလို ဆန်နှစ်အိတ်စီ ထောက်ပံ့လှူဒါန်းခြင်းဖြစ်ပြီး မေ ၄ ရက်မှစတင်ကာ ဘောလုံးသမားဟောင်းများနှင့် ဒိုင်လူကြီးဟောင်းများ၏ နေအိမ်များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။ ထို့အပြင် နယ်မြို့များတွင် နေထိုင်သည့် ဘောလုံးသမားဟောင်းများနှင့် ဒိုင်လူကြီးဟောင်းများအား ထောက်ပံ့ငွေများကို AYA Bank မှ တစ်ဆင့် ပေးပို့သွားမည်ဖြစ်သည်။ ရေဝတီဖောင်ဒေးရှင်းသည် အသက် ၆၀ နှစ်နှင့်အထက် လက်ရွေးစင် ဘောလုံးသမားဟောင်း ၁၇၀၊ ဒိုင်လူကြီးဟောင်း ၃၈ ဦး စုစုပေါင်း ၂၀၈ ဦးအတွက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် တည်ထောင်ထားသည့် ရေဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးလုပ်ငန်းစဉ်များတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်လျက်ရှိပြီး ငွေကြေးနှင့် ဆေးဝါးများ၊ ကုသရေးစက်ပစ္စည်းများ၊ ဆန်နှင့် ထောက်ပံ့ပစ္စည်းများ၊ အခြားလိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဆေးရုံကြီးများနှင့် အကူအညီလိုအပ်သည့် နေရာဒေသအသီးသီးသို့ လှူဒါန်းလျက်ရှိပြီး မေ ၄ ရက်အထိ ကျပ်သိန်းပေါင်း ၁၇၀၀၀ ဝန်းကျင် လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# ချင်းပြည်နယ်အတွင်း ရောင်းဝယ်ရေးသမဝါယမအသင်းများမှ ကုန်စည်များ ဖြန့်ဖြူးရောင်းချ

**နေပြည်တော် မေ ၄**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ကာလအတွင်း ချင်းပြည်နယ်အတွင်း သမဝါယမအသင်းများအနက် အရောင်းဆိုင်လုပ်ငန်းဆောင်ရွက်သည့် ဖလမ်းမြို့နယ်ရှိ စံပြရောင်းဝယ်ရေး သမဝါယမအသင်း၊ မြို့မရောင်းဝယ်ရေးသမဝါယမအသင်း၊ ဖလမ်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့သည် အသင်းသားပြည်သူများအဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရေး အတွက် အခြေခံစားသောက်ကုန်များ၊ ရုံးသုံးပစ္စည်းများ၊ အိမ်သုံးပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ဈေးနှုန်းတိုးမြှင့်ခြင်းမပြုဘဲ ပုံမှန်ဈေးနှုန်းဖြင့်သာ ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**ပြင်ဦးလွင် မေ ၄**

ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမင်း၊ မြို့နယ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့က ပြင်ဦးလွင်ဆေးရုံကြီး၌ မေ ၅ ရက်တွင် ကျရောက်သည့် (၇၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့ပေါ်ရှိ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့မှ သွေးလှူဒါန်းခဲ့ကြရာ ဆေးစစ်အတည်ပြုချက် လှူဒါန်းခွင့်ရရှိသူ ၂၇ ဦး လှူဒါန်းနိုင်ခဲ့သည်။

"ကျွန်တော်တို့ ယခုသွေးလှူဒါန်းတာဟာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုတာဖြစ်သလို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်မှာ ပြည်သူ့ ဆေးရုံကြီးမှာ လိုအပ်နေတဲ့ သွေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးတာဖြစ်ပါတယ်။ ပြည်သူလူထုအပေါ်လည်း တတ်နိုင်တဲ့ဘက်က ပံ့ပိုးကူညီပေးတာဖြစ်ပါတယ်" ဟု ခရိုင်ဦးစီးမှူး ဦးလှမင်းက ပြောသည်။ သွေးလှူဒါန်းရာသို့ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူး လာရောက်ကြည့်ရှုအားပေးသည်။

**သိန်းဇော်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မေ ၄**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးသို့ ကုန်းလမ်းမှ ငါးကားများ စနစ်တကျဝင်ရောက်နိုင်ရန် အကောင်အထည်ဖော်မည်

**ရန်ကုန် မေ ၄**

ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်မှုများ ပြုလုပ်နေစဉ်အတွင်း လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးသို့ ရေလမ်းမှ စက်လှေများဖြင့် ငါးများသာ ရောင်းချခွင့်ပေးပြီး ကုန်းလမ်းမှ မွေးမြူ ရေး ငါး၊ ပုစွန်ကားများကို ဈေးအတွင်း ဝင်ရောက်မှု ပိတ်ပင်လိုက်၍ ကုန်စည် စီးဆင်းမှုနှေးကွေးမှုဖြစ်ပေါ်လာသောကြောင့် ကုန်းလမ်းမှ ဝင်ရောက်လာသော ငါးကားများ ဈေးကြီးအတွင်း စနစ်တကျဝင်ရောက်နိုင်အောင် အမြန်ဆုံးအကောင်အထည်ဖော် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဗဟိုစံပြငါးဈေးကြီး ဈေးသာယာရေးအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ ညနေပိုင်းက ကြည့်မြင်တိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးခန်း၌ ပြုလုပ်ခဲ့သည်။

"ကိုဗစ်ကာလမှာ ရောဂါထိန်းချုပ်မှုတစ်ရပ်အနေနဲ့ လူစုလူဝေး မဖြစ်စေဖို့အတွက် ဗဟိုစံပြငါးဈေးကြီးမှာ ရောင်းချနေမှုကို ရွှေပိတောက်ငါးကြီးဘက်သို့ တစ်ဝက်ခွဲတဲ့အနေနဲ့ ရေလမ်းကလာတဲ့ငါးများသာ ဆက်လက်ရောင်းချခွင့်ပေးပြီးတော့ ကုန်းလမ်းကနေ ဝင်ရောက်လာတဲ့ငါးကားတွေကို ဝင်ရောက်မှုကို ပိတ်ထားလိုက်တယ်။ ဒီလိုလုပ်လိုက်တဲ့အတွက် ဗဟိုစံပြငါးဈေးကြီးမှာ လုပ်ကိုင်နေတဲ့ ၁၄၆ ဒိုင်သော လုပ်ငန်းလုပ်ကိုင်သူတွေ၊ မိသားစုတွေမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ ငါးဈေးနှုန်းတွေ မြင့်တက်သွားသလို ကုန်စည်စီးဆင်းမှုကိုလည်း ထိခိုက်သွားပါတယ်။ ဒါကြောင့် ဈေးကြီးအတွင်း ငါးကားတွေ စနစ်တကျ တစ်စီးချင်းဝင်ရောက်နိုင်အောင် မြို့တော်စည်ပင်သို့ တင်ပြပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

အဆိုပါဈေးကြီးသို့ ငါးပိသယ်ချိန် လေးသိန်းမှ ငါးသိန်းကြား နေ့စဉ်ဝင်ရောက် ရောင်းဝယ်ဖောက်ကားလျက်ရှိရာ ၈၀ ရာခိုင်နှုန်းမှာ ကုန်းလမ်းမှ အအေးခန်းကားများဖြင့် ဝင်ရောက်လာသော ငါးများဖြစ်ကြောင်း၊ ၂၀ ရာခိုင်နှုန်းခန့်သာ ရေလမ်းမှ စက်လှေများဖြင့် ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဈေးဝယ်ယာဉ်နှင့် အအေးခန်းယာဉ်များ ဝင်ရောက်ခြင်းကို ဧပြီ ၂၄ ရက် နံနက် ၅ နာရီမှ စတင်ကာ ကန့်သတ်လိုက်ပြီး ကုန်စည်စီးဆင်းမှုကို မထိခိုက်စေရန် လုံးဝပိတ်သိမ်းလိုက်ခြင်းမဟုတ်ကြောင်း၊ ယင်းအတွက် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး၌ ဝင်ပေါက်၊ ထွက်ပေါက်များတွင် စည်ပင်သာယာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသာယာရေးကော်မတီဝင်များ စုပေါင်းကာ ငါးကား၊ ရေခဲတင်ကားများကို ငါး၊ ပုစွန် ကုန်စည်မပါဘဲ အဝင်ခံပြီး စစ်ဆေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အာကာစိုး**

# ပြည်ထောင်စုသားချင်းများ

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများ ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား၊ စည်းလုံးညီညွတ်စွာနေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ ပြည်ထောင်စုတစ်ခု တည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



# ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ စစ်ဆေးရှာဖွေရာတွင် တပ်မတော်ရှိ COBAS 6800 စက်နှစ်လုံးကိုပါ အသုံးပြုသွားမည်

**နေပြည်တော် မေ ၄**
ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးရှာဖွေရာတွင် တပ်မတော်ရှိ COBAS 6800 စက်နှစ်လုံးကိုပါ အသုံးပြုသွားမည်ဖြစ်ကြောင်း ယနေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားထားသည်။

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နေပြည်တော် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)ရှိ COBAS 6800 စက်ဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ ၊ မရှိ စစ်ဆေးရန်အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီနယ်မြေ၊ နေပြည်တော်ကောင်စီနှင့် ထိစပ်နေသည့် တိုင်းဒေသကြီး ၊ ပြည်နယ်များမှ Community Based Facility Quarantine မှာ ထားရှိသူများကိုလည်းကောင်း၊ ရန်ကုန်မြို့ အမှတ်(၁)တပ်မတော် ဆေးရုံကြီး (ခုတင် ၁၀၀၀)ရှိ COBAS 6800 စက်ဖြင့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ Community Based Facility Quarantine ဝင်ရောက်နေသည့် ရွှေ့ပြောင်းအလုပ်သမားများကို လည်းကောင်း လိုအပ်ပါက စမ်းသပ်စစ်ဆေးရန် သတ်မှတ်ထားကြောင်း ရေးသားထားသည်။

COBAS 6800 စက်သည် Fully Automatic System ဖြစ်သည့်အတွက် တစ်ရက်လျှင် လူဦးရေ ၁၄၀၀ ခန့်ကို စမ်းသပ်စစ်ဆေးပေးနိုင်မည်ဖြစ်ပြီး စက်ကိုင်တွယ်သူများကို ရောဂါပိုးကူးစက်နိုင်မှု ရာခိုင်နှုန်းနည်းပါးပြီး အမြန်ဆုံး၊ အများဆုံးနှင့် အမှန်ကန်ဆုံး စစ်ဆေးပေးနိုင်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ဧပြီ ၂၄ ရက် ထုတ်ပြန်ချက်အရ သိရသည်။

**ထက်လျှံ**



တပ်မတော်ရှိ COBAS 6800 စက်ကို တွေ့ရစဉ်။ ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

✪ *ကျောဖုံးမှ*
မဖြစ်မနေ ပြန်ရန်အကြောင်းရှိသူများသည် အမည်၊ နိုင်ငံကူးလက်မှတ်အမှတ်နှင့် ပြန်လည်ထွက်ခွာလိုသည့် အကြောင်းအရင်း၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့နှင့်အတူ မြန်မာသံရုံး၏ အီးမေးလ်လိပ်စာဖြစ်သည့် webmaster@myanmarembassy.sg သို့ စာရင်းပေးသွင်းထားနိုင်ပြီး သံရုံးသို့ အမည်စာရင်းပေးသွင်းထားသူများသာ လိုက်ပါခွင့်ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

"သံရုံးကို ကြိုပြီးလည်း စာရင်းပေးထားတာ ပေါ့နော်။ မဖြစ်မနေ ပြန်ဖို့လည်း လိုအပ်နေတာဆိုတော့ ပြန်လည်လိုက်ပါခွင့်ရတာ ဝမ်းသာပါတယ်။ ကျွန်မတို့ပါဝင်ပေမယ့် မိတ်ဆွေအချို့တော့ ပြန်ချင်ပေမယ့် ပြန်ခွင့်မရသူတွေ ရှိနေသေးတယ်"ဟု စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ထုတ်ပြန်သည့် စာရင်းတွင် ပါဝင်ခဲ့သူ အမျိုးသမီးတစ်ဦးက ဖြေကြားသည်။

ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့သို့ မေ ၈ ရက်တွင် မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိလာရန်ရှိပြီး ခရီးသည် စုစုပေါင်း ၁၂၀ ခန့်ရှိကြောင်း ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှ သတင်းထုတ်ပြန်ထားသည်။

ပြန်လည်လိုက်ပါခွင့်ရရှိသူ ၁၂၀ အနက် ကိုရီးယားသမ္မတနိုင်ငံတွင် ရောက်ရှိနေသူများ၊ ပိတ်မိနေသူများအနက် လိုက်ပါခွင့်ရရှိသူ မြန်မာနိုင်ငံသား ၁၀၄ ဦးခန့်ပါဝင်ပြီး အခြားသော ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသား ၁၆ ဦးပါဝင်ကြောင်း သိရှိရသည်။ လိုက်ပါခွင့်ရရှိသူများသည် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းနှင့် ချိတ်ဆက်၍ လေယာဉ်လက်မှတ်များ အချိန်မီဝယ်ယူရန်လိုအပ်ပြီး ကိုရီးယားနိုင်ငံမှ လိုက်ပါလိုသူများအနေဖြင့် ယင်းနေ့တွင် အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အပူချိန်တိုင်းတာခြင်းရလဒ်ဖော်ပြချက်ကို မပျက်မကွက် ရယူသွားရန်လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးဌာန သို့မဟုတ် အလုပ်သမားဌာနများသို့လည်း ကြိုတင်သတင်းပေးပို့ရန်လိုအပ်ကြောင်း မြန်မာသံရုံးမှ သိရသည်။

ပြည်ပနိုင်ငံများမှတစ်ဆင့် ကိုရီးယားနိုင်ငံသို့ လာရောက်၍ ခရီးစဉ် အကူးအပြောင်းပြုလုပ်သူများအနေဖြင့် လေဆိပ်အတွင်း စောင့်ဆိုင်းခွင့်မှာ ၂၄ နာရီဖြစ်ကြောင်းသိရပြီး ယခုအကြိမ်သည် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ဆောင်ခြင်း ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်မှာ ဧပြီ ၃၀ ရက်တွင် မြန်မာနိုင်ငံသား ၉၆ ဦးကို ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ဖြစ်သည်။

မေ ၈ ရက် လေယာဉ်ခရီးစဉ်တွင် ကိုရီးယားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၁၀၄ ဦးနှင့်အတူ အမေရိကန်ပြည်ထောင်စုမှ ခရီးစဉ်ကူးပြောင်းကာ မြန်မာနိုင်ငံသို့ ပြန်မည့် လူဦးရေ ခြောက်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ခရီးစဉ်ကူးပြောင်းစီးနင်းမည့် မြန်မာနိုင်ငံသား လေးဦး၊ ဗြိတိန်မှခရီးစဉ် ကူးပြောင်းစီးနင်းမည့်သူ ခြောက်ဦးခန့် ပါဝင်ကြောင်း သိရသည်။

ကိုရီးယားနိုင်ငံအပါအဝင် နိုင်ငံအရပ်ရပ်မှ မဖြစ်မနေ နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား ထပ်မံခေါ်ဆောင်ရန်အတွက် အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၅ ရက်တွင် တတိယအကြိမ်အဖြစ် ထပ်မံပျံသန်းပြေးဆွဲခေါ်ယူသွားရန်လည်း ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးလေယာဉ် Relief Flight ဖြင့် လိုက်ပါမည့်လူများအားလုံးသည် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် Community Based Facility Quarantine ၂၁ ရက်နှင့် Home Quarantine ၇ ရက် စုစုပေါင်း ၂၈ ကို မပျက်မကွက် လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

**ခင်ရတနာ**

# မန္တလေးမြို့ပေါ်ရှိ ပန်းချီဆရာများအား အခြေခံစားသောက်ကုန်များ လှူဒါန်း

**မန္တလေး မေ ၄**
မန္တလေးမြို့ မန္တလေးတောင်ခြေ ပန်းပြခန်း၌ ယနေ့နံနက် ၁၀ နာရီက မန္တလေးမြို့ပေါ်ရှိ ပန်းချီဆရာများကို ကိုမိုးမြင့်ထွန်း(ပန်းချီမိုးဦး)က အခြေခံစားသောက်ကုန်များ ကူညီပံ့ပိုးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ပစ္စည်းများ လှူဒါန်းရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ရက်ကန့်သတ်ချက်မထားဘဲ လူဦးရေကုန်သည်အထိ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်းနှင့် တစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကုလားပဲ တစ်ပိဿာ၊ ကော်ဖီမစ်ငါးထုပ်၊ အချိုရည် နှစ်ပုလင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ အခုလိုလှူဒါန်းတာဟာ Stay Home ကာလမှာ ဘဝတူပန်းချီဆရာတွေ စားသောက်ရေးအဆင်ပြေစေဖို့အတွက် တတ်နိုင်သလောက် လှူဒါန်းတာ ဖြစ်ပါတယ်" ဟု ပန်းချီမိုးဦးက ပြောသည်။

မန္တလေးမြို့တွင် ပန်းချီဆရာ ၂၀၀ ကျော်ရှိကြောင်းနှင့် အားလုံးကို ရက်အကန့်အသတ်မရှိ လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

**သိန်းဇော်**

**ဇီဝမျိုးစုံကြွယ်ဝဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# မန္တလေးတိုင်းဒေသကြီးရှိ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

**မန္တလေး မေ ၄**
မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်နှင့် မန္တလေးတိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့ ပြည်သူ့ ဆေးရုံကြီး သွေးလှူဘဏ်၌ ဧပြီ ၅ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းကြသည်။ သွေးများ လှူဒါန်းရာတွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင် သန္ဓေ/အရန်များက သွေးအလုံး ၅၀ လှူဒါန်းခဲ့ကြပြီး ဧပြီ ၅ ရက်တွင် ထပ်မံ၍ သွေးအလုံး ၅၀ ဆက်လက် လှူဒါန်းသွားမည် ဖြစ်သည်။

ထို့အပြင် မန္တလေးခရိုင်ရှိ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်ကြီးတံခွန်မြို့နယ်ရှိ YGW မိဘမဲ့ကလေးသူငယ်စောင့်ရှောက်ရေးကျောင်းသို့ အလှူငွေကျပ် ၅၅၀၀၀၀ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန်းကိုယ်ပွား)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၇ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂ ရက်နေ့အထိ ပေးပို့ တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၂၄)တွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၄-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၂၄)၊ အောင်မင်္ဂလာလမ်းပေါ်ရှိ စီတာပူ-ကောင်ရာ ရပ်ကွက်နေ ဆိုင်းအောင်(၂၅)နှစ်၊ (ဘ)ဦးလဆမ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူ များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား)မယ (ပ) ၆၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး ရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၄-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်နေ နေဝင်း(၅၉)နှစ်၊ (ဘ)ဦးချစ်ဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား) မယ(ပ) ၆၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ်တံခွန်တိုင်ကျေးရွာသွား လမ်းပေါ်၌ မူးယစ်ဆေးဝါးသုံးစွဲ / ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁-၅-၂၀၂၀ ရက်နေ့တွင် မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်ကျေးရွာသွား ကားလမ်းပေါ်၌ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်နေ ဟန်နိုင်ထွန်း (၂၉)နှစ်၊(ဘ)ဦးအောင်ဇော်သန်းနှင့် တစ်ရပ်ကွက်တည်းနေ သိန်းဇော်(၂၄)နှစ်၊(ဘ)ဦးကုလား၊ အောင်သူ (၂၉)နှစ်၊ (ဘ)ဦးအောင်ငယ်တို့(၃)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၂၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ အလားတူ ၎င်းနေရာ၌ပင် မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်နေ ဘိုရဲ(ခ) ရဲထက်စိုး (၂၄)နှစ်၊ (ဘ) ဦးဉာဏ်လွင်နှင့် တစ်ရပ်ကွက်တည်းနေ အောင်အောင် (၃၂)နှစ်၊ (ဘ)ဦးသိန်းအောင်တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၂၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၄-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ နဝဒေးလမ်းပေါ်၌ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာနေ နေလင်းထွန်း(ခ) နေကြီး(၃၄)နှစ်၊ (ဘ) ဦးအုန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် တူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ)မယ(ပ)၁၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ အာမွေး သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၄-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ အာမွေး(၂၈)နှစ်၊(ဘ)ဦးဘလွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွှေညောင်)မယ(ပ) ၂၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)/၂၀ (က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၈)ဦး၊ မ(၁)ဦး၊ ပေါင်း(၂၉)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများတို့နှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ ဒွေးအောင်(ခ) လူအန်(၄၁)နှစ်၊ (ဘ)ဦးလီကြည်စန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာWY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၂၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်း တိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂-၅-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၈၃) မှု ဖွင့်လှစ် အရေးယူခဲ့ပြီး တရားခံကျား(၁၃၉၅)ဦး၊ မ(၂၇၁)ဦး၊ပေါင်း (၁၆၆၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၈၉၄၆.၈၅၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂)ဂရမ်၊ဘိန်း(၄၁၅၄၄.၃၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၅၂.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၅၃၅၆၆၇)ပြား၊ ဆေးခြောက် (၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ဘိန်းဆီခဲ(၅၉၆.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊လက်နက်မျိုးစုံ(၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

## ကမ္ဘာ့ရွှေဈေးမြင့်တက်နေသော်လည်း ပြည်တွင်းရွှေဈေး ကျပ် ၁၁၈၀၀၀၀ ဝန်းကျင်သာရှိ

**ရန်ကုန် မေ ၄**

ကမ္ဘာ့ရွှေဈေးမြင့်တက်နေသော်လည်း ပြည်တွင်းရွှေဈေး ကျပ် ၁၁၈၀၀၀၀ ဝန်းကျင်သာရှိကြောင်း ယနေ့ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအုန်းမြိုင်က ပြောသည်။

"ပြီးခဲ့တဲ့ဧပြီမှာဆိုရင် မြန်မာ့ရွှေဈေးက ကမ္ဘာ့ရွှေဈေးနဲ့ တွက်ရင် ၁၃ သိန်း ဝန်းကျင်မှာ ရှိနေတယ်၊ ဒါပေမယ့် အဲဒီချိန်မှာ ၁၁၆၀၀၀၀ နဲ့ ၁၁၇၀၀၀၀ ပဲရှိတယ်"ဟုဦးအုန်းမြိုင် က ပြောသည်။

ပြည်တွင်းရွှေဈေး အတက်အကျသည် ကမ္ဘာ့ရွှေဈေးအတက်အကျပေါ်တွင် မူတည်သော်လည်း လက်ရှိ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၀၀ ကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၁၈၀၀၀၀ သာရှိကြောင်း ၎င်းက ဆက်ပြောသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင်မူ ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၃၀၀၀၀၀ ကျော်အထိ သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန်ဖြစ်ခဲ့ချိန်တွင်မူ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၅၀ ကျော်အထိသာ ရှိခဲ့သည်။

လက်ရှိ အရောင်းအဝယ်မှာလည်း ကိုဗစ်-၁၉ ကြောင့် ရန်ကုန်၊ မန္တလေး ရွှေဈေးကွက်ကို ပိတ်ထားပြီး ရွှေဆိုင်အချို့က အကျပ်အတည်းဖြစ်နေသည့် ရွှေရောင်းမည့်သူများ၏ အခက်အခဲကို ကူညီရန် အဝယ်လက်ခံနေသည်ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

"တရားဝင်တော့ မဖွင့်သေးဘူး။ သို့သော်လည်း လိုသူရောင်းလိုသူဝယ်ပေါ့။ အဲဒီလိုမျိုးတွေတော့ ဖုန်းဆက်ပြီးတော့ ငွေပိုတဲ့လူနဲ့ ငွေလိုတဲ့လူနဲ့ နည်းနည်းရောင်းတာ၊ ဝယ်တာလေးတော့ ဖြစ်တယ်။ ဒါပေမယ့် တရားဝင်တော့ မဖွင့်သေးဘူး" ဟု ဦးအုန်းမြိုင်က ဆက်ပြောသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ စံချိန်တင်အဖြစ် တစ်ဆင့်ပြီး တစ်ဆင့် မြင့်တက်ခဲ့ရာ၂၀၁၉ ခုနှစ် နှစ်စ ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အတွင်း ငွေကျပ် ၁၀၀၀၀၀၀ ကျော်၊ ဇွန် ၂၂ ရက်မှ ဩဂုတ် ၅ ရက်အတွင်း ငွေကျပ် ၁၁၀၀၀၀၀ ကျော်၊ ဩဂုတ် ၇ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း ငွေကျပ် ၁၂၀၀၀၀၀ ကျော်အထိ စံချိန်သစ်များအသီးသီးဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင်မူ ယခင်ချိုးထားသည့် စံချိန်များထက်ကျော်လွန်၍ ငွေကျပ် ၁၃၀၀၀၀၀ ကျော်အထိ ဖြစ်ပေါ်ခဲ့သဖြင့် သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန် ဖြစ်ခဲ့သည်။

ပြီးခဲ့သည့်သုံးလက ရွှေဈေးကို ပြန်ကြည့်မည်ဆိုလျှင် ဖေဖော်ဝါရီတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ငွေကျပ် ၁၂၁၄၁၀၀ (ဖေဖော်ဝါရီ ၅ ရက်) နှင့် အမြင့်ဆုံးနှုန်း ငွေကျပ် ၁၂၃၄၂၀၀ (ဖေဖော်ဝါရီ ၂၈ ရက်)၊ မတ်တွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ငွေကျပ် ၁၁၄၈၀၀၀ (မတ် ၃၁ ရက်) နှင့် အမြင့်ဆုံးနှုန်း ငွေကျပ် ၁၂၁၈၆၀၀ (မတ် ၄ ရက်)၊ ဧပြီတွင်မူ ကိုဗစ်-၁၉ ကြောင့် ပြည်တွင်းရွှေဈေးကွက် ပိတ်ထားကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

**ငြိမ်းငြိမ်း**

## (၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၄**

(၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ သွေးလှူဘဏ်နှင့် ဆေးရုံများသို့ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘုရား၊ စေတီပုထိုးများကို ရေသပ္ပာယ်ပူဇော်ခြင်း၊ ဘုန်းကြီးကျောင်းများနှင့် ဘိုးဘွားရိပ်သာများတွင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ယနေ့တွင် တစ်နိုင်ငံလုံး၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် (၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၂ ရက်မှစတင်၍ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ် ၁၅၄ မြို့နယ်ရှိ သွေးလှူဘဏ်နှင့် ဆေးရုံများ၌ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀၉၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅၁ ဦးတို့က သွေးပုလင်းပေါင်း ၁၄၄၁ ပုလင်းလှူဒါန်းခဲ့ကြကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



## ၄-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၁၉၁၈၄၉ | ၁၇၈၆၇၁ | ၆၀၇၀၂ |
| ၂။ | စပိန် | ၂၄၈၃၀၁ | ၁၅၁၆၃၃ | ၂၅၄၂၈ |
| ၃။ | အီတလီ | ၂၁၀၇၁၇ | ၈၁၆၅၄ | ၂၈၈၈၄ |
| ၄။ | ဗြိတိန် | ၁၈၆၅၉၉ | စိစစ်ဆဲ | ၂၈၄၄၆ |
| ၅။ | ပြင်သစ် | ၁၆၈၆၉၃ | ၅၀၇၈၄ | ၂၄၈၉၅ |
| ၆။ | ဂျာမနီ | ၁၆၅၇၄၅ | ၁၃၂၇၀၀ | ၆၈၆၆ |
| ၇။ | ရုရှား | ၁၄၅၂၆၈ | ၁၈၀၉၅ | ၁၃၅၆ |
| ၈။ | တူရကီ | ၁၂၆၀၄၅ | ၆၃၁၅၁ | ၃၃၉၇ |
| ၉။ | ဘရာဇီး | ၁၀၁၈၂၆ | ၄၂၉၁၁ | ၇၀၅၁ |
| ၁၀။ | အီရန် | ၉၈၆၄၇ | ၉၇၃၇၉ | ၆၂၇၇ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၀၂၅ | ၁၆၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၄၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၃၃၆၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၂၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| စုစုပေါင်း | | ၁၆၁ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၄-၅-၂၀၂၀ ရက်၊ ည(၈)နာရီ

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၄-၅-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၁၈၇၇၈ | ၁၄၀၈ | ၁၈ |
| အင်ဒိုနီးရှား | ၁၁၅၈၇ | ၁၉၅၄ | ၈၆၄ |
| ဖိလစ်ပိုင် | ၉၄၈၅ | ၁၃၁၅ | ၆၂၃ |
| မလေးရှား | ၆၃၅၃ | ၄၄၈၄ | ၁၀၅ |
| ထိုင်း | ၂၉၈၇ | ၂၇၄၀ | ၅၄ |
| ဗီယက်နမ် | ၂၇၁ | ၂၁၉ | ၀ |
| မြန်မာ | ၁၆၁ | ၄၉ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၃၀ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၉ | ၀ |

## မိုင်းယုမြို့တွင် အထူးဒေသ(၄) နမ့်ပန်းဒေသမှ နေရပ်ပြန် မြန်မာအလုပ်သမား ၅၅၃ ဦးကို ၂၁ ရက် ကန့်သတ်စောင့်ကြည့်ပြီးနောက် နေရပ်သို့ ပြန်လည်ပို့ဆောင်

**မိုင်းယု မေ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် နယ်စပ်ဒေသ မိုင်းယုမြို့သို့ အထူးဒေသ(၄) နမ့်ပန်းဒေသ၌ အသွားအလာ ကန့်သတ်ခြင်း ၂၁ ရက်ပြုလုပ်ပြီးသော နေရပ်ပြန် မြန်မာအလုပ်သမား ၅၅၃ ဦးကို ယနေ့နံနက်ပိုင်းက မိုင်းလားမြို့နှင့် နမ့်ပန်းဒေသ၊ အထူးဒေသ(၄) အဖွဲ့တို့မှ မိုင်းယု–ကျိုင်းယံန်းတံတားမှတစ်ဆင့် မိုင်းယုဘက်သို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန် မြန်မာအလုပ်သမားများသည် ယနေ့ နံနက်ပိုင်းတွင် မိုင်းယု–ကျိုင်းယံန်း တံတားပေါ်၌ မိုင်းလားမြို့ အထူးဒေသ(၄)၊ ဆက်ဆံရေး ဌာနမှ ဒုတိယ–ဆက်ဆံရေးဌာနမှူး ခင်အောင် ဦးဆောင်သော အထူး(၄)၊ နမ့်ပန်းဒေသဆက်ဆံရေးတာဝန်ခံအဖွဲ့နှင့် နမ့်ပန်းဒေသ ရဲတပ်ဖွဲ့တို့က နေပြည်တော်ကောင်စီနယ်မြေမှ အမျိုးသားတစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ အမျိုးသားတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီး တစ်ဦးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ အမျိုးသား ၃၄၈ ဦး၊ အမျိုးသမီး ၂၀၂ ဦး စုစုပေါင်း အလုပ်သမား ၅၅၃ ဦးတို့ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး မိုင်းယောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်၊ ပြည်နယ်လွှတ်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခေတ်၊ တာချီလိတ်မြို့နယ် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ရဲနိုင်အောင်၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မိုင်းယုမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးတို့က လက်ခံကြိုဆိုခဲ့ကြသည်။

ယင်းနောက် နေရပ်ပြန် အလုပ်သမားများကို မြို့မရပ်ကွက် အားကစားကွင်းတွင် မိုင်းယောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာချီလိတ်မြို့နယ် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့များ၊ မျိုးဆက်သစ်ရောင်နီ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များက လူဦးရေစာရင်းကောက်ယူခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အစားအသောက်များ ဝေငှပေးခြင်း၊ သတ်မှတ်လိုင်းကားများ စီးနင်းနိုင်ရန် စီစဉ်ပေးခြင်းများ ပြုလုပ်၍ ယနေ့ မွန်းလွဲ ၂ နာရီတွင် ရွှေမိုင်းယောင်း၊ ရွှေအိုးရတနာနှင့် ရွှေဥဒေါင်းစသည့် လိုင်းကား ၂၃ စီးဖြင့် မိုင်းယုမြို့မှ တစ်ဆင့် မိုင်းယောင်းမြို့သို့ စတင်ထွက်ခွာသွားခဲ့ကြသည်။

အဆိုပါ နေရပ်ပြန် မြန်မာအလုပ်သမားများသည် တရုတ်နိုင်ငံတွင် ကျပန်းအလုပ်လုပ်ကိုင်နေရင်းမှ ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် မြန်မာနိုင်ငံဘက်သို့ ပြန်လည်ဝင်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြန်မာအလုပ်သမားများဖြစ်ကြကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**

## မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဖျားနာကုဆေးခန်း အခမဲ့ဖွင့်လှစ်

**မြောက်ဥက္ကလာပ မေ ၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကာလအတွင်း ဆေးခန်းများ ပိတ်ထားမှုကြောင့် ဖျားနာသူပြည်သူများ ဆေးခန်းပြရာတွင် အဆင်ပြေစေရန် ဖျားနာကုဆေးခန်း အခမဲ့ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီး ပင်မဝင်ပေါက်အနီးတွင် ဖွင့်လှစ်သည်။

ရေးဦးစွာ ဖျားနာကုဆေးခန်း ဖွင့်ပွဲသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သန်းဝင်း၊ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လွင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်၊ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးနှင့် ဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ၊ ဖိတ်ကြားထားသူများနှင့် ပရဟိတအဖွဲ့များ တက်ရောက်ခဲ့ပြီး ဆေးခန်းကို လှည့်လည် ကြည့်ရှုခဲ့သည်။

အဆိုပါ ဖျားနာကုဆေးခန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ခြင်းဖြစ်ရာ အပတ်စဉ် တနင်္လာမှ သောကြာ နံနက် ၉ နာရီမှ ၁၁ နာရီအထိ မြောက်ဥက္ကလာပ ဆေးရုံကြီးမှ တွဲဖက်ပေါမောက္ခများ ဖြစ်ကြသည့် ဒေါက်တာ အောင်ကျော်သူ၊ ဒေါက်တာ ကျော်သူရနှင့် သူနာပြုကျောင်းမှ သူနာပြုဆရာမများက ကြီးကြပ်ကုသပေးမည် ဖြစ်ပြီး ဆေးကုသခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် မြို့နယ်အတွင်းရှိ ပရဟိတလူငယ်များက ဝိုင်းဝန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြမြဝင်း(ပြန်/ဆက်)**

❏ *ကျောဖုံးမှ*

ထို့ကြောင့် ဆိုးလ်ရှားသည် ကိုနာတေးကို အသင်းသို့ ခေါ်ယူပြီး မက်ဂွိုင်းယားနှင့် တွဲဖက်ကစားစေလိုကြောင်းလည်း သိရသည်။ ဆိုးလ်ရှားသည် ယခုနှစ် ရာသီပွဲအများစုကို မက်ဂွိုင်းယားနှင့် လင်ဒီလော့ဖ်တို့ကို တွဲဖက်ကစားစေခဲ့ပြီး လိဂ်ပွဲ ၂၉ ပွဲတွင် ဂိုး ၃၀ ခွင့်ပြုပေးခဲ့ရကာ ရှစ်ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

မန်ယူအသင်းသည် လိုက်ပ်ဇစ်ကစားသမား ကိုနာတေးကို ခေါ်ယူရန် ချိတ်ဆက်ခြင်းသည် ပထမဆုံးအကြိမ်မဟုတ်ဘဲ ၎င်းအရင် အူပါမီကာနိုကိုလည်း ခေါ်ယူရန် ချိတ်ဆက်ဖူးကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ထို့အပြင် မန်ယူအသင်းသည် နာပိုလီအသင်းမှ ကူလီဘာလီကိုလည်း ခေါ်ယူရန် ချိတ်ဆက်ထားကြောင်း သတင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားသည်။ သို့သော်လည်း အဆိုပါ ကစားသမား၏ အပြောင်းအရွှေ့မှာ မြင့်မားဖွယ်ရှိနေသောကြောင့် အခက်တွေ့နေခြင်းဖြစ်သည်။

ကိုနာတေး၏ လိုက်ပ်ဇစ်အသင်းနှင့် လက်ရှိ စာချုပ်သက်တမ်းသည် ၂၀၂၃ ခုနှစ် နွေရာသီအထိ ချုပ်ဆိုထားကြောင်း သိရသည်။ လိုက်ပ်ဇစ်အသင်းက အဆိုပါ ကစားသမား၏ ပြောင်းရွှေ့မှုကို မြင့်မြင့်မားမားတောင်းဆိုသွားဖွယ်ရှိနေသည်။

လက်ရှိတွင် ကိုနာတေးသည် ဘွန်ဒက်စ်လီဂါ ပြန်လည်စတင်ချိန်တွင် ကြံ့ခိုင်မှုပြည့်ဝစေရန်အတွက် လေ့ကျင့်ရေးအစီအစဉ်များကို ကြိုးစားလုပ်ဆောင်နေကြောင်း သိရသည်။ **အောင်ဇော်**

(၇၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# မွန်မြတ်စိတ်ထား စွန့်စားဝံ့သူများ

တာရာ

**ပွိုင့်ကမ်းခြေနှင့် တစ်မိုင်ကျော်ခန့်ဝေးသော်လည်း ကျောက်ဆောင်များ ပေါ်များပြီး ကုလားတန်မြစ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ဆုံရာ ပင်လယ်ဝဖြစ်၍ ရေစီးအလွန်ကြမ်းလျက်ရှိသည်။ စစ်တွေမြို့ ပွိုင့်ကမ်းခြေအနီးတွင် ကျောက်ဖြူဘက်မှ မောင်းနှင်လာသော ကျောက်စရစ်တင်ဆောင်သည့် စက်လှေတစ်စင်းသည် ကျောက်ဆောင်နှင့်တိုက်မိ၍ တဖြည်းဖြည်း နစ်မြုပ်စပြုနေပြီဖြစ်သည်။**



မီးသတ်တပ်ဖွဲ့ဝင်များ ယာဉ်မတော်တဆမှုဖြစ်စဉ်များအတွက် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မည့် အစီအစဉ်များ လေ့ကျင့်နေသည်ကို တွေ့ရစဉ်။

နစ်မြုပ်စက်လှေပေါ်တွင် လူလေးဦးပါဝင်ပြီး ကျောက်ဆောင်အားမှီလျက် နစ်မြုပ်စက်လှေ၏အမိုးပေါ်တွင် ရှိနေကြသည်။ ဒီရေတက်သဖြင့် ကျောက်ဆောင်မှာလည်း ရေလွှမ်းတော့မည်ဖြစ်ကြောင်း အကြောင်းကြားချက်အရ စစ်တွေမြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် ရွှေပြည်တန်ဆိပ်ကမ်းမှ ညနေ ၅ နာရီ မိနစ် ၂၀ တွင် ထွက်ခွာခဲ့ကြသည်။

## အသက်ကို ငဲ့ကွက်မှုမရှိ

ပင်လယ်လှိုင်းထန်ခြင်း၊ လေတိုက်နှုန်းပြင်းထန်ခြင်းများကြောင့် တစ်ခါတစ်ရံ စက်လှေသည် ရေပေါ်တွင် ၇ ပေ၊ ၈ ပေခန့်အထိ မြင့်တက်သွားတတ်ပြီး လေထန်ရေဆန်တွင် အခက်အခဲများကြုံတွေ့ခဲ့ရသော်လည်း အသက်ကို ငဲ့ကွက်မှုမရှိဘဲ မဆုတ်မနစ် ခရီးနှင်ခဲ့သည်။

မည်မျှပင်အခက်အခဲရှိရှိ အချိန်မီရောက်အောင် သွားမည်ဖြစ်ကြောင်း ခိုင်မာသည့် ဆုံးဖြတ်ချက်အတိုင်း ခရီးဆက်ခဲ့ပြီး နောက်ဆုံးတွင် နစ်မြုပ်စက်လှေရှိရာနေရာသို့ ရောက်ရှိခဲ့သည်။ နစ်မြုပ်စက်လှေသို့ ကပ်မရသဖြင့် အသက်ကယ်ဖောကွင်း ချည်ထားသောကြိုးကို ပစ်ပေးပြီး တစ်ဦးချင်း ကြိုးအတိုင်းကူးလာစေကာ လှေပေါ်သို့ဆွဲတင်၍ ရှေးဦးသူနာပြုနည်းများဖြင့် စနစ်တကျဆောင်ရွက်ခဲ့သည့်အတွက် လေးဦးလုံး အသက်ရှင်လျက် လှေပေါ်သို့ ကယ်တင်နိုင်ခဲ့ချိန်တွင် နစ်မြုပ်နေသည့်စက်လှေမှာလည်း ရေအောက်သို့ လုံးဝရောက်ရှိသွားပြီဖြစ်သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များသည် ပရဟိတအခြေခံ စိတ်ဓာတ်၊ ကူညီကယ်ဆယ်လိုသည့် စိတ်ဓာတ်၊ ခိုင်မာပြတ်သား ရဲဝံ့စွန့်စားလိုသည့် စိတ်ဓာတ်များကို အရင်းခံကာ ဘေးဒုက္ခကျရောက်နေသူ ပြည်သူ လေးဦးကို သက်စွန့်ကြိုးပမ်း ကူညီကယ်ဆယ်လိုက်ခြင်းဖြစ်သည်။

ထိုသို့ မိမိတို့အသက်ကို ပဓာနမထားဘဲ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် စစ်တွေမြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဟန်စိုး အပါအဝင် မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးကို နိုင်ငံတော်က ၂၀၂၀ ပြည့်နှစ် စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် ရဲကျော်စွာတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

## စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု

မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် မိမိတို့ အသက်ကို ပဓာနမထားဘဲ ပြည်သူလူထုအတွက် စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကို နိုင်ငံတော်က စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့တံဆိပ်များအနေဖြင့် ရဲသီဟတံဆိပ်၊ ရဲသူရတံဆိပ်နှင့် ရဲဗလတံဆိပ်၊ စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်အနေဖြင့် ရဲသူရိန်တံဆိပ်၊ ရဲကျော်စွာတံဆိပ်နှင့် ရဲကျော်သူတံဆိပ်များ ပေးအပ်ချီးမြှင့်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် ရဲဗလ တံဆိပ်နှင့် ရဲကျော်စွာတံဆိပ်ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးက ရရှိခဲ့သည်။

အသက်ကယ်ဆယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၂၄ နာရီ အသင့်ဖြစ်နေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာပစ္စည်းများကို အချိန်အခါမရွေး ကာကွယ်စောင့်ရှောက်ခြင်း၊ လေ့ကျင့်သားပြည့်ဝခြင်း၊ မည်သို့ပင်ခက်ခဲကြမ်းတမ်းနေပါစေ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားလိုစိတ်ရှိခြင်း၊ လျင်မြန်ဖျတ်လတ်မှုရှိခြင်း၊ ကျွမ်းကျင်မှုရှိခြင်း၊ ပေးအပ်သောတာဝန်နှင့် ဝတ္တရားများကို ကျေပွန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရာ၌ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်သွယ်မှုရှိပြီး တစည်းတလုံးတည်း ညီညွတ်စွာဖြင့် စုပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်း၊ မီးသတ်ဦးစီးဌာန၏ စွမ်းရည်(၄)ရပ်ဖြစ်သော မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များကို တိကျစွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းများကြောင့် ဂုဏ်ထူးဆောင်တံဆိပ်များကို ပေးအပ်ချီးမြှင့်လျက်ရှိသည်ဟု မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

## မီးသတ်ဦးစီးဌာန

ထိုသို့ စွမ်းဆောင်ရည်ပြည့်ဝသော မီးသတ်တပ်ဖွဲ့ဝင်များကို ပျိုးထောင်ပေးရာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ စတင်ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းကို ကြည့်မည်ဆိုပါက မြန်မာသက္ကရာဇ် ၄၁၆ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၀၄၄ ခုနှစ်တွင် နန်းတက်ခဲ့သော ပုဂံဘုရင် အနော်ရထာမင်း လက်ထက်တွင် နိုင်ငံတော် မီးဘေးကာကွယ်ရေးအတွက် **“သောသောညံ ပုဂံမီးဆော်မောင်း”** ဟူသော ဆောင်ပုဒ်အတိုင်း ပုဂံခေတ်အခါ မီးကပ်သား (မီးသတ်တပ်သား) ၆၆၃ ဦး ခန့်ထားပြီး မီးဘေးကာကွယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

အလောင်းဘုရား ကုန်းဘောင်ခေတ် (၁၇၅၂ – ၁၇၆၀) အလောင်းမင်းတရား လက်ထက်တွင် ရန်ကုန်မြို့ စဥ့်အိုးတန်းရပ်ကွက်၌ မီးကြီးလောင်သဖြင့် မီးသတ်တပ်သား ၁၀၀၀ ခန့် စေလွှတ် ငြိမ်းသတ်ခဲ့ရကြောင်း၊ ထို့အတူ မင်းတုန်းမင်းလက်ထက်တွင် မီးသတ်တပ်ဖွဲ့ဖွဲ့စည်းကာ ပြည်သူလူထု၏ မီးဘေးလုံခြုံရေး ဆောင်ရွက်ခဲ့ကြောင်းနှင့် နန်းတွင်းအမိန့်တော်ပြန်တမ်းများအရ အင်းဝခေတ်၊ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ် စသည့် သမိုင်းခေတ်အဆက်ဆက် ရှေးမြန်မာမင်းများလက်ထက်တွင် မီးသတ်တပ်ဖွဲ့ကိုဖွဲ့စည်းပြီး ပြည်သူလူထု၏ မီးဘေးလုံခြုံရေးကို ဆောင်ရွက်ခဲ့သည်။

## ဗြိတိသျှအစိုးရလက်ထက် မီးသတ်တပ်ဖွဲ့

ဗြိတိသျှကိုလိုနီခေတ်တွင် မီးလောင်မှုများ မကြာခဏဖြစ်ပွားခဲ့ရာ နယ်ချဲ့တို့က ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့ပိုင် စည်းစိမ်ဥစ္စာပစ္စည်းများ ကာကွယ်ရန်အတွက် နိုင်ငံခြားသားများသာပါဝင်သော မီးသတ်အဖွဲ့ကို ၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများတည်ရှိရာ ဒေသများတွင်သာ မီးသတ်အဖွဲ့ကို မြူနီစီပယ်အက်ဥပဒေအရ မြူနီစီပယ် မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

## စစ်ပြီးခေတ် မီးသတ်တပ်ဖွဲ့

စစ်ပြီးခေတ်တွင် မြန်မာမျိုးချစ်လူငယ်များသည် မိမိတို့၏ ရပ်ရွာများကို ကာကွယ်ရန်အတွက် နိုင်ငံအနှံ့အပြား၌ အပျော်တမ်းမီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့မှတစ်ဆင့် မီးသတ်အစည်းအရုံးများအဖြစ် ဖွဲ့စည်းကာ မီးဘေးကာကွယ်ရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လာကြသည်။

## မီးသတ်တပ်ဖွဲ့နေ့ဖြစ်ပေါ်လာပုံ

တစ်နိုင်ငံလုံးရှိ မီးသတ်အစည်းအရုံးများကို စုစည်းညီညွတ်စေရန်အတွက် ၁၉၄၆ ခုနှစ် မေလ ၅ ရက်တွင် ရန်ကုန်မြို့ ကန်တော်ကလေးရှိ မိန်းကလေးကျောင်းခန်းမ၌ ပထမအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးကြီးညီလာခံကိုကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်၍ မီးသတ်ဆိုင်ရာ မိန့်ခွန်းပြောကြားခဲ့သည်။

အဆိုပါ ညီလာခံတွင် **“မီးသတ်လုပ်ငန်းက မြန်မြန်ထက်ထက်နဲ့ ရဲရဲဝံ့ဝံ့ လုပ်ဆောင်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် သူရဲကောင်းတွေရဲ့ လုပ်ငန်းတစ်ရပ်လို့ ယူဆတယ်။ သူများကောင်းကျိုးအတွက် ကူညီဆောင်ရွက်တဲ့ စေတနာ့ဝန်ထမ်း လုပ်ငန်းတွေမှာ ဒီလိုသူရဲကောင်း စိတ်တွေမွေးပြီး ကူညီဝိုင်းဝန်းဖို့ လုပ်ဆောင်ရမယ်။ မီးသတ်သမားတွေကို မီးမလောင်ခင်က ကိရိယာတန်ဆာပလာ အပြည့်အစုံရှိဖို့နဲ့ မီးလောင်လျှင် အမြန်ဆုံးသွားရောက် ငြိမ်းသတ်နိုင်ဖို့ ပညာတွေ သင်ကြားပေးရမယ်”** ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။

ညီလာခံကျင်းပသည့် မေလ ၅ ရက်ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အဖြစ် စတင်သတ်မှတ်ကျင်းပလာခဲ့ရာ ယခု ၂၀၂၀ ပြည့်နှစ်တွင် ၇၄ နှစ် တိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် မိုးကြိုးမုန်တိုင်းနှင့် မုန်တိုင်းများ၊ မြစ်ချောင်းများမှ ဖြစ်ပေါ်လာနိုင်သည့် ရေကြီးမှုနှင့် ငလျင်ဘေးများ စသည့် သဘာဝဘေးအန္တရာယ်များအပြင် ခေတ်မီအသုံးအဆောင်များ၊ လျှပ်စစ်ပစ္စည်းများ တိုးတက်လာမှုနှင့်အတူ မီးလောင်မှုများသည် အသွင်အမျိုးမျိုးဖြင့် ဖြစ်ပေါ်လျက်ရှိသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသော ဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းလမ်းညွှန်မှုများနှင့်အညီ မီးသတ်ဦးစီးဌာနသည် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်၊ သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန် စသည့် အဓိက တာဝန် (၄) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

## တိုးချဲ့ဖွဲ့စည်း

၂၀၁၆ ခုနှစ်မတိုင်မီက အရာထမ်း ၆၆၂ ဦးနှင့် အမှုထမ်း ၂၃၇၁၄ ဦး စုစုပေါင်း၂၄၃၇၆ ဦး ရှိရာမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မီးသတ်တပ်ဖွဲ့၏ ဖွဲ့စည်းပုံကို ပြောင်းလဲခဲ့သဖြင့် အရာထမ်း ၇၃၅ ဦးနှင့် အမှုထမ်း ၂၃၈၆၄ ဦး စုစုပေါင်း ၂၄၅၉၉ ဦးအထိ တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့သည်။

*စာမျက်နှာ ၉ သို့*

**“မီးသတ်လုပ်ငန်းက မြန်မြန်ထက်ထက်နဲ့ ရဲရဲဝံ့ဝံ့ လုပ်ဆောင်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် သူရဲကောင်းတွေရဲ့ လုပ်ငန်းတစ်ရပ်လို့ ယူဆတယ်။ သူများကောင်းကျိုးအတွက် ကူညီဆောင်ရွက်တဲ့ စေတနာ့ဝန်ထမ်းလုပ်ငန်းတွေမှာ ဒီလိုသူရဲကောင်းစိတ်တွေမွေးပြီး ကူညီဝိုင်းဝန်းဖို့ လုပ်ဆောင်ရမယ်။ မီးသတ်သမားတွေကို မီးမလောင်ခင်က ကိရိယာတန်ဆာပလာ အပြည့်အစုံရှိဖို့နဲ့ မီးလောင်လျှင် အမြန်ဆုံးသွားရောက် ငြိမ်းသတ်နိုင်ဖို့ ပညာတွေ သင်ကြားပေးရမယ်” ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့**

*စာမျက်နှာ ၈ မှ*

မီးဘေးလုံခြုံရေးလုပ်ငန်းများ၊ မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ်နှင့် ရုတ်တရက်ဖြစ်ပွားသောဘေးအန္တရာယ်များအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ မီးဘေးလုံခြုံရေး အသိပညာရပ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ စေရေးအတွက် လှုံ့ဆော်ပညာပေးခြင်းတို့အပြင် မီးသတ်ဝန်ထမ်းများနှင့်အတူ စေတနာ့ဝန်ထမ်းများ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၄၃၉၂ ဦးကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။

## မီးသတ်စခန်းများတိုးချဲ့ဖွဲ့စည်း

ဖွဲ့စည်းပုံတိုးချဲ့လာခြင်းနှင့်အတူ ၂၀၁၆ ခုနှစ် ဧပြီလမတိုင်မီ မီးသတ်ဦးစီးမှူးရုံးနှင့် မီးသတ်စခန်းများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးမှူးရုံး ၁၅ ရုံး၊ ခရိုင်မီးသတ် ဦးစီးမှူးရုံး ၇၃ ရုံး၊ ခရိုင်မီးသတ်စခန်း ၇၃ စခန်း၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၃၃၀၊ မြို့နယ် မီးသတ်စခန်း ၃၃၀ နှင့် နယ်မြေမီးသတ်စခန်း ၇၀၃ စခန်းအထိ တိုးချဲ့ဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ လူနေအိမ်ခြေအဆောက်အဦများဖွံ့ဖြိုးမှု၊ အထပ်မြင့် အဆောက်အဦများတိုးတက်မှု၊ ဆေးရုံ၊ ကျောင်း၊ ဘာသာရေးအဆောက်အဦများ၊ ခေတ်မီလူသုံးကုန်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် လောင်စာဆီများ ပိုမိုအသုံးပြုမှုနှင့် စက်မှုဇုန်များတိုးချဲ့လာသည့်အတွက် မီးသတ်စခန်းအသစ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို လိုအပ်ချက်အရ တိုးချဲ့ခဲ့ပြီး လိုအပ်သော မီးသတ်ယာဉ်စက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ခေတ်မီမီးငြိမ်းသတ်ယာဉ် ၃၄၆၄ စီးကို မီးသတ်စခန်းများအလိုက် ဖြည့်တင်းခဲ့သည်။

ထို့ပြင် နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်နှင့် အခြားရုတ်တရက်ဖြစ်ပွားသော မတော်တဆ ဘေးအန္တရာယ်များဖြစ်ပွားလာပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ အလျင်အမြန်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်တစ်ခုလျှင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်အင်အား ၃၅ ဦးစီ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များတွင် အင်အား ၁၁၆ ဦးပါရှိသည့် ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ တစ်ခွဲစီဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန်ထားရှိသည်။

ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို နိုင်ငံတကာနည်းတူ ဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာရှာဖွေကယ်ဆယ်ရေး အကြံပေးအဖွဲ့ – INSARAG ၏ သတ်မှတ်ချက်နှင့်အညီ Insarag Light Team ကို အင်အား ၂၈ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ကယ်ဆယ်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

## ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများဖြည့်ဆည်း

နိုင်ငံ၏ ပထဝီအနေအထားအရ ရေဘေး၊ လေဘေး၊ ငလျင်ဘေးနှင့် မီးဘေး စသည့် ဘေးအန္တရာယ်များ ဖြစ်ပွားမှုများပြားသည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၏ နည်းပညာရပ်ဆိုင်ရာ အတွေ့အကြုံနှင့် အရည်အသွေးကောင်းသည့် ယာဉ်/စက်ပစ္စည်းကိရိယာများ လိုအပ်ခြင်းတို့ကို ဘဏ္ဍာရေးနှစ်အလိုက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးကဏ္ဍခွဲခြား၍ မြေပြင်သုံးပစ္စည်းကိရိယာများနှင့်ရေပြင်သုံးပစ္စည်းကိရိယာများ စသည်ဖြင့်ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ဖြည့်တင်းပေးနိုင်ခဲ့သည်။

## လုပ်ငန်းစွမ်းရည်တိုးတက်

အလားတူ မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်ပြည့်ဝစေရေးအတွက် ဂျပန်၊ ထိုင်း၊ ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ ပိုလန်၊ စပိန်၊ တရုတ်၊ နော်ဝေ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် အိန္ဒိယ စသည့်နိုင်ငံများသို့ သင်တန်းသားများစေလွှတ်ခြင်းနှင့် သင်တန်းနည်းပြများခေါ်ယူခြင်းဖြင့် မီးငြိမ်းသတ်ရေးနည်းစနစ်များ၊ ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များနှင့် အိုင်တီနည်းပညာများကို ကျွမ်းကျင်တတ်မြောက်စေရန် သင်တန်းများ ပေးလျက်ရှိသည်။

## ဌာနတွင်းလေ့ကျင့်

ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်) နှင့် လေ့ကျင့်ရေးဌာနစု (ရန်ကုန်) တို့တွင် တပ်ဖွဲ့ဝင်များ၏ ရာထူးအဆင့်အတန်းအလိုက် (အရာရှိ/အခြားအဆင့်) မီးဘေးလုံခြုံရေးဆိုင်ရာ နည်းပညာများ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ နည်းပညာများ၊ စီမံခန့်ခွဲရေးဆိုင်ရာ နည်းပညာများနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ပညာရပ်များအတွက် သင်တန်းအမျိုးအစားပေါင်း ၁၈ ခုကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်ရှိ လေ့ကျင့်ရေးဌာနစု(ရန်ကုန်)၌ သင်တန်း ၅၁ ကြိမ်တွင် သင်တန်းသား ၂၀၆၅ ဦးနှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)၌ သင်တန်း ၄၄ ကြိမ်တွင် သင်တန်းသား ၇၄၆၃ ဦး ကို သင်ကြားပေးနိုင်ခဲ့သည်။

မီးဘေးလုံခြုံရေး အသိပညာများ ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာနကို ၂၀၁၃ ခုနှစ် မေလ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်လမ်းတွင် ဖွင့်လှစ်ခဲ့သည်။ မီးသတ် သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာနတွင် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ဈေးများ၊ စက်ရုံ/အလုပ်ရုံများနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများ၏ မီးဘေးလုံခြုံရေးလုပ်ငန်းများကို မီးသတ်ဦးစီးဌာနကိုယ်စား တာဝန်ယူဆောင်ရွက်နိုင်ရန်၊ မီးဘေး လုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူများအတွင်း မီးသတ်ပညာရပ်များ စိမ့်ဝင်ပျံ့နှံ့စေရန် မီးဘေးလုံခြုံရေး တာဝန်ခံ (Fire Safety Manager) သင်တန်းကို ၂၀၁၃ ခုနှစ်မှစတင်၍ သင်တန်းတစ်ကြိမ်လျှင် သင်တန်းသားဦးရေ ၅၀ ဖြင့် ဖွင့်လှစ်ခဲ့ရာ လက်ရှိသင်တန်းအမှတ်စဉ် ၆၄ အထိ သင်တန်းသား ၃၁၄၄ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။



**ပိုလန်နိုင်ငံ ODA အစီအစဉ်ဖြင့် ရရှိသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ်များ လက်တွေ့ကိုင်တွယ်ထိန်းသိမ်းနည်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေစဉ်။**

၂၀၁၉ ခုနှစ် ဧပြီလအထိ နိုင်ငံတော်တစ်ဝန်းလုံး၌ မီးလောင်မှု ၁၀၆၃ ကြိမ် ဖြစ်ပွားခဲ့ရာ လေ့ကျင့်သားပြည့်ဝနေသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ လူအင်အားနှင့် ခေတ်မီပစ္စည်းကိရိယာ အင်အားများ စနစ်တကျစုဖွဲ့ဆောင်ရွက်နိုင်မှုကြောင့် မီးငြိမ်းသတ်ကူညီကယ်ဆယ် ဆောင်ရွက်ခဲ့သည့်အပြင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုများတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများသည် ပြည်သူလူထုအတွက် များစွာအကျိုးရှိ ထိရောက်အောင်မြင်ခဲ့သည်ကို တွေ့မြင်ရသည်။

## မီးလောင်ပြင်စောင့်ကြည့်ကွပ်ကဲမှုစနစ်

မီးသတ်တပ်ဖွဲ့ဝင်များ၏ ရည်မှန်းချက်တာဝန်များကို အထောက်အကူပြုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးရှိမြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် Command & Control Center ကို တည်ထောင်ထားရှိပြီး ရန်ကုန်မြို့၏ မီးဘေးလုံခြုံရေးကို စောင့်ကြည့်ကွပ်ကဲနိုင်ရန် Fire Services Operation Management System (FSOMS)၊ မီးသတ်ယာဉ်များ ထွက်ခွာမှုစနစ် (Vehicle Tracking System)၊ စောင့်ကြည့်မျှော်စင်စနစ် e – watching Tower System နှင့် 3G Camera System များ တပ်ဆင်ထားသည်။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားမတော်တဆမှုများ ဖြစ်ပွားပေါ်ပေါက်လာပါက တုံ့ပြန်ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် 3G Camera System များ တပ်ဆင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ မီးငြိမ်းသတ်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်ခဲ့သည်။

## ပိုလန်နိုင်ငံချေးငွေဖြင့် မီးသတ်ယာဉ်/စက်များဖြည့်တင်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အထပ်မြင့်အဆောက်အဦများ၊ ဆေးရုံ၊ ကျောင်း၊ ဘာသာရေး အဆောက်အဦများ၊ ခေတ်မီ လူသုံးကုန်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် လောင်စာဆီများ ပိုမိုအသုံးပြုလာ၍ မီးဘေးကြုံတင်ကာကွယ်ရေးအတွက် မီးသတ်စခန်းအသစ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များတိုးချဲ့ခဲ့ရာ စက်ပစ္စည်းကိရိယာ လိုအပ်ချက်များလည်း ရှိလာခဲ့သည်။

အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပိုလန်နိုင်ငံ အစိုးရ၏ ထောက်ပံ့ချေးငွေ (Organization For Economic Co–operation and Development–OECD)အစီအစဉ်ဖြင့် ယူရိုငွေသန်း ၅၀ တန်ဖိုးရှိ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးသုံး ဆက်စပ်ပစ္စည်းများကို အကူအညီရရှိခဲ့သည်။

ယင်းမီးသတ်ယာဉ်များ ကိုင်တွယ်ထိန်းသိမ်းနည်းစနစ်များကို ပိုလန်နိုင်ငံသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များကို သွားရောက်သင်ကြားစေခဲ့သည့်အတွက် မီးသတ်ဦးစီးဌာန၏ မြို့ပြမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာ အထောက်အကူများရရှိခဲ့ပြီး လက်ရှိနှင့် အနာဂတ် ကာလတွင် ဖြစ်ပွားကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုအခက်အခဲများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

## နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ဆောင်ရွက်

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအလိုက် မီးဘေးကာကွယ်တားဆီးရေးအတွက် တစ်အိမ်တက်ဆင်း အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်း၊ ရပ်ကွက်၊ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး၊ လူထုအသိပညာပေးဆောင်ရွက်ခြင်း၊ အထပ်မြင့်အဆောက်အဦများ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်နှင့် ဈေးများ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးအကြံပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံနှင့် စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးအတွက် မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့အတူ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အသိပညာများ ကျောင်းသားလူငယ်ထုအကြားတွင် စိမ့်ဝင်ပျံ့နှံ့ စေရန် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ အသိပညာပေးအစီအစဉ် Kaeru Caravan Programme ကို တိုင်းဒေသကြီး၊ ပြည်နယ်များ၏ မြို့နယ်များရှိ စာသင်ကျောင်းများတွင် သရုပ်ပြသင်ကြားလျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီးလောင်မှုဖြစ်စဉ်များသည်လည်း ပုံစံမျိုးစုံဖြင့် ဖြစ်ပွားလျက်ရှိရာ မီးလောင်မှုအကြိမ်ရေနှင့် ဆုံးရှုံးမှုတန်ဖိုး လျှော့နည်းကျဆင်းစေရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေကို ၂၀၁၅ ခုနှစ် မတ်လ ၁၇ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး နည်းဥပဒေကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၁ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။

နိုင်ငံတကာမီးသတ်တပ်ဖွဲ့များနည်းတူ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးလျက် ၂၀၁၃ ခုနှစ်မှစတင်ပြီး အထပ်မြင့်အဆောက်အဦ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းအတွက် အထပ်မြင့်အဆောက်အဦ ၆၈၃၁ လုံးကို စစ်ဆေးအကြံပြုနိုင်ခဲ့ပြီး ဆောင်ရွက်ခရငွေ ငွေကျပ်သန်း ၁၃၁၄၄ ကျော်ကို နိုင်ငံတော်ဝင်ငွေအဖြစ် ပေးသွင်းနိုင်ခဲ့ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ အကူအညီတောင်းခံနိုင်ရန်၊ တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူတို့၏ အားကိုးယုံကြည်မှုရရှိနိုင်စေရန်အတွက် အိုင်တီနည်းပညာဖြင့် 191 Report Application ကို ၂၀၁၉ ခုနှစ် မတ်လတွင် စတင်ရေးဆွဲပြီး အသုံးပြုလျက်ရှိရာ 191 Report သို့ သတင်းပေးပို့မှု ၃၆၆ ခုရှိခဲ့သည်။

အလားတူ မီးလောင်မှုနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နေမှုနောက်ဆုံးရ အခြေအနေများကို မီးသတ်ဦးစီးဌာန Website နှင့် Facebook Page တို့မှ အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးခဲ့သည့်အတွက် ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုကို လျော့ပါးစေသည့်အပြင် ယုံကြည်ကိုးစားမှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်နိုင်မှုကို ပြသနိုင်ခဲ့သည်။

ထို့အတူ မီးလောင်မှုများတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခဲ့ကြသည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မိမိတို့သင်ကြား တတ်ကျွမ်းသည့် နည်းပညာနှင့် နည်းစနစ်များကို ကောင်းစွာအသုံးချ ဆောင်ရွက်သည့်အပြင် လုံခြုံရေးပိုင်းတွင် အဖိုးတန်ပစ္စည်း၊ ရတနာများကို မပျောက်မရှစေဘဲ ထိန်းသိမ်းဆောင်ရွက်မှုသည် တပ်ဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည် သာမက ဂုဏ်သိက္ခာနှင့် အကျင့်စာရိတ္တ၊ စိတ်ဓာတ်ပိုင်းတွင် ပြည်သူများ၏ အားကိုးယုံကြည်မှုရှိစေခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်သဖြင့် မီးလောင်မှုအကြိမ်ရေနှင့် ဆုံးရှုံးမှုတန်ဖိုးများ လျော့နည်းကျဆင်းလာခဲ့သည့်အပြင် တပ်ဖွဲ့ဝင်အင်အားနှင့် မီးသတ်ယာဉ် စက်ကိရိယာများ တိုးမြှင့်ဖြည့်ဆည်းပေးမှုကြောင့် ပြည်သူများအတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပိုမိုထိရောက်လျင်မြန်စွာ ကူညီကယ်ဆယ်ဆောင်ရွက်လာနိုင်ခဲ့သည်။

တိုးတက်ပြောင်းလဲနေသည့် မီးငြိမ်းသတ်ရေး နည်းပညာရပ်များနှင့် ရှာဖွေကယ်ဆယ်ရေးနည်းပညာရပ်များကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက ဖြည့်ကျင့်ဆည်းပူးလျက်ရှိကြသည့်အပြင် မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် လေ့ကျင့်သားပြည့်ဝပြီး ကူညီကယ်ဆယ်လိုသည့် မွန်မြတ်စိတ်ထားဖြင့် ရဲရဲဝံ့ဝံ့စွမ်းဆောင်ကြိုးပမ်းလျက်ရှိရာ မွန်မြတ်စိတ်ထားဖြင့် စွန့်စားဝံ့သူများအဖြစ် (၇၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

## မော်လမြိုင်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး ကိုယ်ပူ၊ ဖျားနာ ဆေးကုခန်း ဖွင့်လှစ်ကုသပေး

**မော်လမြိုင် မေ ၄**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ် ကိုဗစ်- ၁၉ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ကိုယ်ပူ၊ ဖျားနာ ဆေးကုခန်းကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ဖွင့်လှစ်ခဲ့သည်။

"ဒီဆေးခန်းမှာ အဓိက ဖျားတဲ့သူ၊ ချောင်းဆိုးတဲ့သူ၊ နှာစေးတဲ့သူ၊ လည်ချောင်းနာတဲ့လူ အဲဒါမျိုးတွေကို အဓိကကြည့်ပေးတာပေါ့။ ဖျားနာကုဆေးခန်းမှာတော့ ဖျားတဲ့လူ မည်သူမဆိုလာရောက်ပြသလို့ရတယ်။ ကုသချိန်ကတော့ နံနက် ၉ နာရီကနေပြီးတော့ မွန်းတည့် ၁၂ နာရီထိဖြစ်တယ်၊ ကိုဗစ်-၁၉ ကြောင့် အပြင်ဆေးခန်းတော်တော်များများဟာ ပိတ်ထားကြတယ်၊ ပိတ်ထားကြတဲ့အတွက် အဖျားရှိတဲ့လူတွေ၊ ဖျားတဲ့လူတွေ၊ ချောင်းဆိုးတဲ့လူတွေ ဘယ်ကိုသွားပြရမှန်းမသိဘူးဖြစ်နေတယ်၊ အဲဒါကြောင့်မို့ နှာစေး၊ ချောင်းဆိုး၊ ဖျားနာလူနာတွေအတွက် လာပြလို့ရအောင် Fever Clinic ကို ဒီဆေးရုံမှာ ဖွင့်လှစ်ရခြင်းဖြစ်တယ်လို့" အထူးကုဆရာဝန်ကြီး (သမားတော်) ဒေါက်တာဥမ္မာမြင့်ရှိန်က ပြောသည်။




အဆိုပါ ဆေးကုခန်းဖွင့်ပွဲကို မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာ ထိန်လင်း၊ မော်လမြိုင်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကုဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး Fever Clinic ဆေးကုခန်းအတွက် လူမှုရေးဝန်ကြီးက မျက်နှာဖုံးအကာ နှာခေါင်းစည်း၊ လက်အိတ်နှင့် ဆပ်ပြာများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဝေလင်း (ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်တွင် မြစ်ကမ်းပါးပြိုကျ နေအိမ်ပျက်စီးမှုအတွက် လက်ဝယ်အရောက်ထောက်ပံ့

**မော်လမြိုင်ကျွန်း မေ ၄**

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ယမန်နေ့က အမှတ် (၉) ရပ်ကွက်၊ ယမုံနာလမ်းနေ ဦးမင်းထိုက် (၃၀)နှစ်၏ အလျား ၁၅ ပေ၊ အနံ ၁၅ ပေရှိ နေအိမ်သည် မြစ်ကမ်းပါးပြိုကျ၍ နေအိမ်ပြိုကျပျက်စီးခဲ့သည်။

အဆိုပါကမ်းပါးပြိုကျ၍ နေအိမ်ပျက်စီးသွားသော ဦးမင်းထိုက် မိသားစုဝင်များအား ၎င်းတို့ဆွေမျိုးများ၏ နေအိမ်တွင် ခေတ္တတည်းခို နေထိုင်နိုင်ရေး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်ထားပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ဆန်ရိက္ခာ ခုနစ်ရက်စာဖိုး ငွေကျပ် ၁၄၇၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၁၄၇၀၀ နှင့် ကယ်ဆယ်ရေး ပစ္စည်း ၁၆ မျိုးကို မေ ၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေး၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ဦးစီးမှူးဒေါ်ဇာဇာလင်းတို့က ဘေးသင့်ပြည်သူ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**



ကမ်းပါးပြိုကျပြီး နေအိမ်အချို့ပျက်စီးမှုကို တွေ့ရစဉ်။

## ဖျာပုံမြို့၌ ကိုဗစ်-၁၉ ကာကွယ်နိုင်ရေးအတွက် အနေ့ယာဉ်လုပ်သားများအား အဝတ်နှာခေါင်းစည်း ၁၆၀၀ အခမဲ့ဖြန့်ဝေ

**ဖျာပုံ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုတစ်ရပ်အဖြစ် မေ ၄ ရက်က ဖျာပုံမြို့ပေါ်ရှိ အနေ့ယာဉ်လုပ်သား ဆိုက်ကားဆရာများအား အဝတ်နှာခေါင်းစည်း ၁၆၀၀ ကို အခမဲ့ ဝေငှပေးသည်။

ယင်း အစီအစဉ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်၊ တိုင်းဒေသကြီး အမှတ် (၁)လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်း၊ တိုင်းဒေသကြီး အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်၊ ခရိုင်နှင့်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် ဝိုင်းဝန်းကူညီပေးသည့် လူငယ်များ ပူးပေါင်း၍ ဖျာပုံမြို့ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရတနာလမ်းနှင့် ဘိုကလေးကားလမ်းထောင့်၊ (၁၃)လမ်းနှင့် မီးပွိုင့်ထောင့်၊ ဧရာဝတီသဘော်ဆိပ်၊ ညောင်တုန်းဈေးထိပ်၊ မာလာမြိုင်လမ်းနှင့် ၅ လမ်းထောင့်၊ (၁၇)ရပ်ကွက်ဈေးထိပ်နေရာများတွင် အနေ့ယာဉ်လုပ်သား ဆိုက်ကားဆရာများအား အဝတ်နှာခေါင်းစည်း ၁၆၀၀ ကို အခမဲ့ဝေငှပေးသည်။



ထို့အတူ ဖျာပုံမြို့ရှိ ဆန်စက်ဆန်ကုန်သည်များအသင်းမှလည်း အနေ့ယာဉ်လုပ်သား ၂၅၀ အားတစ်ဦးလျှင် ဆန်တစ်ပြည်နှုန်းဖြင့် ပေးဝေလှူဒါန်းခဲ့ကြသည်။ (ဓါတ်ပုံ)

ဖျာပုံမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဧပြီလ နောက်ဆုံးပတ်အတွင်းက ဖျာပုံမြို့မဈေး၊ မြောက်ပိုင်းဈေး၊ ညောင်တုန်းဈေး၊ အပြောင်ဈေး၊ (၁၈)ရပ်ကွက်ဈေး၊ (၁၇)ရပ်ကွက်ဈေး၊ ကျုံကူကျေးရွာဈေးများ၌ ဈေးဝယ် ဈေးရောင်းကြသူများအနေဖြင့် နှာခေါင်းစည်းများ တပ်ဆင်ဝယ်ယူရောင်းချကြရန် အသိပညာပေးလှုပ်ရှားမှုများနှင့်အတူ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ပင်းတယမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် မြို့ဝင်မြို့ထွက် ကျန်းမာရေးစစ်ဆေးခြင်း ဆောင်ရွက်

**ပင်းတယ မေ ၄**

ကိုဗစ်-၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့အဝင်ပေါက်၌ ဝင်ထွက်သွားလာနေသည့် မဖြစ်မနေခရီးသွားလာနေရသည့် ပြည်သူများအား နေ့စဉ်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် ကိုယ်ပူချိန်တိုင်းပေးခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပင်းတယမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များက မြို့အဝင်အထွက် ဂိတ်များ၌ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကို ရပ်တန့်စေ၍ လက်ဆေးခြင်း၊ ကိုယ်ပူချိန်တိုင်းတာပေးခြင်းနှင့် နှာခေါင်းစည်းများ မပါခဲ့ပါက အခမဲ့တပ်ဆင်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခြင်းစသည့် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## ကျောက်မဲမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လူအဝင်အထွက်များ စစ်ဆေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိ

**ကျောက်မဲ မေ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန် အတွက် မြို့အဝင် ပင်လုံလမ်းမပေါ်၌ ကျန်းမာရေးစစ်ဆေးရေး စခန်းထားရှိပြီး ပြည်ပနိုင်ငံများနှင့် ပြည်တွင်းခရီးသွားများမှ ပြန်လာသူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လာသူများနှင့် ကိုဗစ်-၁၉ ဖြစ်ပွားသူရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ပြန်လာသူများကို Community Base Facility Quarantine နေရာ(သို့) Home Quarantine နေရာများသို့ ပို့ဆောင်ထားရှိပေးခြင်း လုပ်ငန်းများကို မတ် ၂၆ ရက်မှစ၍ အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဧပြီ ၂၈ ရက်မှစ၍ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမပေါ်ရှိ မြို့အဝင် (OHC) တိုးဂိတ် နေရာတွင် အလားတူ စစ်ဆေးရေးစခန်း တစ်ခု ထပ်မံထားရှိပြီး ပြည်ပနိုင်ငံများမှ ပြန်လာသူများကို ကျန်းမာရေးစစ်ဆေးခြင်း၊ စာရင်းကောက်ယူခြင်း၊ သက်ဆိုင်ရာမြို့နယ်သို့ လွှဲပြောင်းပေးပို့ခြင်း၊ ညအိပ်ရပ်နားနိုင်ရန်စီစဉ်ပေးခြင်းနှင့် အခြားလိုအပ်သည်များ ကူညီပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အထိ ကျောက်မဲမြို့(OHC) တိုးဂိတ်မှ တစ်ဆင့် ဖြတ်သန်းသွားလာသည့် ပြည်ပမှ ပြန်လာသူ ၃၉၃၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကျောက်မဲမြို့ပေါ်တွင် သွားလာကန့်သတ်စောင့်ကြည့်နေရာ လေးနေရာရှိပြီး မြို့နယ်အတွင်း သက်ဆိုင်ရာ ကျေးရွာအုပ်စုများတွင်လည်း ကန့်သတ်စောင့်ကြည့်နေရာများ စီစဉ်ထားရှိပေးလျှက်ရှိရာ ပြည်ပနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များထဲမှ ကျောက်မဲမြို့ပေါ်နေ ပြည်သူများကို ကျောက်မဲမြို့ပေါ်ရှိ Community Base Facility Quarantine တွင် ပို့ဆောင်ထားရှိပြီး မြို့ပေါ်နေပြည်သူများမဟုတ်သည့် နေရပ်ပြန်များကို သက်ဆိုင်ရာကျေးရွာအုပ်စုသို့ လွှဲပြောင်းပေးပို့ပေးကြောင်း သိရသည်။

မေ ၃ ရက်တွင် ကျောက်မဲမြို့သို့ တရုတ်ပြည်မှ ပြန်လည်ဝင်ရောက်လာသူ ၁၆ ဦးရှိပြီး မေ ၃ ရက် စာရင်းအရ ကျောက်မဲမြို့ပေါ်ရှိ Community Base Facility Quarantine နေရာတွင် အသွားအလာ ကန့်သတ် စောင့်ကြည့်ထားသူပေါင်း ၁၀၂ ဦးရှိကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

## မိုးတွင်းကာလ ရေကြီးရေလျှံမှု မဖြစ်စေရေးအတွက် လှိုင်သာယာ၌ ရေမြောင်းများ စနစ်တကျတူးဖော်

**လှိုင်သာယာ မေ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မိုးရာသီတွင် ရေကြီး၊ ရေလျှံမှုမရှိစေရေးအတွက် အဓိကကျသောရေမြောင်းများမှစတင်၍ စနစ်တကျတူးဖော်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေမြောင်းတူးဖော်ခြင်း ဆောင်ရွက်ရာတွင် လှိုင်သာယာမြို့နယ် အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်က အဓိကကျသော ညောင်တုန်းလမ်းဘေးတစ်လျှောက်ရှိ ရေမြောင်းများ တူးဖော်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြသန္တာဝင်း (ပြန်/ဆက်)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**

# ကော့သောင်းနှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက် နံနက် ၁၁ နာရီက ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် တပင်ရွှေထီးလမ်း သုံးခန်းတွဲတန်းလျား အခန်း(၁)နေ ဖြိုးမင်းဦး(ခ)ဖိုးခွား၏ အခန်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆၀ ၊ ဘိန်းစာမှုန့် ဝ ဒသမ ဝ၆ ကီလို၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် တပ်ကုန်းလမ်း အမှတ်(၃၇၅)ရှိ စိုးမင်းထွန်း(ခ)သားကြီး (ခ) ကလင်၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀ ၊ ငွေကျပ် ၆၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နမ့်တွန်းကျေးရွာအုပ်စု နမ့်ဟူးကျေးရွာနေ မလူရှောက်ဆီ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၂၀၀၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ



မလူရှောက်ဆီအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဒေသန္တရအမိန့် ဖောက်ဖျက် ကျူးလွန်သူများအား အရေးယူထား

## ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ထုတ်ပြန်ထားသော ဒေသန္တရအမိန့် မလိုက်နာသူ ၁၁ ဦးအား မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် မြို့နယ်တရားရုံးက အလုပ်မဲ့ထောင်ဒဏ် တစ်လစီ ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ဒလမြို့နယ် သတ်မှတ်နယ်နိမိတ်အတွင်း နေအိမ်ပြင်ပသို့ ထွက်ခွာခြင်း၊ စုဝေးခြင်းများကို ဧပြီ ၁၈ ရက်မှစ၍ နှစ်လတိတိ နေ့စဉ် ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း ဆောင်ရွက်ခြင်းမပြုလုပ်ရန် ညမထွက်ရအမိန့် ထုတ်ပြန်ကြေညာထားရာ ဧပြီ ၂၈ ရက်တွင် သုံးဦး၊ ဧပြီ ၂၉ ရက်တွင် ငါးဦး၊ ဧပြီ ၃၀ ရက်တွင် သုံးဦး၊ မေ ၄ ရက်တွင် ၁၁ ဦး စုစုပေါင်း ၂၂ ဦးတို့ကို မြို့နယ်တရားရုံးက အလုပ်မဲ့ ထောင်ဒဏ်တစ်လစီ ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## မြဝတီမြို့

ကရင်ပြည်နယ် မြဝတီမြို့အတွင်း ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရန် ဒေသန္တရအမိန့်အား လိုက်နာခြင်းရှိ/မရှိ မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးစဉ် မေ ၂ ရက် ည ၁၁ နာရီ မိနစ် ၅၀ က (၄)ရပ်ကွက်၌ ရဲမင်း(၃၈ နှစ်)ပါ၁၅ ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## တာချီလိတ်

ရှမ်းပြည်နယ် တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မေ ၃ ရက် နံနက် ၃ နာရီ ၄၅ မိနစ်က ညမထွက်ရန် ဒေသန္တရအမိန့်အား လိုက်နာခြင်း ရှိ/မရှိ မကာဟိုခမ်းရပ်ကွက်၌ လှည့်လည်စစ်ဆေးစဉ် အောင်ထွေး(၄၅ နှစ်)ပါ နှစ်ဦးအား ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ပျဉ်းမနား

နေပြည်တော် ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက် ည ၁၀ နာရီ မိနစ် ၄၀ က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မင်္ဂလာရပ်ကွက် စက်ရုံဘုန်းကြီးကျောင်းရှေ့ လမ်းမပေါ်တွင် နေလင်းအောင်(၃၇ နှစ်)အား တွေ့ရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ရွှေကူ

ကချင်ပြည်နယ် ရွှေကူမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဆန်းလွင်ဦးနှင့်အဖွဲ့သည် မေ ၄ ရက် နံနက် ၃ နာရီခန့်တွင် ဗိုလ်ချုပ်လမ်းမပေါ်တွင် ရွှေကူမြို့ အမှတ်(၂) ရပ်ကွက်နေထိုင်သူ ဇင်ကိုနှင့် လှိုင်မျိုးအောင်တို့ နှစ်ဦးအား တွေ့ရှိပြီး စစ်မေးရာ ညအချိန် ပြင်ပသို့ ထွက်လာသည့် ခိုင်လုံသည့် အကြောင်းတစ်စုံတစ်ရာ ပြောဆိုနိုင်ခြင်းမရှိကြောင်း သိရသည်။

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးအတွက် နေ့စဉ် ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ နေအိမ်ပြင်ပသို့ ထွက်ခွာခြင်းနှင့် စုဝေးခြင်းများ မပြုလုပ်ရန် ထုတ်ပြန်ထားသော ဒေသန္တရအမိန့် (၂/၂၀၂၀) အား လိုက်နာမှုမရှိသည့် ဇင်ကိုနှင့် လှိုင်မျိုးအောင်တို့ကို ရွှေကူမြို့နယ်တရားရုံးက အလုပ်နှင့် ထောင်ဒဏ်တစ်လ ချမှတ်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးအောင်(ပြန်/ဆက်)**

## ဒီပဲယင်း

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် စိုင်ပြင်မြို့တွင် ဧပြီ ၂၉ ရက် ည ၁၀ နာရီ ၃၇ မိနစ်က ပူးပေါင်းအဖွဲ့များ လှည့်ကင်းဆောင်ရွက်နေစဉ် အောင်ဖြိုးဟိန်းပါ ၁၀ ဦးအား ခိုင်လုံသော အကြောင်းတစ်စုံတစ်ရာမရှိဘဲ ညမထွက်ရအမိန့်ကို ဖောက်ဖျက်သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့သည်။

အဆိုပါအမှုကို မေ ၄ ရက်တွင် ဒီပဲယင်းမြို့နယ် တရားရုံးသို့တရားစွဲဆိုတင်ပို့ရာ အောင်ဖြိုးဟိန်းပါ ကိုးဦးနှင့် ဟိန်းထက်စိုးတို့အား ဒီပဲယင်းမြို့နယ် တရားသူကြီး ဒေါ်ရွှေဒီဇင်ဘာအောင်က စစ်ဆေးဆောင်ရွက်ခဲ့ရာ အောင်ဖြိုးဟိန်းပါ ကိုးဦးအား အလုပ်နှင့် ထောင်ဒဏ် သုံးလ ကျခံစေရန်နှင့် ဟိန်းထက်စိုးအား ငွေဒဏ် တစ်သိန်းကျပ် ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သိန်းထွန်း(ဒီပဲယင်း)**

## ခင်ဦး

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ညမထွက်ရအမိန့် ထုတ်ပြန်ထားရာ မေ ၁ ရက် ည ၁၁ နာရီခန့်က ခင်ဦးမြို့နယ် ရွာသာကျေးရွာအုပ်ချုပ်ရေးမှူးအိမ်ရှေ့ လမ်းမပေါ်၌ မူးယစ်သောက်စားပြီး အော်ဟစ်ဆဲဆိုခြင်းများ ပြုလုပ်နေသော တစ်ရွာတည်းနေ အောင်ကို (၃၂နှစ်)၊ စိုးရဲထွန်း (၂၅နှစ်) ၊ သန်းဇော် (၃၅နှစ်)နှင့် ဇော်ဆန်း(၂၄နှစ်)တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုလင်းအောင်က တရားလိုပြုလုပ်၍ မြို့နယ်တရားရုံးသို့ တိုင်တန်းခဲ့သည်။

အဆိုပါ ဒေသန္တရအမိန့်ထုတ်ပြန်ထားခြင်းအပေါ် လိုက်နာခြင်းမရှိသူ လေးဦးအား မေ ၄ ရက်တွင် ခင်ဦးမြို့နယ်တရားရုံးက ထောင်ဒဏ် သုံးလစီ ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။ **ချစ်စံ(ခင်ဦး)**

## မြန်မာ့ရုပ်မြင်သံကြား

၅ . ၅ . ၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ - Breakfast News
- ၇:၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ထူးဆန်းတမူ ရသေ့ပျံဂူ "
- ၈:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)
- ၉:၂၀ - ရာဇဝင်ထဲကသမိုင်း အနုပညာ "ဝိဇယပူရမြို့ ပင်းယ"(အပိုင်း-၁)
- ၁၀:၃၅ - ဥပဒေရေးရာအဖြာဖြာ "ယုန်ကမတိုး ပိုက်ကတိုး"
- ၁၂:၃၀ - "ရတနသုတ်တော်နှင့် ပတ်သက်သည့် သင်ကြားပို့ချမှု"(အပိုင်း-၁၁)
- ၁၄:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၃၆) (၂) (ဇာတ်သိမ်း)
- ၁၅:၀၀ - ဆယ့်နှစ်လရာသီ အငြိမ့်သဘင် "ကဆုန်လ" (ညောင်ရေသွန်းပွဲ)

**ညပိုင်း**

- ၁၆:၃၀ - (၇၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း " 191 " (အပိုင်း- ၄)
- ၁၇:၃၅ - ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး "ပူးပေါင်းကာ အသွင်ဆန်း မန်ကျည်းစဉ်မှ ကြိမ်ပရိဘောဂလုပ်ငန်း"
- ၁၈:၃၀ - "သယံဇာတနှင့် တို့ဝန်းကျင် ထိန်းသိမ်းကြစို့ထာဝစဉ်" (အပန်းပြေလို့စိတ်ရွှင်လန်း ဖိုးကျားဆင်စခန်း)
- ၁၉:၂၀ - "(၇၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ်"
- ၁၉:၃၅ - "ကိုဗစ်- ၁၉ တုံ့ပြန်ဆောင်ရွက် ပြည်သူ့အတွက် တစ်ထောင့်တစ်နေရာ"
- ၁၉:၄၅ - တက္ကသိုလ်ရာပြည့် ဂုဏ်ပြုတေးသီချင်းများ
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)
- - တက္ကသိုလ်ရာပြည့် ဂုဏ်ပြုရုပ်ရှင် (ဆေးရောင်စုံရုပ်ရှင်) "မုံး"
- - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်(ရတနသုတ်)

# တာမွေမြို့နယ်တွင် ဝိုင်ယာရှော့ဖြစ်ရာမှ မော်တော်ယာဉ်ငါးစီး မီးလောင်မှုဖြစ်

**နေပြည်တော် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဦးထွန်းမြတ်လမ်းရှိ ဆောက်လက်စကွန်ဒို ကားပါကင်၌ မေ ၄ ရက် နံနက် ၁ နာရီ မိနစ် ၂၀ ခန့်က ရပ်ထားသော မော်တော်ယာဉ်ငါးစီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ တာမွေမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ နတ်မောက်ရပ်ကွက်နေ ဦးသူရကျော်စွာ (၂၆ နှစ်)၏ YGN 7M/----နစ်ဆန်းလိဖ်ယာဉ်ကို ဘက်ထရီ အားသွင်းရာမှ ဝိုင်ယာရှော့ဖြစ်ကာ အဆိုပါယာဉ်အပါအဝင် အနီးအနားတွင် ရပ်ထားသော ယာဉ်ငါးစီး မီးလောင်မှုဖြစ်ရာ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုနှင့် ပတ်သက်၍ ဦးသူရကျော်စွာအား ဥပဒေအရ အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဟသ်ာတမြို့၌ မီးလောင်မှုကြောင့် နေအိမ်ခြောက်လုံးဆုံးရှုံး

**ဟင်္သာတ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ သုံးပင်ကွင်းရပ်ကွက် ကန်သာယာ(၁)လမ်းတွင် ယနေ့ မွန်းလွဲ၂ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ရာသို့ ဟင်္သာတခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးနောင်ကြီးကြပ်မှုဖြင့် ခရိုင်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးနှင့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ၊ ပရဟိတအဖွဲ့များ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် လူနေအိမ် ခြောက်လုံးနှင့် နေအိမ်တစ်လုံး၏ အတွင်းပိုင်းတို့ မီးလောင်ဆုံးရှုံးပြီး မီးစတင်လောင်ရသည့် အကြောင်းရင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



မီးလောင်ပျက်စီးသွားသည့် နေအိမ်အဆောက်အအုံများ။

# တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မေ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၄၂ စီး၊ သွင်းကုန် ၈၁၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ဝ၂ဝ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ ဒသမ ၁၉၅ သန်း စုစုပေါင်း တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈ ဒသမ ၂၁၅ သန်းကို ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၃ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၈၉ မိုင် ၆ ဖာလုံ စစ်တောင်းကျေးရွာအနီး၌ ရပ်တန့်ထားသော တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်သည့် Nissan X-Trail ယာဉ်တစ်စီး၊ Mazda Bango Light Truck ယာဉ်တစ်စီး စုစုပေါင်း လိုင်စင်မဲ့ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇ သန်းကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၈ ဦးအထိ ထပ်မံမြင့်တက်လာ

ဗန်ကောက် မေ ၄

**ထိုင်းနိုင်ငံ၌ မေ ၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ သုံးဦးထပ်မံတွေ့ရှိခဲ့ရာမှ မေ ၄ ရက်တွင် ၁၈ ဦးအထိ ထပ်မံမြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ရောဂါကူးစက်ခံရသူများ အားလုံးမှာ ထိုင်းနိုင်ငံတောင်ပိုင်း ဆောင်ခလာပြည်နယ်ရှိ ထိန်းသိမ်းရေးစခန်း၌ ထိန်းသိမ်းထားသည့် တရားမဝင်ရွှေ့ပြောင်းသွားလာသူများဖြစ်ကြောင်း သိရသည်။**



ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်ရှိ ဆေးရုံတစ်ရုံ၌ ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများကို ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးစဉ်။

လတ်တလောတွင် ရောဂါကူးစက်မှုကြောင့်သေဆုံးသူ ထွက်ပေါ်လာခြင်းမရှိသေးပေ။ စုစုပေါင်းရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် ၂၉၈၇ ဦးအထိရှိလာပြီး ကျန်းမာရေးပြန်ကောင်းလာသူ ၂၇၄၇ ရှိသည်။ ၁၉၃ ဦးမှာ ဆေးရုံ၌ ကုသမှုခံယူနေဆဲဖြစ်ကြောင်းသိရသည်။ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ အရေအတွက်စုစုပေါင်း ၅၄ ဦးအထိ ရှိပြီဖြစ်သည်။

ယခုစစ်ဆေးတွေ့ရှိခဲ့သည့် ပိုးတွေ့လူနာ ၁၈ ဦး အပါအဝင်ပြီးခဲ့သည့် ဧပြီလမှစတင်ကာ ဆောင်ခလာဆာအို ထိန်းသိမ်းရေးစခန်းမှ တရားမဝင်ရွှေ့ပြောင်းသွားလာသူ ၆၀ တို့တွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်စစ်ဆေး တွေ့ရှိခဲ့ကြောင်း ကိုဗစ်-၁၉ အခြေအနေ စီမံခန့်ခွဲမှုစင်တာမှ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ တာဝီဆင်က ပြောကြားခဲ့သည်။

မလေးရှား၊ အင်ဒိုနီးရှားနှင့် အခြားပြည်နယ်များမှ ပြန်လာကြသည့် ပြည်သူ ၃၂၇၇ဦးရှိသည့်အတွက် ရောဂါပိုးစစ်ဆေးသည့်လုပ်ရှားမှုကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း တာဝီဆင်က ပြောသည်။

ထိုင်းဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာက နိုင်ငံအတွင်း ကပ်ရောဂါဆိုင်ရာ စည်းကမ်းလမ်းညွှန်ချက်အချို့ကို ဖြေလျှော့ပေးထားပြီးနောက် ရောဂါကူးစက်မှုပြန်လည်မြင့်တက်လာနိုင်သည့်အတွက် စည်းကမ်းချက်များ ပြန်လည်ချမှတ်နိုင်ပြီး အားလုံးကို နေအိမ်ထဲ၌ နေထိုင်ကြရန် ပြန်လည်ညွှန်ကြားနိုင်ကြောင်း သတိပေးခဲ့သည်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ရောဂါ ဒုတိယအကျော့ ထပ်မံကူးစက်ဖြစ်ပွားနိုင်သည့်အခြေအနေအတွက် နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး ကြိုတင်ပြင်ဆင်

**နယူးယောက် မေ ၄**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ဒုတိယအကျော့ ထပ်မံဖြစ်ပွားလာနိုင်သည့် အခြေအနေကို ကြိုတင်ပြင်ဆင်သည့် အနေဖြင့် နယူးယောက်ပြည်နယ်နှင့် အခြားသော ပြည်နယ်ခြောက်ခုတို့တွင် အသက်ရှူစက် ကိရိယာများနှင့် အကာအကွယ်ဝတ်စုံများ ဒေသတွင်း ဖြန့်ချီမည့်လမ်းကြောင်း တိုးချဲ့ရန် သဘောတူလိုက်ကြောင်း သိရသည်။



နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒရူးကူအိုမို

မေ ၃ ရက်တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒရူးကူအိုမိုက ဒေါ်လာငါးဘီလီယံဖိုးခန့်ရှိသည့် ဆေးပစ္စည်းကိရိယာများကို အတူအကွ ပူးပေါင်းဝယ်ယူကြရန် အရှေ့မြောက်ပိုင်းပြည်နယ်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့ထူထောင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပူးပေါင်းပါဝင်ကြမည့် ပြည်နယ်များမှာနယူးဂျာစီ၊ ကွန်နက်တီကပ်၊ ပင်ဆီဗေးလ်နီးယား၊ ဒီလာဝဲလ်၊ ရို့ဒ်အိုင်းလန်းနှင့် မက်ဆာချူးဆက်ပြည်နယ်များ ဖြစ်ကြသည်။

ပြည်နယ်အတွင်းရှိ ဆေးရုံများသို့ တက်ရောက်ကုသရသည့် လူနာအရေအတွက် နည်းပါးလာခြင်းမှာ သတင်းကောင်းတစ်ရပ်ဟု ဆိုနိုင်သော်လည်း ဒုတိယအကြိမ်တစ်ကျော့ပြန်ရောဂါ ကူးစက်မှု ထပ်မံဖြစ်ပွားနိုင်သည့် အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း မစ္စတာ ကူအိုမိုက ပြောကြားခဲ့သည်။

နယူးယောက်ပြည်နယ်၌ ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် အတည်ပြုလူနာ အရေအတွက် ၃၁၆၄၁၅ ဦးရှိပြီး ယင်းပမာဏသည် အမေရိကန်ပြည်ထောင်စုရှိ စုစုပေါင်းရောဂါကူးစက်ခံရသူ အရေအတွက်၏ သုံးပုံတစ်ပုံရှိကြောင်းသိရသည်။

**အေအက်ဖ်ပီ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်မှု လျော့ကျလာမှုကြောင့် စီးပွားရေးလုပ်ငန်းများပြန်ဖွင့်

**ကွာလာလမ်ပူ မေ ၄**

မလေးရှားနိုင်ငံ၌ ပြီးခဲ့သည့်ရက်များအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရမှု လျော့ကျလာခဲ့ပြီးနောက် မေ ၄ ရက်တွင် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းအများစုကို ပြန်လည်စတင်ရန်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံအတွင်း ရောဂါထပ်မံကူးစက်ခံရသူ ၅၅ ဦးထပ်မံတွေ့ရှိခဲ့ရပြီး ၎င်းတို့အနက် ခုနစ်ဦးမှာ ပြည်ပမှ ကူးစက်ခံခဲ့ရသူများဖြစ်ကာ ကျန်လူများမှာ ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံအတွင်းရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၆၃၅၃ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန အထွေအထွေညွှန်ကြားရေးမှူး နော်ဟီရှမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲအတွင်း ပြောကြားခဲ့သည်။

လက်ရှိတွင် ဆေးရုံ၌တက်ရောက်ကုသနေသူ ၁၇၆၄ ဦးရှိပြီး ၂၈ ဦးမှာ အထူးကြပ်မတ်ကုသဆောင်၌ ကုသမှုခံယူရလျက်ရှိကာ ၁၃ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ အသုံးပြုရန် လိုအပ်သည့်အခြေအနေတွင်ရှိကြောင်း သိရသည်။

ရောဂါကူးစက်ခံခဲ့ရပြီး နေပြန်ကောင်းလာသူ ၇၁ ဦးထပ်မံပေါ်ထွက်လာပြီးနောက် ဆေးရုံမှပြန်ဆင်းလာသူ အရေအတွက် ၄၄၈၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

မလေးရှား၌ ယခုရက်ပိုင်းအတွင်း သေဆုံးသူ ပေါ်ထွက်လာခြင်းမရှိသည့်အတွက် နိုင်ငံအတွင်း စုစုပေါင်း သေဆုံးသူ အရေအတွက်မှာ ၁၀၅ ဦးဖြင့် ရပ်တန့်နေဆဲဖြစ်သည်။ မေ ၄ ရက်တွင် တစ်နိုင်ငံလုံး အသွားအလာ ကန့်သတ်ပိတ်ဆို့ထားမှုကို ဖြေလျှော့ပေးခဲ့ပြီး စီးပွားရေးလုပ်ငန်းအချို့ ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ကွာလာလမ်ပူ မြို့စွန်တွင် ဈေးဆိုင်အချို့၌ ဝန်ထမ်းများက ဝယ်သူများကို ဆိုင်ထဲသို့မဝင်ရောက်မီ အပူချိန်တိုင်းတာ စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့သည်။ **ဆင်ဟွာ**




မလေးရှား၌ ယာဉ်မောင်းသူများအား အပူချိန်စစ်ဆေးမှုဆောင်ရွက်နေစဉ်။

## ဖိလစ်ပိုင်၌ အစိုးရတပ်ဖွဲ့နှင့် အကြမ်းဖက်အုပ်စုများ တိုက်ပွဲဖြစ်ပွားမှုများကြောင့် လေးဦးသေဆုံး

**မနီလာ မေ ၄**

ဖိလစ်ပိုင်တောင်ပိုင်း၌ အစိုးရတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်အုပ်စုများအကြား ပစ်ခတ်တိုက်ခိုက်မှုနှစ်ခုဖြစ်ပွားခဲ့ရာ အစိုးရတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အဘူဆေရက်ဖ်စစ်သွေးကြွအဖွဲ့မှ အကြမ်းဖက်သမားနှစ်ဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်စစ်တပ်က မေ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပထမတစ်ကြိမ်ပစ်ခတ်တိုက်ခိုက်မှုမှာ ဖိလစ်ပိုင်တောင်ပိုင်းရှိ ဝေးလံခေါင်ဖျားသည့် တာဝီတာဝီပြည်နယ်၌ ဒေသစံတော်ချိန် နံနက် ၄ နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၁၀ မိနစ်ခန့်ကြာမြင့်သည့် ပစ်ခတ်တိုက်ခိုက်မှုအတွင်း အဘူဆေရက်ဖ် စစ်သွေးကြွအဖွဲ့ဝင် နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အစိုးရတပ်ဖွဲ့က စစ်သွေးကြွအဖွဲ့ တိုက်ခိုက်ရေးသမားနှစ်ဦး၏ အလောင်းများကို တွေ့ရှိခဲ့ပြီး အမ် ၁၆ တိုက်ခိုက်ရေးရိုင်ဖယ်သေနတ်တစ်လက်၊ ကျည် ၁၂၃ ခုနှင့် အခြားလက်နက်ပစ္စည်းများကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

နောက်ထပ် ပစ်ခတ်တိုက်ခိုက်မှုတစ်ခုမှာ မေ ၃ ရက် ဒေသစံတော်ချိန် ၈ နာရီ ၅၅ မိနစ်တွင် မာဂွင်ဒါနာအို ပြည်နယ်၌ ဖိလစ်ပိုင်လုံခြုံရေးတပ်ဖွဲ့များနှင့် ဘန်ဆာမိုရို အစ္စလာမ္မစ် လွတ်မြောက်ရေး တိုက်ခိုက်ရေးအဖွဲ့ စစ်သွေးကြွများအကြား ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၄၅မိနစ်ခန့်ကြာမြင့်ခဲ့သည်။ အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုအတွင်း အစိုးရအဖွဲ့တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဘူဆေရက်ဖ် စစ်သွေးကြွအုပ်စုနှင့် ဘန်ဆာမိုရို အစ္စလာမ္မစ် လွတ်မြောက်ရေး တိုက်ခိုက်ရေးအဖွဲ့တို့သည် ဖိလစ်ပိုင်တောင်ပိုင်းတွင် အခြေစိုက်ထားသည့် အကြမ်းဖက်အုပ်စုနှစ်ခုဖြစ်သည်။

အဆိုပါအဖွဲ့သည် ဖိလစ်ပိုင်တောင်ပိုင်း၌ ပြန်ပေးဆွဲမှုများ၊ အသေခံဗုံးခွဲတိုက်ခိုက်မှုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချုံခိုတိုက်ခိုက်မှုများ မကြာခဏ လုပ်ဆောင်လေ့ရှိသည်။ **ဆင်ဟွာ**

## လေကြောင်းလိုင်းများတွင် နှာခေါင်းစည်းတပ်ဆင်ကြရန် အကြံပြု

**ဝါရှင်တန် မေ ၄**

အမေရိကန်ရှိ အဓိကလေကြောင်းလိုင်းများတွင် ယခုရက်သတ္တပတ်၌ ခရီးသည်များသာမက လေယာဉ်အမှုထမ်းများအတွက်ပါ ကျန်းမာရေးဆိုင်ရာနှင့် ဘေးကင်းလုံခြုံစေရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ကမ္ဘာတစ်ဝန်းရှိ အခြားသော လေကြောင်းလိုင်းများတွင်လည်း ခရီးသည်များအနေဖြင့် လေယာဉ်လိုက်ပါစီးနင်းချိန်တွင် နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ထားကြရန် ညွှန်ကြားထားသည်။

ကပ်ရောဂါကျရောက်မှုကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများ၏ ၉၀ ရာခိုင်နှုန်းအထိ လေကြောင်းခရီးစဉ် ဖျက်သိမ်းမှုများပြုလုပ်ခဲ့ပြီးနောက် ယခုလတွင် လေကြောင်းလိုင်းများအနေဖြင့် ခရီးစဉ်ပျံသန်းပြေးဆွဲမှုများ ပြန်လည်လုပ်ဆောင်နိုင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။

အမေရိကန်အဲလိုင်းနှင့် ယူနိုက်တက်လေကြောင်းလိုင်းများက လေယာဉ်စီးခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ နှာခေါင်းစည်းတပ်ဆင်မှုကို စတင်ဆောင်ရွက်မည်ဖြစ်ပြီး ယင်းဆောင်ရွက်ချက်မှာ လေကြောင်းခရီးစဉ် ပျံသန်းမှုများ ဖြည်းဖြည်းချင်း ပြန်စနေသည့်အချိန်အတွင်း ယာယီဆောင်ရွက်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဗီယက်နမ်တွင် ကျောင်းများပြန်ဖွင့်

**ဟန္နိုင်း မေ ၄**

ဗီယက်နမ် နိုင်ငံတစ်လွှားမှကျောင်းသားများသည် မေ ၄ ရက်မှစတင်ကာ စာသင်ခန်းများဆီသို့ ပြန်ရောက်လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ် -၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ကျောင်းများကို သုံးလကြာပိတ်ထားခဲ့ရသည်။ Grade-6 အတန်းတွင် တက်ရောက်နေသည့် ကျောင်းသားတစ်ဦးဖြစ်သူ ချူကူဂန်အာက ကျောင်းပြန်တက်ရမည်ဖြစ်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ ဆရာမများနှင့် အတန်းဖော်များနှင့် ပြန်လည်တွေ့ဆုံရမည်ဖြစ်သည့်အတွက် စိတ်လှုပ်ရှားရကြောင်း ပြောသည်။

ဗီယက်နမ်ကျောင်းများတွင် ရောဂါပျံ့နှံ့မှုထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းများမဖြစ်မနေတပ်ဆင်ရမည်ဖြစ်သည်။ ယခုအချိန်တွင် ကာကွယ်ရေးဆိုင်ရာစည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်ကြောင်း ကျောင်းသားများသည် ကျောင်းအဝင်ဝတွင် အပူချိန်တိုင်းတာမှုခံယူရမည်ဖြစ်သည်။

စာသင်ခန်းတွင်း၌လည်း ၎င်းတို့၏ကျန်းမာရေး အခြေအနေကိုမှတ်တမ်းထားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင်ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၇၁ ဦးရှိပြီး နောက်ထပ်ကူးစက်ခံရသူမတွေ့ရတော့သည်မှာသုံးပတ်တာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ် - ၁၉ စတင်တွေ့ရှိသည့် ဖေဖော်ဝါရီလမှစတင်ကာ ကျောင်းများကိုစတင်ပိတ်ထားခဲ့သည်။ အွန်လိုင်းမှတစ်ဆင့် စာသင်ကြားမှုပုံစံသို့ပြောင်းခဲ့သည်။

လွန်ခဲ့သည့်လအတွင်းက ဗီယက်နမ်နိုင်ငံသည် ခရီးသွားလာခွင့်နှင့် စီးပွားရေးလုပ်ငန်းများအားလုံးကို သုံးပတ်ကြာ ပိတ်ထားခဲ့သည်။ **ပီတီအိုင်**



ဟိုချီမင်းမြို့ရှိ ကျောင်းတစ်ကျောင်းကို တွေ့ရစဉ်။



ဂျာနယ်လစ်တစ်ဦးကို တွေ့ရစဉ်။

# လစ်ဗျားတွင် ဂျာနယ်လစ်များကို အကူအညီပေးရန် ကုလတောင်းဆို

**ထရီပိုလီ မေ ၄**

လစ်ဗျားနိုင်ငံရှိ ဂျာနယ်လစ်များနှင့် မီဒီယာလုပ်သားများကို ကာကွယ်ပေးရန် ကုလသမဂ္ဂက မေ ၃ ရက်တွင် တောင်းဆိုခဲ့သည်။

လစ်ဗျားဂျာနယ်လစ်များသည် ကုလသမဂ္ဂကျောထောက်နောက်ခံပြုထားသည့် အစိုးရနှင့် အရှေ့ပိုင်းအခြေစိုက် လက်နက်ကိုင်တပ်ဖွဲ့တို့ ကြားတိုက်ပွဲများကြောင့် အန္တရာယ်များနှင့် ကြုံတွေ့နေရသည်။

မီဒီယာသမားများနှင့်ဂျာနယ်လစ်များကို အကာအကွယ်ပေးရန် လစ်ဗျားအစိုးရနှင့် အရှေ့ပိုင်းအခြေစိုက် လက်နက်ကိုင်တပ်ဖွဲ့တို့ကို တောင်းဆိုကြောင်း လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ကို အာမခံချက်ပေးရန် အများပြည်သူများအတွက် သတင်းအချက်အလက်များရှာဖွေစုဆောင်းမှုကို အကာအကွယ်ပေးရန် လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးရုံးဆိုင်ရာ အထူးကိုယ်စားလှယ် စတက်ဖန်နီဝီလီယံက ပြောကြားခဲ့သည်။

မီဒီယာသမားများ အနေဖြင့်လည်းသတင်းအချက်အလက်အမှားများမပေးရန်၊ အမုန်းစကားများမဖြန့်ဝေကြရန်နှင့် လှုံ့ဆော်မှုများမပြုလုပ်ကြရန် ကုလအရာရှိကတောင်းဆိုခဲ့သည်။

ဂျာနယ်လစ်များကို ခြိမ်းခြောက်ခြင်းနှင့် ဖမ်းဆီးခြင်းများ ပြုလုပ်ခြင်းသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံဆိုင်ရာကုလသမဂ္ဂအထူး လုပ်ငန်းတာဝန်အဖွဲ့ကလည်း ဂျာနယ်လစ်များအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို ရှုတ်ချခဲ့ပြီး ကျူးလွန်သူများကိုလည်း ဥပဒေအတိုင်း ဆောင်ရွက်နိုင်ရေးတောင်းဆိုခဲ့သည်။

လစ်ဗျားနိုင်ငံရှိ ဂျာနယ်လစ်များနှင့် မီဒီယာသမားများသည် ခြိမ်းခြောက်ခံရခြင်း၊ တိုက်ခိုက်ခံရခြင်းများ ခံစားရကြောင်း လစ်ဗျားနိုင်ငံဆိုင်ရာကုလသမဂ္ဂ အထူးလုပ်ငန်းတာဝန်အဖွဲ့က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အပျော်စီးသင်္ဘောပေါ်ရှိ အင်ဒိုနီးရှားသင်္ဘောအမှုထမ်းများ ဂျပန်နိုင်ငံမှ ထွက်ခွာ

**တိုကျို မေ ၄**

ကိုဗစ် -၁၉ ကြောင့် ဒုက္ခရောက်နေရ သည့် အင်ဒိုနီးရှားသင်္ဘောအမှုထမ်းများသည် ရောဂါကူးစက်ခံရခြင်း ရှိမရှိ စစ်ဆေးပြီးနောက် ရောဂါပိုးမရှိဟု အဖြေထွက်ခဲ့သဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ပြန်ခွင့်ရသွားပြီဖြစ်သည်။

မေ ၃ ရက်တွင် ကိုစတာအက်တလန်တီကာ သင်္ဘောပေါ်မှ အင်ဒိုနီးရှားနိုင်ငံသား အမှုထမ်း ၄၄ ဦးတို့သည် နေရပ်ပြန်ခွင့် ရရှိသွားပြီဖြစ်သည်။

အဆိုပါသင်္ဘောသည် ယခုအခါ ဂျပန်နိုင်ငံအနောက်ပိုင်း နာဂါဆာကီရှိ သင်္ဘောကျင်းတွင် ရပ်နားထားသည်။ ၎င်းတို့သည် ဂျကာတာမြို့သို့ ပြန်သွားကြပြီဖြစ်သည်။

လွန်ခဲ့သည့်လအတွင်းက အဆိုပါ သင်္ဘောပေါ်တွင် ကိုဗစ် - ၁၉ ကူးစက်ခံရကြောင်း တွေ့ရှိပြီး နောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် သင်္ဘောအမှုထမ်းများကို ပြန်ခွင့်ပေးလိုက်ခြင်းဖြစ် သည်။

သင်္ဘောအမှုထမ်း ၆၂၃ ဦးကို ဗိုင်းရပ်စ်ကူးစက်ခံထားရခြင်းရှိမရှိ စစ်ဆေးခဲ့ပြီး လူပေါင်း ၁၄၈ ဦးတွင် ကူးစက်ခံထားရကြောင်း တွေ့ရသည်။

ကျန်ရှိနေသည့်နိုင်ငံပေါင်း ၃၀မှ လူများကိုလည်း ခရီးသွားလာခွင့်စီစဉ်ပေးပြီးသည့်နောက်ပိုင်းတွင် နေရပ်ပြန်ခွင့်ပြုမည်ဟု နာဂါဆာကီစီရင်စုမှ အရာရှိတစ်ဦးက ပြောသည်။

အီတလီ မှတ်ပုံတင်ထားသည့် အဆိုပါသင်္ဘောသည် မစ်ဆူဘီရှိ အကြီးစားစက်ရုံတွင် ယခုလအစောပိုင်းက ပြင်ဆင်မှုများလုပ်ဆောင်ရန် ဆိုက်ကပ်ထားခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံအနောက်တောင်ပိုင်းတွင် ကျောက်ချရပ်နားထားသည့် ကိုစတာအက်တလန်တီကာသင်္ဘောကို တွေ့ရစဉ်။

# ကိုဗစ် -၁၉ ကာကွယ်ဆေး ယခုနှစ်ကုန်ပိုင်းတွင် ရရှိမည်ဟု ထရမ့်ပြော

**ဝါရှင်တန် မေ ၄**

ယခုနှစ်ကုန်ပိုင်းတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးရရှိနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်အစိုးရသည် Remdesivir ဆေးကို ကိုဗစ် -၁၉ အရေးပေါ်ကုသဆေးအဖြစ် အသိအမှတ်ပြုပေးခဲ့သည်။ အမေရိကန်သမ္မတထရမ့်ကို ဖော့ခ်ရုပ်သံလိုင်းမှ အစီအစဉ်တင်ဆက်သူနှစ်ဦးက လင်ကွန်းအထိမ်းအမှတ်အဆောက်အအုံတွင် အင်တာဗျူး ပြုလုပ်ခဲ့ကြသည်။

အစီအစဉ်တင်ဆက်သူနှစ်ဦးက ဖော့ခ်ရုပ်သံလိုင်း၏ ဆိုရှယ်မီဒီယာမှတစ်ဆင့် ပြည်သူများ မေးမြန်းထားသည့်မေးခွန်းများကို ထရမ့်ထံ မေးမြန်းခဲ့ကြသည်။

နီဘရာစကာမှ ကိုဗစ် -၁၉ ကူးစက်ခံရပြီးပြန်လည်သက်သာလာသူတစ်ဦးက ထရမ့်ကိုမေးမြန်းရာတွင် ယခုနှစ်ကုန်ပိုင်းတွင် ကိုဗစ် – ၁၉ ကာကွယ်ဆေးရရှိနိုင်လိမ့်မည်ဟုယူဆကြောင်း ထရမ့်က ဖြေကြားခဲ့သည်။

Remdesivir ဆေးအတွက်လည်း ၎င်းတို့အစိုးရသည် တွန်းအားပေးဆောင်ရွက်ခဲ့ရသည်ဟု ထရမ့်ကပြောသည်။ အမေရိကန် ကျန်းမာရေးအရာရှိတစ်ဦးကမူ ကာကွယ်ဆေးရရှိရန် တစ်နှစ်မှ ၁၈ လအထိ ကြာမြင့်နိုင်ကြောင်း ပြောကြားခဲ့သည်။

သို့သော် အမေရိကန်အမျိုးသားကျန်းမာရေး အင်စတီကျူမှ သမားတော်တစ်ဦးဖြစ်သူ ဒေါက်တာ အန်သိုနီဖော့စီ ကမူ ကာကွယ်ဆေးကိုမကြာမီရရှိနိုင်ပြီး ဇန်နဝါရီလတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပေးနိုင်မည်ဟု ဧပြီလနှောင်းပိုင်းက ပြောခဲ့သည်။ **ပီတီအိုင်**

## အိန္ဒိယတွင် အာဖရိကဝက်တုပ်ကွေးကြောင့် ဝက်အကောင်ရေ ၂၅၀၀ သေဆုံး

**နယူးဒေလီ မေ ၄**

အိန္ဒိယအရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် လွန်ခဲ့သည့်ရက်များအတွင်း အာဖရိကဝက်တုပ်ကွေးကြောင့် ဝက်အကောင်ရေ ၂၅၀၀ ကျော် သေဆုံးခဲ့သည်ဟု ပြည်နယ်အစိုးရအဖွဲ့က ဆင်ဟွာသို့ မေ ၄ ရက်တွင် ပြောကြားခဲ့သည်။

ပြည်နယ်အတွင်းခရိုင် ငါးခု မှ ကျေးရွာပေါင်း ၃၀၀ရှိ ဝက်များသေဆုံးခဲ့ခြင်းဖြစ်သည်။ သို့သော် ပြည်နယ်အတွင်း ဝက်သားရောင်းချခြင်းကို ပိတ်ပင်ထားခြင်းမရှိပေ။ အဆိုပါ ရောဂါသည် ဝက်များကိုသာ ကူးစက်ခြင်းဖြစ်ပြီး လူသားများကို ကူးစက်ခြင်းမရှိဟု အာဏာပိုင်များက ပြောသည်။ ပြည်နယ်အစိုးရသည် ဝက်များကို သုတ်သင်ရှင်းလင်းခြင်းမရှိဘဲ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဝက်များသေဆုံးရသည့်အကြောင်းမှာ အာဖရိကဝက် တုပ်ကွေးရောဂါကြောင့်ဖြစ်သည်ဟု တိရစ္ဆာန်ရောဂါဗေဒဆိုင်ရာ အမျိုးသားအင်စတီကျူက အတည်ပြုပေးခဲ့သည်။

အခုဝက်တုပ်ကွေးရောဂါသည် လက်ရှိဖြစ်ပွားနေသည့် ကိုဗစ် -၁၉ ရောဂါနှင့်ဆက်စပ်မှုမရှိကြောင်း ကူးစက်ခြင်းမခံရသေးသည့် ဝက်များကို ကာကွယ်မှုများပြုလုပ်သွားမည်ဟု အာသံပြည်နယ် စိုက်ပျိုးမွေးမြူရေးဝန်ကြီး အက်တူဘိုရာက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ကပ်ရောဂါဖြစ်ပွားမှုအရှိန် လျော့ကျလာတဲ့ ဥရောပ ကမ္ဘာ့နိုင်ငံ သုံးနိုင်ငံ

ကလျာမိုးမြင့်

**ပြင်သစ်၊ အီတလီနဲ့ စပိန်နိုင်ငံတွေမှာ ယခုရက်သတ္တပတ်တွေအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နေ့စဉ်သေဆုံးရသူအရေအတွက် အနည်းဆုံးပမာဏအထိ လျော့ကျလာပြီဖြစ်တာကြောင့် အာဏာပိုင်တွေက ကပ်ရောဂါဆိုင်ရာ စည်းကမ်းလမ်းညွှန်ချက်တွေ ထုတ်ပြန်ထားမှုကို ပြန်လည်ဖြေလျှော့ပေးဖို့ ပြင်ဆင်နေကြပါပြီ။**

ပြီးခဲ့တဲ့မတ်လလယ်လောက်ကစပြီး ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် နေ့စဉ်သေဆုံးမှုအရေအတွက် မြင့်တက်လာခဲ့ပြီးနောက် ယခုလက်ရှိ ပြင်သစ်နိုင်ငံမှာ သေဆုံးသူ ၁၃၅ဦးနဲ့ စပိန်မှာ ၁၆၄ ဦးထပ်မံသေဆုံးရမှုဟာ အနည်းဆုံးထွက်ပေါ်လာတဲ့ပမာဏ ဖြစ်ပါတယ်။ အီတလီမှာ သေဆုံးသူ ၁၇၄ ဦးထပ်မံပေါ်ထွက်လာပြီး အဲဒီအရေအတွက်ဟာ နှစ်လတာအတွင်း လျော့ကျသွားတဲ့အရေအတွက် ဖြစ်တယ်လို့ သိရပါတယ်။

## ရုရှားမှာကူးစက်မှုနှုန်းဆက်လက်မြင့်တက်

ရုရှားနိုင်ငံမှာတော့ ဗိုင်းရပ်စ်ကူးစက်မှုနှုန်း ပိုအရှိန်မြင့်လာနေပြီး ရောဂါထပ်မံကူးစက်ခံရသူ ၁၀၀၀၀ ရှိတယ်လို့သိရပါတယ်။ ဒါပေမယ့် ရုရှားရဲ့ သေဆုံးမှုနှုန်းဟာ တခြားနိုင်ငံတွေနဲ့စာရင် အတော်လေးနည်းပါးတယ်လို့ ဆိုပါတယ်။ မေ ၃ ရက်နေ့မှာ ရုရှားနိုင်ငံအတွင်း ရောဂါကူးစက်ခံရမှုကြောင့် ထပ်မံသေဆုံးသူ ၅၈ ဦးရှိခဲ့ပြီး စုစုပေါင်းသေဆုံးသူအရေအတွက် ၁၂၈၀ အထိ ဖြစ်လာခဲ့ပါတယ်။

ဗြိတိန်မှာ ကိုဗစ်-၁၉ကြောင့် ထပ်မံသေဆုံးသူ ၃၁၅ ဦးဖြစ်ပြီး ဒီအရေအတွက်ဟာဆိုရင် အမေရိကန်နဲ့ အီတလီပြီးရင် တတိယမြောက် သေဆုံးမှုအများဆုံးပမာဏဖြစ်ပါတယ်။ သို့သော်လည်းပဲ ဗြိတိန်အာဏာပိုင်တွေကတော့ နိုင်ငံအတွင်းရောဂါကူးစက်ဖြစ်ပွားမှုဟာ အမြင့်ဆုံးအမှတ်ကို ကျော်လွန်သွားပြီဖြစ်ပြီး ဆေးရုံတွေမှာ တက်ရောက်ကုသရတဲ့ လူနာအရေအတွက် လျော့ကျသွားပြီလို့ ပြောဆိုလျက်ရှိပါတယ်။တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုအရေအတွက်ဟာ ၃ဒသမ ၅ သန်းရှိသွားပြီဖြစ်သလို တစ်ကမ္ဘာလုံးမှာရှိတဲ့ ပြည်သူ ၂၅၀၀၀၀ နီးပါးအထိ အသက်ဆုံးရှုံးခဲ့ရပါပြီ။

## ပြင်သစ်နိုင်ငံမှာ သေဆုံးမှုလျော့ကျ

ပြီးခဲ့တဲ့မတ်လနှောင်းပိုင်းကစပြီး ပြင်သစ်နိုင်ငံမှာ ဗိုင်းရပ်စ်ကြောင့် ထပ်မံသေဆုံးရသူအရေအတွက် အနည်းဆုံးပမာဏထိ လျော့ကျလာခဲ့ပြီး သေဆုံးသူတွေဟာ ဆေးရုံမှာ တက်ရောက်ကုသမှုခံယူနေသူတွေထဲက ဖြစ်ပါတယ်။ နေအိမ်မှာ ပြုစုကုသမှုခံယူနေစဉ် သေဆုံးတဲ့သူတွေအပါအဝင် သေဆုံးမှုအရေအတွက် ကျဆင်းသွားခဲ့တာ ရက်အနည်းငယ်ကြာမြင့်ခဲ့ပါပြီ။

ပြင်သစ်နိုင်ငံမှာ ပထမဆုံး ကိုဗစ်-၁၉ ကူးစက်ခံရတဲ့လူနာတွေ့ရှိကြောင်း အတည်မပြုသေးခင်တစ်လအလို ဖြစ်တဲ့ ဒီဇင်ဘာ ၂၇ ရက်မှာကတည်းက ဗိုင်းရပ်စ်ဟာ နိုင်ငံအတွင်းရောက်ရှိနေခဲ့တာဖြစ်တယ်လို့ ပါရီရှိ အထူးကြပ်မတ်ကုသမှုအဖွဲ့အကြီးအကဲက ဒေသမီဒီယာသို့ ပြောကြားခဲ့ပါတယ်။

ပြင်သစ်နိုင်ငံက တစ်နိုင်ငံလုံးအဝင်အထွက် ကန့်သတ်ပိတ်ဆို့ထားမှုကို မေ ၁၁ ရက်မှာ ဖယ်ရှားဖို့ ပြင်ဆင်နေပါတယ်။ အဲဒီအချိန်မှာ ကျောင်းသားတွေကျောင်းပြန်တက်နိုင်တော့မှာဖြစ်ပြီး စီးပွားရေးလုပ်ငန်းအချို့ကို လည်း ပြန်ဖွင့်လှစ်တော့မှာဖြစ်သလို ပြည်သူတွေဟာ ၎င်းတို့သွားလိုတဲ့အရေးကိစ္စတွေအတွက် တာဝန်ရှိသူတွေဆီအကြောင်းပြချက်ပေးစရာ၊အထောက်အထားပြစရာမလိုတော့ဘဲ နေအိမ်ကနေ ၁၀၀ကီလိုမီတာ(မိုင်၆၀)အကွာ အဝေးအထိ ကောင်းစွာလှုပ်ရှားသွားလာနိုင်တော့မှာ ဖြစ်ပါတယ်။

## ရောဂါကူးစက်မှုပမာဏအပေါ်မူတည်

သို့သော်လည်းပဲ မေ ၃ ရက်မှာ ပြင်သစ်ကျန်းမာရေးဝန်ကြီး အိုလီဗီယာ ဗီရန်က ကန့်သတ်ပိတ်ဆို့မှု ဖယ်ရှားမယ့်အခြေအနေဟာ ရောဂါထပ်မံကူးစက်ဖြစ်ပွားမှု အရေအတွက်အပေါ်မှာ အထူးသဖြင့် ပါရီနဲ့ ပြင်သစ်နိုင်ငံအရှေ့မြောက်ပိုင်းမှာရှိတဲ့ ရောဂါကူးစက်မှု အဆိုးဆုံးထိခိုက်ခံစားရတဲ့နေရာတွေက အခြေအနေတွေအပေါ် အထူးသတိထားစောင့်ကြည့်ပြီးမှသာ လမ်းညွှန်ချက်တွေ ဖယ်ရှားဖို့သင့်မသင့် သုံးသပ်မှာဖြစ်တယ်လို့ ဆိုပါတယ်။



စပိန်၌ ကလေးငယ်များအား ကန့်သတ်ပိတ်ဆို့မှု ဖြေလျှော့ပေးခဲ့ပြီးနောက် မိဘများက ၎င်းတို့ကလေးငယ်များကို အပြင်ထွက်၍ ထိန်းကျောင်းနေစဉ်။

ပြင်သစ်နိုင်ငံအတွင်းကို ဝင်ရောက်လာသူမှန်သမျှ ရက်သတ္တနှစ်ပတ်ကြာတဲ့အထိ အသွားအလာကန့်သတ်စောင့်ကြည့်မှုအောက်မှာ တစ်ကိုယ်ရေ နေထိုင်ရမယ်ဆိုတဲ့ စည်းကမ်းချက်က ဥရောပနိုင်ငံတွေဆီက ရောက်လာတဲ့ ပြည်သူတွေ ဗြိတိန်သို့မဟုတ် Schengen ဇုန်က လာတဲ့သူတွေကို သက်ရောက်ခြင်းမရှိခဲ့ဘူးလို့လည်း အာဏာပိုင်တွေက အတိအလင်းဆိုထားပါတယ်။

## စပိန်အခြေအနေ

စပိန်နိုင်ငံမှာ ကပ်ရောဂါစဖြစ်ပြီး တစ်လခွဲအကြာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် ထပ်မံသေဆုံးရသူအရေအတွက်ဟာ ၁၆၄ ဦးရှိပြီး အဲဒီကိန်းဂဏန်းဟာ ရောဂါကူးစက်ဖြစ်ပွားခဲ့တဲ့ ကာလတစ်လျှောက်သေဆုံးမှု အနိမ့်ဆုံးပမာဏ ဖြစ်ပြီး ၁၀၀ ကျော်လောက် လျော့ကျသွားခြင်းဖြစ်တယ်လို့ သိရပါတယ်။

ရက်သတ္တခုနစ်ပတ်မြောက်မှာ ပထမဆုံးအကြိမ်အဖြစ်နဲ့ စပိန်ဆယ်ကျော်သက်လူငယ်တွေဟာ နေအိမ်အပြင်ဘက်ထွက်ပြီး ကိုယ်ကာယလှုပ်ရှားမှုတွေကို မေ ၂ ရက်က စတင်လုပ်ဆောင်ခွင့် ရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်အကြာကတည်းက အသက် ၁၄ နှစ်အောက်ကလေးတွေကို ကန့်သတ်ပိတ်ဆို့မှုတွေ ဖြေလျှော့ပေးနေခဲ့တာ ဖြစ်ပါတယ်။

## နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရမည်

စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်စ်က စပိန်ဟာ ဥရောပရဲ့ အတင်းကျပ်ဆုံးလို့ဆိုရမယ့် အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု စည်းကမ်းလမ်းညွှန်ချက်ချမှတ်ထားချိန်အတွင်း စွန့်စားထိန်းချုပ်ခဲ့ရမှုရဲ့ အကျိုးရလဒ်ကို ခံစားရရှိနေပြီလို့ ပြောကြားခဲ့ပါတယ်။ မေ ၄ ရက်မှာတော့ စပိန်နိုင်ငံတစ်ဝန်းမှာရှိတဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်တွေ စီးနင်းလိုက်ပါချိန်မှာ နှာခေါင်းစည်းကိုမဖြစ်မနေ တပ်ဆင်ထားကြရပြီး ဆံပင်ညှပ်ဆိုင်အချို့ကို တစ်ဦးချင်း ဖောက်သည်တွေရဲ့ ချိန်းဆိုထားမှုအတွက် ဝန်ဆောင်မှုပေးဖို့ ပြန်လည်ဖွင့် လှစ်တော့မှာပါ။

အီတလီနိုင်ငံမှာ ပြီးခဲ့တဲ့နှစ်လအကြာ တစ်နိုင်ငံလုံးအဝင်အထွက် ကန့်သတ်ပိတ်ဆို့မှု စတင်ခဲ့ချိန်ကစပြီး ကိုဗစ်-၁၉ ဗိုင်းရပ်စ်နဲ့ ဆက်နွယ်တဲ့ လူနာတွေ သေဆုံးမှု အနည်းဆုံးပမာဏအထိ လျော့ကျလာခဲ့ပါတယ်။ ရောဂါထပ်မံကူးစက်ခံရတဲ့သူ အရေအတွက်ရော အထူးကြပ်မတ်ကုသဆောင်ကို ရောက်လာတဲ့ လူနာအရေအတွက်ပါ ဆက်တိုက်လျော့ကျလာခဲ့ပါတယ်။

## ဆွေမျိုးတွေဆီ သွားလာနိုင်ပြီ

အခြေအနေတည်ငြိမ်လာတဲ့အတွက် အီတလီဟာလည်းပဲ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ဖြေလျှော့နေပါပြီ။ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေခြင်းဖြင့် အီတလီနိုင်ငံသားတွေဟာ ကာယလှုပ်ရှားမှုတွေလုပ်ဆောင်နိုင်ပါတယ်။ ၎င်းတို့နေထိုင်တဲ့ ရပ်ရွာအတွင်းမှာရှိတဲ့ ဆွေမျိုးမိသားစုတွေဆီကိုလည်း အလည်အပတ်သွားလာနိုင်ပြီဖြစ်ပါတယ်။ မိတ်ဆွေသူငယ်ချင်းတွေဆီတော့ သွားလာခွင့်မရှိသေးဘူးလို့ သိရပါတယ်။

သို့သော်လည်းပဲ အီတလီမှာရှိတဲ့ စာသင်ကျောင်းတွေ၊ ရုပ်ရှင်ရုံတွေနဲ့ ဈေးဆိုင်အများစုကို ဆက်ပြီးပိတ်ထားဦးမှာပါ။ဘားဆိုင်တွေနဲ့ စားသောက်ဆိုင်တွေမှာ စားသုံးသူတွေကို ဆိုင်အတွင်းရှိစားပွဲတွေပေါ်မှာ ဝယ်ယူသုံးဆောင်ခွင့်ကိုတော့ ဇွန်လမှာ စတင်ခွင့်ပြုပေးမှာ ဖြစ်ပါတယ်။ အီတလီမှာ ရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက်ဟာ ၂၈၈၈၄ ဦးရှိပြီး အမေရိကန်ပြီးရင် သေဆုံးသူအရေအတွက် ဒုတိယအများဆုံးနိုင်ငံနေရာမှာ ဆက်လက်ရှိနေပါတယ်။

ကိုးကား - ဆင်ဟွာ၊ ဘီဘီစီ

---

## နိုင်ငံတကာသတင်းတိုထွာ

### အီရန်၌ ရောဂါကူးစက်မှုနည်းပါးသည့် နေရာများရှိ ဘာသာရေးအဆောက်အအုံများပြန်ဖွင့်

**တီဟီရန် မေ ၄**

အီရန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မပြင်းထန်သည့်ဧရိယာများရှိ ဘာသာရေးအဆောက်အအုံများကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း အီရန်သမ္မတဟက်ဆန်ရိုဟာနီက ပြောကြားခဲ့သည်။

မေ ၃ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သမ္မတရိုဟာနီက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်လမှစတင်ကာ နိုင်ငံအတွင်း ရောဂါထပ်မံကူးစက်ခံရသူအရေအတွက် လျော့ကျလာပြီဖြစ်သည်။ ပြီးခဲ့သည့် မေ ၂ ရက်က နိုင်ငံအတွင်းကိုဗစ်-၁၉ရောဂါထပ်မံကူးစက်ခံရသူ ၈၀၀ရှိကြောင်းဖော်ပြခဲ့ပြီး ယင်းအရေအတွက် တစ်ရက်လျှင် ရောဂါကူးစက်ခံရသူ ၃၀၀၀ ကျော်အထိ အမြင့်ဆုံးရောက်ရှိခဲ့ရာမှ လျော့ကျသွားခြင်းဖြစ်သည်။

သို့သော်လည်း ဘာသာရေးအဆောက်အအုံများ ပြန်လည်ဖွင့်လှစ်မှုကြောင့် ရောဂါကူးစက်မှုအခြေအနေ တစ်ဖန်ပြန်လည် မြင့်တက်လာမည်ကို စိုးရိမ်ပူပန်မှုများလည်း မြင့်တက်နေကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

### ဂျပန်၌ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာထားမှုကို မေ ၃၁ ရက်အထိ ထပ်တိုး

**တိုကျို မေ ၄**

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကြောင့် တစ်နိုင်ငံလုံးအရေးပေါ်အခြေအနေ ကြေညာထားမှုကို အစိုးရက မေလကုန်အထိ အချိန်ထပ်တိုးရန်စီစဉ်နေကြောင်းသိရသည်။ မူလက အရေးပေါ်အခြေအနေကြေညာချက် မေ ၆ ရက်တွင် သက်တမ်းကုန်ဆုံးရန်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ကပ်ရောဂါကျရောက်မှု အကျပ်အတည်းနှင့် ကျန်းမာရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး မေ ၃ ရက်တွင် အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးပြီးနောက် အစိုးရအဖွဲ့အကြီးအကဲများက အရေးပေါ်အခြေအနေထုတ်ပြန်ထားမှုကိုအချိန်ထပ်တိုးရန်သဘောတူလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံအတွင်း နေ့စဉ်ရောဂါကူးစက်ဖြစ်ပွားမှုအရေအတွက် လျော့ကျလာပြီဖြစ်သော်လည်း ဆေးဝါးကုသမှုစနစ်ဆိုင်ရာ အခက်အခဲတချို့ ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း သိရသည်။

အစိုးရက ကပ်ရောဂါဆိုင်ရာ စည်းကမ်းလမ်းညွှန်ချက် တင်းကျပ်စွာချမှတ်ရန် လိုအပ်မှုကြောင့် အထူးသတိပေးချက်ထုတ်ပြန်ထားသည့် စီရင်စုပေါင်း၁၃ခုတို့ကို အရေးပေါ်အခြေအနေကြေညာချက်ထုတ်ပြန်မှု အချိန်ထပ်တိုးရန် မရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၄-၅-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၃-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအနေဖြင့် ဓာတ်ခွဲနမူနာ (၁၂၉) ခုအား စစ်ဆေးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ (မတွေ့ရှိ) ပါ။

၂။ သို့ဖြစ်ပါ၍ (၃-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန(ရန်ကုန်) (NHL)နှင့် ဆေးသုတေသနဦးစီးဌာန(DMR)တို့မှ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၅၂) ခုတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ အဆိုပါလူနာသစ် (၄) ဦးတွေ့ရှိမှုအား (၃-၅-၂၀၂၀) ရက်နေ့ ည (၈) နာရီသတင်းတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ (၄-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၅၅) ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
## (၄-၅-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

| | |
|---|---|
| (၃-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၆၀) ခု |
| (၃-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ပထမ + ဒုတိယ)အသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၉၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၄) ဦး |

# COVID-19 ရောဂါစောင့်ကြပ် ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၄-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၅) ခုနှင့် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၁၉) ခု၊ စုစုပေါင်း (၂၁၄) ခုတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦးနှင့် နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) ဓာတ်ခွဲဌာနမှ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁)ဦး၊ စုစုပေါင်း ဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိခဲ့ပါသည်။

၂။ (၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၆၁) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၄။ (၃-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၄-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၁)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
## (၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၆) ဦး | (၁၆၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၆) ဦး | (၄၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ဇယား -၁

## (၄-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
## ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁၅၆ | ၃၃ နှစ် | ကျား | ဇေယျာသီရိမြို့နယ်၊ နေပြည်တော် | မရှိ | မရှိ | အမှတ် (၂) တပ်မတော် ဆေးရုံကြီး ကုတင် (၁,၀၀၀)၊ နေပြည်တော် | တွေ့ရှိ | စောင့်ကြည့်လူနာ |
| ၁၅၇ | ၂၃ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-151) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| ၁၅၈ | ၂၄ နှစ် | မ | မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-101,107) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၅၉ | ၂၇ နှစ် | မ | မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-101,107) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၆၀ | ၂၀ နှစ် | မ | မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-98) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၆၁ | ၆၂ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | စုံစမ်းဆဲ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |

# Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀)ပြည့်နှစ်၊ မေလ ၃ ရက်နေ့၊ (၁၆:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၃-၅-၂၀၂၀)ရက်နေ့၊ (၁၆ : ၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | ရှောဝတီ ဖောင်ဒေးရှင်း | 5,000.00 |
| ၂။ | ဖူလီလိုက် ကုမ္ပဏီအုပ်စုဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးလီကျိန်းချန်(ခ)ဦးလျှိုအားပေါက်၊ ဒါရိုက်တာ သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင် | 1,150.00 |
| ၃။ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ညီနောင်အသင်း (၁၁)နှင့် FIDဟိုတယ်များ | 1,000.00 |
| ၄။ | ကိုးကန့်လူမှုဖွံ့ဖြိုးရေးအသင်း | 1,000.00 |
| ၅။ | ဒေါ်အေးတင့်၊ ဒဂုံ(အရှေ့) | 500.00 |
| ၆။ | မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းဝင် ပုဂ္ဂလိကဆေးရုံများ | 420.00 |
| ၇။ | ပြည်သူ့ဂုဏ်ရည်အသင်းနှင့် အဝေးရောက် မြန်မာတိုင်းရင်းသားမိသားစု အလှူရှင်များ | 403.00 |
| ၈။ | IEM Co.ltd | 300.00 |
| ၉။ | မျိုးချစ် ကုမ္ပဏီ၊ တောင်ကြီးမြို့ | 300.00 |
| ၁၀။ | BF Science & Technology Co.ltd | 200.00 |
| ၁၁။ | စိုးအောင်ဘရားသား လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး | 200.00 |
| ၁၂။ | SUN Pharma | 200.00 |
| ၁၃။ | မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် | 191.50 |
| ၁၄။ | DANONE DUMEX (executed by DKSH Myanmar) | 150.00 |
| ၁၅။ | စင်ကာပူနိုင်ငံ မင်္ဂလာ ဝိဟာရ ကျောင်းဆရာတော် ဦးစိတ္တရ (ဇင်ဝေသော်) ဦးဆောင်သော လူတစ်ရာသိန်းတစ်ရာ စီမံကိန်း အလှူရှင်များ | 150.00 |
| ၁၆။ | ဆေးတက္ကသိုလ်(၁)ရန်ကုန် ၁၁/၉၅ ကျောင်းသား/သူဟောင်းများ | 148.00 |
| ၁၇။ | EY UTW Advisory ltd (EY Myanmar) | 140.00 |
| ၁၈။ | Zawgyi Premier Co.ltd | 100.00 |
| ၁၉။ | The Real Trading Co.ltd | 100.00 |
| ၂၀။ | ဦးကျော်သူရ+ ဒေါ်ဝါဝါအောင် MBP Counstructions Co.ltd | 100.00 |
| ၂၁။ | မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးရေးအသင်း | 100.00 |
| ၂၂။ | သြစတြေးလျရောက် မြန်မာမိသားစု | 76.00 |
| ၂၃။ | RIT 1984–93 Friends Foundation | 61.00 |
| ၂၄။ | SATHAPANA ltd | 60.00 |
| ၂၅။ | Burmese Medical Association Australia | 55.50 |
| ၂၆။ | No1 Foundation Unilever Distributors | 54.00 |
| ၂၇။ | U Thuyein Myint Shwe & Daw Sandar Tin Tun Family | 51.00 |
| ၂၈။ | U Thein Aung + Daw Khin Than Win | 50.00 |
| ၂၉။ | ATG Systems Co.ltd | 50.00 |
| ၃၀။ | Unilever EAC Co.ltd (CD Team) | 50.00 |
| ၃၁။ | ၁၉၆၈ ဆေးတက္ကသိုလ်ဝင် ဆရာဝန်များနှင့် သူငယ်ချင်းများ | 44.128 |
| ၃၂။ | Mitaus Co.ltd | 36.35 |
| ၃၃။ | နီလာ၊ လေးနွယ်၊ သူဇာ၊ စန္ဒာ၊ နွယ်နီ၊ သက်စန္ဒာ၊ အိ၊ ကလျာ | 30.00 |
| ၃၄။ | Zifam Pyrex Myanmar Co., Ltd နှင့် အထက်မြန်မာပြည် အရောင်းကိုယ်စားလှယ်ကြီးများ အလှူငွေ | 30.00 |
| ၃၅။ | စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဝန်ထမ်းများ | 25.00 |
| ၃၆။ | ရန်ကုန်ပညာရေးတက္ကသိုလ် မိသားစု ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ | 25.00 |
| ၃၇။ | Zawgyi Agri trade ltd | 20.00 |
| ၃၈။ | မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်း (ILAM) | 20.00 |
| ၃၉။ | U Kyi Lin And Kai Lin Family (Singapore) | 20.00 |
| ၄၀။ | အေးကမ္ဘာ စိုပြေ Co.ltd | 20.00 |
| ၄၁။ | အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့မှ ကိုစိုးပြည့်ထူး+ ဒေါ်မေဖြိုးဦး မိသားစု | 16.87 |
| ၄၂။ | The Salvation Army ကယ်တင်ခြင်းတပ်အသင်းတော် | 15.20 |
| ၄၃။ | Zawgyi Supply Chain ltd | 15.00 |
| ၄၄။ | ဒိန်းမတ်ရောက်မြန်မာနိုင်ငံသားများ | 15.00 |
| ၄၅။ | Zawgyi Group Staffs | 12.35 |
| ၄၆။ | (1984–94) သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ကျောင်းသူ/သားဟောင်းများမှ စုပေါင်းလှူဒါန်းငွေ | 12.00 |
| ၄၇။ | တစ်နိုင်ငံလုံးဆိုင်ရာ အခြေခံခတ်ခွဲကျွမ်းကျင် (၃) များအဖွဲ့ | 11.60 |
| ၄၈။ | Tatee Design School | 10.24 |
| ၄၉။ | Emerald Water Co.ltd | 10.00 |
| ၅၀။ | ဒေါ်မေသင်နှင့် သူငယ်ချင်းများ | 10.00 |
| ၅၁။ | ဒေါ်ခင်ထားနွယ်(တွဲဖက်ပါမောက္ခ)၊ ဒေါက်တာလင်းဖေသန်း (သွားဆေးတက္ကသိုလ်ရန်ကုန်)+ ဒေါ်ဝင်းမင်းပ မိသားစု | 10.00 |
| ၅၂။ | Ever Sunny Industrial Co.ltd | 10.00 |
| ၅၃။ | ဂျပန်နိုင်ငံမှ မမေမျိုးလွင် | 10.00 |
| ၅၄။ | ဦးအောင်ကိုနိုင်+ ဒေါ်နှင်းဖြူဖြူအောင် မိသားစု၊ ရန်ကုန်မြို့ | 10.00 |
| ၅၅။ | မြန်မာဘော်လီဘောလူမှုရေးအသင်း | 10.00 |
| ၅၆။ | အလ်ဟာဂျ်စိုင်ယဒ်မိုဟမ္မဒ်ဆွာလေဟ် ကိုတဝါလ် (နေပြည်တော်– ပျဉ်းမနား) | 10.00 |
| ၅၇။ | အကြင်နာစွမ်းအား ပရဟိတအသင်း | 10.00 |
| ၅၈။ | Adorable Myanmar Travels & Tours | 10.00 |
| ၅၉။ | ၁၉၈၅ ခုနှစ် စိုက်ပျိုးရေးဘွဲ့ရများ | 10.00 |
| ၆၀။ | ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)+ ဒေါ်ရွှယ်ဂျာ မိသားစု | 10.00 |
| ၆၁။ | Jaiganesh Murugesan | 10.00 |
| ၆၂။ | SUHYUP Microfinance Co.ltd | 10.00 |
| ၆၃။ | အဆင့်မြင့် ပညာဦးစီးဌာနဝန်ထမ်းမိသားစု | 7.70 |
| ၆၄။ | စီးပွားရေးတက္ကသိုလ် သရဖီဆောင် ညီအစ်မများမှ နှစ်သစ်ဦးအလှူဒါန | 6.80 |
| ၆၅။ | Prof U Myo Thwe + Dr San San Wai | 6.00 |
| ၆၆။ | ရသုံးမှန်းခြေငွေစာရင်းဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ | 5.50 |
| ၆၇။ | အခရာအဖွဲ့ | 5.00 |
| ၆၈။ | ဒေါက်တာထွန်းလွင်နှင့် ဆွေမျိုးများ မိသားစု ရန်ကုန် | 5.00 |
| ၆၉။ | ဦးဇာနည်ကိုကို + ဒေါ်အေးမူမူသိန်း | 5.00 |
| ၇၀။ | ဒေါ်ညွန့်ကြည်နှင့် သားသမီးမြေး တစ်စု၊ လှသောက်ရေသန့် | 5.00 |
| ၇၁။ | ဒေါ်သင်းသင်းကြည်၊ ဒေါ်လှလှကြည် နွေဦးမိသားစု (ရန်ကုန်) | 5.00 |
| ၇၂။ | ဦးဇော်ဝင်း + ဒေါ်မြင့်မြင့်ရီ | 5.00 |
| ၇၃။ | ဒေါ်ညွန့်ကြည်နှင့် သားသမီးမြေး တစ်စု၊ လှသောက်ရေသန့် | 5.00 |
| ၇၄။ | HMWE SEINT (Singapore) Premium Danpauk Co.ltd | 5.00 |
| ၇၅။ | ငွေရေးကြေးရေးစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင် နှင့် ဝန်ထမ်းများ | 4.70 |
| ၇၆။ | ဒေါက်တာစန်းလှိုင် + ဒေါ်ခင်အုံးကြင် မိသားစု | 3.00 |
| ၇၇။ | ဦးကျော်လွင်မွေးနေ့အလှူ ဦးကျော်လွင်+ဒေါက်တာနီလာလွင် သမီး ခိုင်ထက်ဦး၊ ဖူးဖူးကျော်လွင်၊ သား လင်းသန့်အောင် (ရွှေအိုး)အလှူ | 3.00 |
| ၇၈။ | ဦးမောင်ဝင်း + ဒေါ်ဝေဝေဦး (အကျဉ်းဦးစီးဌာန၊ အငြိမ်းစား) | 3.00 |
| ၇၉။ | ဒေါ်မြဒါလီထွန်း ဗဟန်း | 2.00 |
| ၈၀။ | ဒေါက်တာမိုးမြတ်မင်း၊ ဒေါက်တာ ဖုန်းထက် | 2.00 |
| ၈၁။ | ကိုကောင်းမြတ်ထွန်း + မအိခိုင်ဇင်အောင် | 1.00 |
| ၈၂။ | ဦးကျော့မှူး + ဒေါ် စိန်တင့် မိသားစု ရန်ကုန် | 1.00 |
| ၈၃။ | ဒေါ်အေးသိန်း မိသားစု ရန်ကုန်မြို့ | 0.50 |
| | **စုစုပေါင်း** | **12,964.93** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**

# ကမ္ဘောဇဘဏ်က လေပြင်းဒဏ်ခံခဲ့ရသည့် ရှမ်းပြည်နယ် တောင်ပိုင်း နမ့်စန်မြို့အတွက် သွပ်အချပ် ၃၀၀၀ လှူဒါန်း

**နေပြည်တော် မေ ၄**

မိုးသက်လေပြင်းဒဏ်ခံခဲ့ရသော ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်ရှိ ပြည်သူများအတွက် သွပ်အချပ်ရေ ၃၀၀၀ လှူဒါန်းပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တက်ရောက်ပြီး နမ့်စန်မြို့ တာဝန်ရှိသူများအား မေ ၄ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။

မေ ၂ ရက်က မိုးသက်လေပြင်းကျရောက်မှုကြောင့် နမ့်စန်မြို့နယ်အတွင်းမှ မက်မုန်မွန်း အမှတ် (၂) စံပြကျေးရွာ၊ အမှတ်(၄)ရွာ၊ အမှတ်(၅)ရွာ၊ အမှတ်(၉)ရွာ၊ ဟိုမီးရွာနှင့် နမ့်မန်းရွာရှိ အိမ်အများစု၏ အမိုးများ ပျက်စီးခဲ့ရသည်။ ကမ္ဘောဇဘဏ်သည် ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ဆေးရုံသုံးနှင့် ကာကွယ်ရေးပစ္စည်းများကို ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှတစ်ဆင့် နေ့စဉ်လှူဒါန်းလျက်ရှိပြီး သွေးစစ်ဆေးသည့် ABG စက် တစ်လုံး၊ ဆေးရုံသုံးနှာခေါင်းစည်း ၆၇၀၀၀ ကျော်၊ ၅၀၀ မီလီနှင့် ၁၈၀ မီလီ ပါ လက်သန့်ဆေးရည်ဘူး ၂၈၀၀ ကျော်၊ ရောဂါကာကွယ်ရေးဝတ်စုံ ၂၁၀၀ ကျော်၊ မျက်မှန် ၁၁၀၀ ကျော်နှင့် သာမိုမီတာ ၁၁၀၀ ကျော်ကို တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများနှင့် စောင့်ကြည့်ရေးစခန်းများသို့ စနစ်တကျ ဖြန့်ဝေလှူဒါန်းခဲ့သည်။

ပြည်သူများ၏ စားနပ်ရိက္ခာအတွက် ရှမ်းပြည်နယ်အစိုးရနှင့်ပူးပေါင်း၍ လှူဒါန်းငွေကျပ် သိန်း ၂၀၀၀ မ တည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို နိုင်ငံတွင်း အရေးပေါ်လိုအပ်သောနေရာများ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးရှိ အခြေခံပြည်သူများအတွက် ငွေကျပ် သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်အိတ်ပေါင်း ၂၁၀၀၀ ကျော်တို့ကို စနစ်တကျ ဖြန့်ဝေလှူဒါန်းလျက်ရှိပြီး ယခုအခါ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်၊ KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International(MAI) နှင့် Air KBZ လေကြောင်းလိုင်းတို့သည် ကိုဗစ် – ၁၉ ကာကွယ်၊ထိန်းချုပ်၊ကုသရေးအတွက် ယနေ့အထိ ငွေကျပ်သိန်းပေါင်း ၃၃၀၇၄ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုကျော်

# တပ်မတော်သားများနှင့်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

နေပြည်တော် မေ ၄

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဧပြီ ၂၈ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၈၂ မြို့နယ်ရှိ နေရာ ၁၆၃ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၂၀၂ ဒသမ ၈ ဂါလန်၊ ရေ ၇၂၁၆၈ ဂါလန် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



၂၈-၄-၂၀၂၀ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ စရီမာရီယမာန် မယ်တော်ကြီးနှင့် သန္တနုဘုရားကျောင်းတို့တွင် အမှတ်(၂) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(နန်းတွင်း)မှ အရာရှိ၊ စစ်သည်များနှင့် ချမ်းအေးသာစံမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ကာကွယ်ဆေးဖျန်းစဉ်။




၂၈-၄-၂၀၂၀ရက်က ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီဘဏ်လီမိတက်တွင် အမှတ်(၂)ပင်မအလုပ်ရုံ၊ လျှပ်စစ်နှင့် စက်ပစ္စည်းအလုပ်ရုံ (ပလစ-၂)မှ အရာရှိ၊ စစ်သည်များ ပြည်ကြီးတံခွန်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၂၈-၄-၂၀၂၀ ရက်က သာစည်မြို့နယ် သူငွေးကျေးရွာတွင် သာစည်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၂၈-၄-၂၀၂၀ ရက်က ထားဝယ်မြို့ တဂူဈေးတွင် နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်များ၊ ထားဝယ်ခရိုင် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၂၈-၄-၂၀၂၀ ရက်က ပျော်ဘွယ်မြို့နယ် ရွှေပြည်ရန်လုံရပ်ကွက်ရှိ ဦးသိန်းအောင် နို့ဆီချက်စက်ရုံတွင် ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၂၈-၄-၂၀၂၀ ရက်က မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာတွင် မတ္တရာမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၂၈-၄-၂၀၂၀ ရက်က ပဲခူးမြို့ပေါ်ရှိ ဟသ်ာကုန်းဘုရားတွင် ပဲခူးတပ်နယ်မှူးနှင့် ပဲခူးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၂၈-၄-၂၀၂၀ ရက်က ရွှေဘိုမြို့ ရွှေဘိုတက္ကသိုလ် အသွားအလာကန့်သတ်ထိန်းချုပ်စောင့်ကြပ်ကြည့်ရှုနေရာတွင် ရွှေဘိုခရိုင်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၂၈-၄-၂၀၂၀ ရက်က ပင်လည်ဘူးမြို့နယ် အ.ထ.က(မြေလင်း) အသွားအလာကန့်သတ်ထိန်းချုပ်စောင့်ကြပ်ကြည့်ရှုနေရာတွင် ပင်လည်ဘူးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အဖွဲ့အစည်းများ ပူးပေါင်း၍ COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၂၈-၄-၂၀၂၀ ရက်က ဝန်းသိုမြို့နယ် အ.ထ.က (တပ်နယ်မြေ) အသွားအလာကန့်သတ်ထိန်းချုပ်စောင့်ကြပ်ကြည့်ရှုနေရာတွင် နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်များနှင့် ဝန်းသိုမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ကာကွယ်ဆေးဖျန်းစဉ်။

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၄**

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။



## ချင်းတွင်းမြစ်ကြောင်းအတွင်းအမြန်ရေယာဉ်လိုင်းများ ပြေးဆွဲခြင်းမရှိသေးသော်လည်း ကုန်တင်ရေယာဉ်များ ပြန်လည်ပြေးဆွဲလျက်ရှိ



**မုံရွာ မေ ၄**
ချင်းတွင်းအထက်ပိုင်း ဒေသများသို့ လူစီး အမြန်ရေယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲခြင်း မရှိသေးသော်လည်း နေ့စဉ်ကုန်တင်ရေယာဉ်များ ရှစ်စင်းခန့် ပြေးဆွဲပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိက ရေယာဉ်များစနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီမှ အတွင်းရေးမှူး ဦးဇော်ဝင်းက ပြောသည်။

"နေ့စဉ် ကုန်တင်ရေယာဉ်တွေ အဝင်/အထွက်ရှိတယ်။ တစ်ရက်ကို လာသတင်းပို့တာ ၁၀ စင်းလောက် ရှိပေမယ့် တကယ်ထွက်တာက ခြောက်စင်းကနေ ရှစ်စင်းလောက် ရှိတယ်။ တစ်ခါတလေမှာ ကုန်လိုအပ်ချက်အရ ရှစ်စင်းလောက်ပဲ လာသတင်းပို့တယ်။ လူစီးအမြန်ရေယာဉ်လိုင်းတွေအနေနဲ့ သင်္ကြန်မတိုင်ခင် ခရီးသည်ယာဉ်တွေက နေ့စဉ်ခြောက်စင်းလောက် ပုံမှန်ထွက်တယ်။ သင်္ကြန်အကြိုကနေ နှစ်ဆန်းတစ်ရက်နေ့အထိနှစ်စဉ်ပုံမှန်ပိတ်တယ်၊ နှစ်ဆန်း ၂ ရက်မှာ ပြန်လည်ပြေးဆွဲရမှာ ဖြစ်ပေမယ့် သင်္ကြန်ပြီးတဲ့နောက်ပိုင်းမှာ ကိုဗစ်-၁၉ ကြောင့် ခရီးစဉ်တွေကို ပိတ်ထားတာ ဖြစ်တယ်။ လူစီးအမြန်ရေယာဉ်လိုင်းတွေ ပြန်လည်ပြေးဆွဲဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ထားပေမယ့် တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်းမရှိသေးတာကြောင့် မပြေးဆွဲသေးဘူး" ဟု ၎င်းက ပြောသည်။

တိုင်းဒေသကြီးအတွင်းဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်အထက်ပိုင်းတစ်လျှောက်သို့ မုံရွာမြို့မှ အခြေပြု ပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ်အစင်းပေါင်း ၁၄၀ ကို ကုန်တင်ရေယာဉ်အသင်း ၁၁ သင်းဖွဲ့စည်း ပြေးဆွဲလျက်ရှိရာ ကိုဗစ်- ၁၉ ဖြစ်ပွားလျက်ရှိသောကာလအတွင်း တစ်ရက်လျှင်ရှစ်စင်းခန့်ဖြင့် ချင်းတွင်းအထက်ပိုင်းဒေသများသို့ လူသုံးကုန်၊ စားသောက်ကုန်၊ အိမ်ဆောက်ပစ္စည်းနှင့် စက်သုံးဆီစသည့် ကုန်စည်များစီးဆင်းနိုင်ရေး ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး မံဝိန်းကြီးကျေးရွာဈေးကို ရွှေ့ပြောင်းရောင်းချ

**မံစီ မေ ၄**
ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကချင်ပြည်နယ် မံဝိန်းကြီးကျေးရွာ ရပ်ကွက်(၄) အတွင်းရှိ ကျေးရွာ စည်ပင်သာယာဈေးမှ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်စသည့် စားသောက်ကုန်များကို အခြေခံပညာအထက်တန်းကျောင်း (မံဝိန်းကြီး) ဘောလုံးကွင်း၌ ယနေ့နံနက်က စတင်ရွှေ့ပြောင်းခဲ့သည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးလနူးနှင့် တာဝန်ရှိသူများက ဈေးရောင်းချရာတွင် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ စနစ်တကျရှိစေရေး ယနေ့နံနက်ပိုင်းက စစ်ဆေးသည်။



ရွှေ့ပြောင်းဈေးအတွင်း မံဝိန်းကြီး ဒေသအတွင်းရှိကျေးရွာအုပ်စုများမှ ဈေးသူဈေးသားများနှင့် နမ့်ခမ်းမြို့နယ်မှ လာရောက်ရောင်းချသည့် ဈေးသည်များက ရောင်းချလျက်ရှိပြီး တာဝန်ရှိသူများက ကိုဗစ်- ၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ခြောက်ပေအကွာစီ အကွက်ချ၍ နေရာ သတ်မှတ်ရောင်းချစေခဲ့ရာ စုစုပေါင်း ၃၂၈ ကွက်ကို သတ်မှတ်ထားပေးကြောင်း၊ ဆေးဆိုင်နှင့် အထည်ဆိုင်များကို မံဝိန်းကြီးကျေးရွာ စည်ပင်သာယာဈေး၌ ဆက်လက်ရောင်းချစေမည်ဖြစ်ကြောင်း သိရသည်။

**ရိန်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၅-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၈၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၀/၄၅၅ | ကျပ် | ၄၄၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၀/၄၆၅ | ကျပ် | ၄၅၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၁၀ | ကျပ် | ၃၃၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၂၀/၄၄၅ | ကျပ် | ၄၈၅/၅၀၅ | ကျပ် |

(စက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၁ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၃ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၉ . ၂၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၁ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၂ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၉၈ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၁၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၇၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၂၁၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၅၃၉၅ | ၅၃၅၃၂၇၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၂၉၄၇ | ၁၁၀၅၆၄၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၅ | ၄၀၅၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၆ | ၃၆၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၉၈ | ၂၆၉၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပုသိမ်မြို့ပေါ်ရှိ စက်ရုံ ကိုးရုံ မေ ၄ ရက်၌ ပြန်လည်ဖွင့်လှစ်

**ပုသိမ် မေ ၄**
ဧရာဝတီတိုင်းဒေသကြီး၌ အခြေခံအလုပ်သမားများအတွက် စက်ရုံအလုပ်ရုံများ ရပ်နားထားရသည့်အတွက် စက်ရုံအလုပ်ရုံများအား ပြန်လည်ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသောညွှန်ကြားချက်များကို ဆောင်ရွက်ထားမှု ရှိ/မရှိ ကွင်းကျင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးဆောင်ရွက်ခဲ့သည်။ စည်းမျဉ်းနှင့်ကိုက်ညီသည့် ပုသိမ်မြို့ပေါ်ရှိ စက်ရုံကိုးရုံကို မေ ၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန်ခွင့်ပြုလိုက်ပြီ ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ၁-၅-၂၀၂၀ ရက်စွဲပါ စာအမှတ် ၁၀၀၀/၁-၃(၁၄၉) အစိုးရ (ဧရာဝတီ)ဖြင့် ထုတ်ပြန်ပေးထားသည်။

သို့သော် စက်ရုံအလုပ်ရုံများ ပြန်လည်လုပ်ကိုင်ကြရမည့် လုပ်ငန်းခွင်ဝင်ဝန်ထမ်း/လုပ်သားများသည် ဖယ်ရီယာဉ်ပေါ်သို့ သတ်မှတ် လူဦးရေ ၂၀ ရှိပါက ၁၀ ဦးသာ စီးခွင့်၊ လူ ၃၀ စီး သတ်မှတ်ယာဉ်များတွင် ၁၅ ဦးမျှသာ စီးနင်းခွင့်ပြုမည်ဖြစ်ပြီး ယာဉ်ပေါ်စီးနင်းရာတွင်လည်း နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရန်နှင့် ယာဉ်ပေါ်ရောက်ရှိသည်နှင့် လက်သန့်ဆေးရည်ဖြင့် လက်ဆေးရန် ဆောင်ရွက်နိုင်ရေးကို ခရိုင်/မြို့နယ်/ကော်မတီများထံ ညွှန်ကြားချက်ထုတ်ပြန်ထားရှိကြောင်း သိရသည်။

**ပုသိမ်- လှကြည်**

## ဖျာပုံမြို့၌ အနေးယာဉ်လုပ်သားများအား ဆန်များ အခမဲ့ဖြန့်ဝေ

**ဖျာပုံ မေ ၄**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကူးစက်မှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေးနှင့် စားဝတ်နေရေးအဆင်ပြေစေရန် အစီအစဉ်တစ်ရပ်အနေဖြင့် အနေးယာဉ်လုပ်သားများအား အဝတ်နှာခေါင်းစည်းနှင့် ဆန်များကို ယနေ့ နံနက်ပိုင်းက အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ အခမဲ့ဖြန့်ဝေရာတွင် စုရပ်နေရာအဖြစ် ရှစ်နေရာတို့တွင် အနေးယာဉ်လုပ်သားတစ်ဦးလျှင် အဝတ်နှာခေါင်းစည်းတစ်ခုနှင့် ဆန်တစ်ပြည် အခမဲ့ပေးဝေခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်ကိုဗစ်ရောဂါ ကာကွယ်ရေးကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်းများပူးပေါင်း၍ အဝတ်နှာခေါင်းစည်း ၁၆၀၀ ကျော်နှင့် ဆန်စက် ဆန်ကုန်သည်များအသင်းမှ ဆန် ၁၀ အိတ်ကို မြို့ပေါ်အတွင်း ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။

**အောင်ဝင်းနိုင်**


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခင်ရတနာ |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| **အငယ်တန်းသတင်းထောက်များ** | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# နဝဝါသီ(ပြည်) မြို့ဟောင်းနှင့် သရေခေတ္တရာ(ပျူ)မြို့ဟောင်း

## မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီး ကိုးလမြောက် အချိန်ကာလ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပြာသိုလပြည့်နေ့တွင် သီဟပဗ္ဗတအမည်ရှိသော ဖိုးဦးတောင်သို့ ပထမအကြိမ် ကြွရောက်တော်မူလာပြီးနောက် ၁၂ နှစ်ကြာသော် မဟာသက္ကရာဇ် ၁၁၅ ခုနှစ် တပို့တွဲလပြည့်နေ့တွင် ဝေဠုဒီပတိုင်း၏ သီရိခေတ္တမင်းသည် အသက် ၃၅ နှစ်ပြည့်လျှင် ရသေ့ရဟန်းပြုသော မင်းမျိုးဖြစ်သောကြောင့် တိုင်းပြည်မှ မနှစ်သက်၍ နှင်ထုတ်သဖြင့် သီရိခေတ္တမင်းသည်လိုလားသောဗိုလ်ခြေများနှင့်တကွ တိုင်းပြည်မှ ထွက်ခွာခဲ့ကြသည်။

### မြို့တော်တည်ရန် နေရာသစ်ရှာဖွေ

သီရိခေတ္တမင်းနှင့်တကွ မှူးမတ်တို့သည် သလ္လာဝတီမြစ်၊ ဧရာဝတီမြစ်တို့ကိုကူး၍ မြို့သစ်တည်ရန် နေရာသစ်ကို ရှာဖွေကြသည်။ ယခုပြည်မြို့တည်ရာ အရပ်သို့ ရောက်လျှင် မြို့သစ်တည်ရန် မြေအနေအထား ကောင်းမွန်သဖြင့် စခန်းချလေသည်။ ထိုအချိန်တွင် မန္ဒာရနဂါးမင်းသည် ဧရာပတ္တနဂါးမင်းထံသို့ သွားရောက်ရန် သမုဒ္ဒရာမှထွက်ခဲ့ရာ သီရိခေတ္တမင်း၏ တပ်ဦးသို့ ရောက်လျှင် ညာပဏ္ဍာရာဇဂဠုန်မင်းရနံ့နှင့် လေတို့သည် မိမိကိုယ်ကိုထိသဖြင့် အလွန်ကြောက်လန့်သောကြောင့် ရွှေငါးပြေမ ယောင်ဖန်ဆင်း၍ နေလေသည်။

ထိုအခြင်းအရာကို ဂဠုန်မင်းမြင်လျှင် ရွှေပြည်စိုးငှက် သဏ္ဌာန်ဖန်ဆင်းလျက် ရွှေငါးပြေမကိုချီ၍ သီရိခေတ္တမင်း၏ရှေ့သို့ ပျံဝဲသွားသည်။ ထိုအခြင်းအရာကို သီရိခေတ္တမင်းသားမြင်လျှင် "သင်တို့သည် စင်စစ်ငှက်နှင့်ငါးမဟုတ်၊ ဂဠုန်နှင့် နဂါးသာဖြစ်မည်ဟုမေးရာ"ဟုတ်မှန်ကြောင်း ဝန်ခံခဲ့ကြသည်။ သီရိခေတ္တမင်းသားသည် ဂဠုန်မင်းအား သူတစ်ပါးကို သတ်ဖြတ်ညှဉ်းဆဲခြင်း အပြစ်သည် အလွန်ဆင်းရဲသောအပါယ်ငရဲသို့ကျရောက်တတ်ကြောင်းပြော၍ နဂါးမင်း၏အသက်ကို ချမ်းသာပေးရန် တောင်းပန်လေသည်။ သီရိခေတ္တမင်းနှင့်တကွ သုံးဦးတို့သည် အဆွေခင်ပွန်းဖွဲ့ကြလေသည်။

ထိုအခါ သီရိခေတ္တမင်းသားသည် မြို့သစ်၊ ပြည်သစ်တည်ရန်အလို့ငှာ ဤနေရာသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု မိမိ၏အကြောင်းကို သိစေခြင်းငှာ ပြောကြားလေသည်။ ဂဠုန်နှင့် နဂါးမင်းတို့သည်လည်း ဝမ်းမြောက်စွာဖြင့် "အသင်မင်းသား ဤနေရာသည် ကောင်းမြတ်သောနေရာ ဖြစ်သည်။ မြို့သစ်၊ ပြည်သစ်တည်ထောင်၍နေပါ။ အရေးတစ်စုံတစ်ရာကြုံပါက သီချင်းမန္တရားများကို သီဆို၍ ကျွန်ုပ်တို့အား တမ်းတပါလေ။ ကျွန်ုပ်တို့သည် သင့်အားစောင့်ရှောက်ပါမည်'' ဟု ကတိပြုကာ မိမိတို့အလိုရှိရာဌာနသို့ သွားကြလေသည်။

သီရိခေတ္တမင်းသားသည် ပညာရှိတို့အား အတိတ်နိမိတ်ဖတ်စေသည်။ ထိုအခါ ပညာရှိတို့က အရှင်မင်းသား ဤအရပ်၌ မြို့တည်သည်ရှိသော် ကြည့်ရှုမစမည့်သူများ၍ အခွန့်ရှည်စွာ တည်တံ့မည်ဖြစ်ပြီး ဂဠုန်၊ နဂါးတို့ကိုလည်း အစိုးရမည်ဟု နိမိတ်ဖတ်ကြလေသည်။ ဤသို့ဖြင့် မဟာသက္ကရာဇ် ၁၁၅ ခု တပေါင်းလဆန်း ၁ ရက်နေ့တွင် မြို့အင်္ဂါအစုံအလင်ဖြင့် စတင်တည်ဆောက်ရာ တပေါင်းလပြည့်နေ့၌ ပြီးစီးလေသည်။ မြို့၏အမည်မှာ တောအုပ်ကို အသစ်ခုတ်ထွင် ရှင်းလင်းတည်ထားသောကြောင့် "နဝဝါသီမြို့" ဟု ခေါ်တွင်စေခဲ့သည်။

### ပျူမြို့မှ ပြည်မြို့ဟု ခေါ်တွင်လာ

ထို့နောက် အလကပ္ပမင်းသားသည်လည်း သီရိခေတ္တမင်းကဲ့သို့ ၃၅ နှစ်ရောက်လျှင် ရသေ့ရဟန်းပြုသော မင်းမျိုးဖြစ်၍ ချစ်ခင်ရင်းနှီးသော သီရိခေတ္တမင်းထံသို့ နောက်လိုက်ဗိုလ်ပါများနှင့် ရောက်ရှိလာသည်။ သီရိခေတ္တမင်းလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အလကပ္ပမင်းသားအား မြို့ကိုအပ်နှင်းလေသည်။ မင်းသားလည်း အလိုမရှိ၍ သီရိခေတ္တမင်း၏လက်အောက်တွင် စစ်သူကြီးအဖြစ်နှင့် နေထိုင်လေသည်။ ထိုမင်းနှစ်ပါးကို နှင်ထုတ်လိုက်သော ဝေဠုဒီပတိုင်းသားများနှင့် အလကပ္ပတိုင်းသားတို့သည် မင်းနှစ်ပါးထံ လိုက်လာပြီးလျှင် အရှင်တို့ကိုယ်တိုင် ကိုယ့်တိုင်းပြည်ကိုပြန်၍ မင်းပြုပါရန် တောင်းပန်လျှောက်ထားကြသည်။ မင်းနှစ်ပါးတို့သည်လည်း ထိုသူတို့၏လျှောက်တင်ချက်များကို ငြင်းပယ်၍ ယနေ့ ငါတို့နေထိုင်ရာ (နဝဝါသီ) ဤဌာနသည် စိတ်နှလုံးချမ်းမြေ့ လှသောဌာနဖြစ်၍ ဤဌာန၌ပင် နေတော့မည်ဟု မိန့်ကြားလိုက်လေသည်။

ထို့နောက် နဝဝါသီမြို့တွင် နေထိုင်ကြသော နှစ်ပြည်သားတို့သည် အချင်းချင်းရန်မရှိကြဘဲ အစဉ်ပြေလည်မှုရှိခြင်း၊ ဂဠုန်၊ နဂါးရန်ပြေခြင်း၊ ရွှေငါးပြေမ၊ ရွှေပြည်စိုးငှက်ဟူသော နိမိတ်တို့ကို အကြောင်းပြု၍ "နဝဝါသီတိုင်းရွှေပြည်မြို့"ဟူ၍လည်းကောင်း၊ ရန်ပြေမြို့ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။ ထို့ပြင် သာကီဝင်မင်းတို့သည် အသက် ၃၅ နှစ်ရောက်လျှင် ရသေ့ရဟန်းပြုမြဲဖြစ်၍ ရသေ့ရဟန်းပြုမြို့ဟူ၍လည်းကောင်း၊ ပြုမြို့၊ ပျူမြို့၊ ပြေမြို့ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။

အချို့မှာမူ သရေခေတ္တရာပြည်ကြီး ပျက်စီးပြီးနောက် ကူးသန်းသွားလာမှု လွယ်ကူရာ ဧရာဝတီမြစ်ကမ်းပါးသို့ လူများပြောင်းရွှေ့နေထိုင်လာကြသဖြင့် တစ်စတစ်စ လူဦးရေများပြားလာရာ မြို့တစ်မြို့အဖြစ် ရောက်ရှိခဲ့သည်။ ထိုမြို့၌ ရှေးအခါက ပျူလူမျိုးတို့ နေထိုင်ခဲ့ဖူးသည်ကို အစွဲပြု၍ ပျူမြို့ဟု ခေါ်တွင်ခဲ့သည်။ နောင်အခါ ပျူမြို့မှ "ပြည်မြို့"ဟု ခေါ်တွင်လာသည်ဟု ယူဆကြလေသည်။

ယခုပြည်မြို့နေရာ၌ ရှေးယခင်က ပြည်တစ်ပြည်ဖြစ်ခဲ့ဖူးပြီး ထိုပြည်အား "ပုရိ"ဟု ခေါ်ဆိုခဲ့ကြသည်။ ထိုသို့ခေါ်ဆိုရာမှ ချောင်းငင်ဖြုတ်ပြီး "ပရိ"ပြည်ဟူ၍ ပြောင်းလဲကာ "ပြည်မြို့"ဟုလည်းကောင်း၊ "ပြေမြို့" ဟုလည်းကောင်း ခေါ်တွင်ခဲ့သည်ဟု မှတ်သားရပါသည်။ ပြည်မြို့သည် ပုဂံခေတ်နှောင်းပိုင်း နရသီဟပတေ့မင်း၏သား ပြည်စားသီဟသူက မြို့အင်္ဂါနှင့်အညီ သစ်တပ်မြို့ရိုး၊ မြေမြို့ရိုး၊ အုတ်မြို့ရိုးသုံးထပ်ဖြင့် တည်ဆောက်ခဲ့သည်။ ပြည်မြို့သည် အရှေ့နှင့်အနောက် တာ ၄၀၀၊ တောင်နှင့် မြောက် တာ ၅၀၀ ကျယ်ဝန်းသည်။

ပြည်မြို့ မြို့အဖြစ်တည်ထောင်ပြီး မြို့စားအုပ်ချုပ်သော မြို့အဖြစ်လည်းကောင်း၊ ဘုရင်သီးခြားအုပ်ချုပ်သော မြို့အဖြစ်လည်းကောင်း တည်ဆောက်ခဲ့ကြသည်။ ပြည်မြို့တွင် အုပ်ချုပ်စိုးစံခဲ့သော ဘုရင်များမှာ ၂၆ ပါး ရှိခဲ့သည်။

### ယဉ်ကျေးမှုလက်ရာများ ထွန်းကားရာမြေ

ဤသို့ဖြင့် ပြည်မြို့သည် ပျူခေတ်တွင် သရေခေတ္တရာနှင့် ခေတ်ပြိုင် နဝဝါသီမြို့အဖြစ် စတင်ပေါ်ပေါက်ခဲ့ပြီး ပျူခေတ်ကုန်ဆုံးပြီးနောက် ပုဂံခေတ်သို့ ရောက်ရှိသောအခါ၌လည်း မင်းစဉ်မင်းဆက်များဖြင့် သက္ကရာဇ် ၆၀၄ မှ သက္ကရာဇ် ၁၁၁၇ ခုအထိ အုပ်ချုပ်ခဲ့ကြသည်။ ထို့နောက် အင်းဝခေတ်တွင် မွန်-မြန်မာ အနှစ်လေးဆယ်စစ်ပွဲကြီး၏ စစ်မြေပြင် ဖြစ်ခဲ့ရသည်။ ဟံသာဝတီခေတ်တွင်လည်း မွန်တို့၏လက်အောက်သို့ ကျရောက်ခဲ့ရသည်။

တောင်ငူခေတ်တွင် ပြည်မြို့သည် မြန်မာတို့လက်အောက်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ကုန်းဘောင်ခေတ်၌လည်း မွန်တို့လက်အောက်သို့ ကျရောက်ခဲ့ရသော ပြည်မြို့အား အလောင်းမင်းတရားကြီးက ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယကျူးကျော်စစ်အပြီး၌ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်၏ ဖုံးဒဏ်ကိုလည်း ခံခဲ့ရသည်။ ထိုအကြောင်းအရာများ၏အကြားတွင် ပြည်မြို့သည် ယနေ့တိုင်ခိုင်မာစွာ ကြံ့ကြံ့ခံရပ်တည်လျက် ရှိနေပေသည်။

နဝဝါသီ(ပြည်)မြို့သည် ပဲခူးတိုင်းဒေသကြီးအတွင်းတွင် တည်ရှိပြီး သမိုင်းကြောင်းအရ ထူးခြားလှသည့် တိုင်းတစ်တိုင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ဟံသာဝတီမည်သော ဥဿာပဲခူး၏ ရှေးဟောင်းမြို့တော်သည်လည်းကောင်း၊ စစ်တောင်းမြစ်ဝှမ်း၏မြို့တော် ကေတုမတီမည်သော တောင်ငူမြို့သည်လည်းကောင်း၊ ပျူလူမျိုးတို့၏ မြို့တော်အဖြစ် ထင်ရှားသော သရေခေတ္တရာမြို့ဟောင်းသည်လည်းကောင်း၊ ပြည်မြို့ဟောင်းသည်လည်း ပဲခူးတိုင်းဒေသကြီးအတွင်းတွင် တည်ရှိနေသော ထင်ရှားသည့် မြို့တော်များဖြစ်သည်။ ယင်းမြို့တော်ဟောင်းများ၌ ဘိုးဘေးဘီဘင်တို့၏ ယဉ်ကျေးမှုလက်ရာ အမွေအနှစ်တို့သည် ယနေ့တိုင် ကြွင်းကျန်အဖြစ် တည်ရှိနေဆဲဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်ပေသည်။ မြန်မာနိုင်ငံအတွင်း ဗုဒ္ဓဘာသာ စတင်ထွန်းကားခဲ့သည်မှာ သရေခေတ္တရာခေတ်မှ စတင်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။ ပြည်မြို့သည် သရေ ခေတ္တရာပြည်ကြီးတည်ရှိရာဒေသဖြစ်သဖြင့် ဗုဒ္ဓ ဘာသာဆိုင်ရာ ဘာသာရေးအထိမ်းအမှတ်များဖြစ်သည့် စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်များ တည်ထားကိုးကွယ်သူများပြားသောအရပ် ဒေသလည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားများ အမှတ်မှားပြောဆိုနေကြသော နဝဝါသီ(ပြည်)မြို့သည် သရေခေတ္တရာ မဟုတ်သကဲ့သို့ သရေခေတ္တရာသည်လည်း ပြည်မြို့(နဝဝါသီ)မဟုတ်ပေ။ မြို့တည်ဖွဲ့ပုံစံချင်းပင် မတူညီပေ။ ရေမြေအနေအထားမှာလည်း ကွဲပြားမှုရှိသည်။ သရေခေတ္တရာမြို့ဟောင်းသည် ပြည်မြို့၏ အရှေ့ဘက် ၅ မိုင်အကွာတွင် တည်ရှိသောပျူမြို့ဟောင်း မြို့ကြီးတစ်မြို့ဖြစ်သည်။ ယခုအခါတွင် သရေခေတ္တရာမြို့ဟောင်းနှင့် နဝဝါသီ (ပြည်မြို့) တို့ကိုခွဲခြားရန် လွယ်ကူစေခဲ့ပြီး ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သရေခေတ္တရာမြို့ဟောင်းသည် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခံရသော ပျူမြို့ဟောင်းသုံးမြို့တွင် တစ်မြို့အဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် "နဝဝါသီ" သည် "နဝဝါသီ"၊ "သရေခေတ္တရာ" သည် "သရေခေတ္တရာ" ပင် ဖြစ်ပါသည်။ ။



ပြည်မြို့သမိုင်းဝင် ရွှေဆံတော်ဘုရား။

"နိုင်ငံသူ နိုင်ငံသားများ အမှတ်မှားပြောဆိုနေကြသော နဝဝါသီ(ပြည်)မြို့သည် သရေခေတ္တရာ မဟုတ်သကဲ့သို့ သရေခေတ္တရာသည်လည်း ပြည်မြို့ (နဝဝါသီ)မဟုတ်ပေ။ မြို့တည်ဖွဲ့ပုံစံချင်းပင် မတူညီပေ။ ရေမြေအနေအထားမှာလည်း ကွဲပြားမှုရှိသည်။ သရေခေတ္တရာမြို့ဟောင်းသည် ပြည်မြို့၏ အရှေ့ဘက် ၅ မိုင်အကွာတွင် တည်ရှိသော ပျူမြို့ဟောင်း မြို့ကြီးတစ်မြို့ဖြစ်သည်။ ယခုအခါတွင် သရေခေတ္တရာမြို့ဟောင်းနှင့် နဝဝါသီ (ပြည်မြို့) တို့ကို ခွဲခြားရန် လွယ်ကူစေခဲ့ပြီး ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သရေခေတ္တရာမြို့ဟောင်းသည် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်အဖြစ် အသိအမှတ်ပြုခံရသော ပျူမြို့ဟောင်း သုံးမြို့တွင် တစ်မြို့အဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်"

## မယ်စဲ့မြို့နယ်၌ မိုးရာသီတွင် ပျိုးပင်ပေါင်း ၃၂၂၂၀ စိုက်ပျိုးမည်

မယ်စဲ့ မေ ၄

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးနှင့် သစ်တောပြုန်းတီးမှု ကာကွယ်ရေးတို့အတွက် မိုးရာသီကာလအတွင်း သစ်မျိုးစုံ ပျိုးပင်ပေါင်း ၃၂၂၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီး ဌာနမှ သိရသည်။

မယ်စဲ့မြို့နယ်တွင် သဘာဝတောများပြုစုထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ဧက ၉၀၀၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းအတွက် ပျဉ်းကတိုး၊ ကျွန်း၊ ပိတောက် ဧက ၆၀၊ ရေဝေရေလဲ စိုက်ခင်းအတွက် မြန်မာကုက္ကို၊ စစ်(ခ) သစ်ဖြူ ဧက ၅၀၊ လူထုဖြန့်ဝေရန် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ ငုရွှေဝါ၊ ပင်လယ်ကဗွီး၊ မဟော်ဂနီ၊ စစ်(ခ)သစ်ဖြူ၊ မြန်မာကုက္ကိုအပင် ၁၄၀၀၀၊ လမ်းဘေးဝဲ/ယာ တစ်အုပ်တစ်မ ကျွန်းစိုက်ခင်းအတွက် ကျွန်းအပင် ၆၀၀၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အတွက် ကျွန်း၊ ပိတောက်အပင် ၁၀၀၀ ကို နမ့်ပိန်းလင်ယာယီပျိုးဥယျာဉ်နှင့် မြို့မပျိုးဥယျာဉ်တို့တွင် ပျိုးထောင်ထားရှိကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

## ပခုက္ကူမြို့နယ် ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးသည့် နွေစပါးများအောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပခုက္ကူ မေ ၄

ပခုက္ကူမြို့နယ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးသည့် နွေစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပခုက္ကူမြို့နယ်တွင် ကုက္ကိုလှ၊ ကြီးရွာ၊ ရွှေတန့်တစ်နှင့် နန်းပို့မြစ်ရေတင်စီမံကိန်းလေးခုရှိရာ ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်းကို ၂၀၀၀-၂၀၀၁ တွင် စတင်ပြီး ၂၀၀၉-၂၀၁၀ တွင် စီမံကိန်းလုပ်ငန်းပြီးစီးအောင်မြင်ခဲ့ကြောင်း၊ ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်းဖြင့် စိစစ်ပြီးသော ဧကပေါင်း ၁၅၀၀ ဖြစ်ပြီး မိုးစပါးဧက ၁၀၀၀ နှင့် နွေစပါးဧက ၇၀၀ အတွက် နှစ်စဉ်ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ပခုက္ကူမြို့နယ် ရွှေတန့်တစ်စံပြကျေးရွာနေတောင်သူ ဦးပြေအေးက ရွှေတန့်တစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးစိုက်ဧကပေါင်း ကိုးဧကရှိကြောင်း၊ ပြီးခဲ့သည့်မိုးစပါးစိုက်တစ်ဧကလျှင်တင်း ၁၀၀ ကျော်ထွက်ရှိခဲ့ပြီး ယခုစိုက်ပျိုးသည့် နွေစပါးတွေကိုလည်း ယခင်နှစ်များကလိုအထွက်နှုန်းကောင်းပြီး အောင်မြင်ဖြစ်ထွန်းမည်ဟု ယုံကြည်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှညွှန်ကြားသည့် စိုက်ပျိုးရေး နည်းစနစ်များအတိုင်း စိုက်ပျိုးနိုင်သည့် တောင်သူများကို စပါးမျိုးစေ့များ ထုတ်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ကိုင်သည့် တောင်သူများအတွက် မိုးစပါးနှင့်နွေစပါးကိုသာ အဓိကအားထား လုပ်ကိုင်နေကြသော်လည်း ထွက်ရှိလာသည့် စပါးတင်းများ၏ ဈေးကွက်များ တည်ငြိမ်မှုမရှိကြောင်း၊ လယ်အတွက်အလုပ်သမားများ ငှားရမ်းလုပ်ကိုင်စေသည့်အခါတွင်လည်း လုပ်အားခ



ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်းမှ နွေစပါးစိုက်ခင်းများသို့ ရေပေးဝေထားစဉ်။

မြင့်တက်လာပြီး လုပ်အားနှုန်းကျဆင်းလာကြောင်း၊ အခြားသော လယ်ထွန်စက်ငှားရမ်းခြင်း၊ ဓာတ်မြေဩဇာထည့်သွင်းခြင်းများတွင် ဈေးမြင့်တက်မှုများရှိလာကြောင်း၊ ထို့ကြောင့် စပါးစိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူများအတွက် စပါးဈေးများကို တည်ငြိမ်အောင် ထိန်းပေးနိုင်ပါက အဆင်ပြေမည်ဖြစ်ကြောင်း ပြောသည်။

မိုးစပါးနှင့် နွေစပါးစိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူများအတွက် ပခုက္ကူခရိုင်တွင် မြစ်ရေတင်စီမံကိန်း ၁၄ ခုနှင့် ပခုက္ကူမြို့နယ်တွင် မြစ်ရေတင်စီမံကိန်းလေးခုဖြင့် နှစ်စဉ်ရေပေးဝေလျက်ရှိပြီး ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်းဖြင့် ရွှေတန့်တစ်ကျေးရွာ၊ ဆင်မင်းရွာ၊ ကွန်းရွာ၊ ဒေါင်းစားကျေးရွာ၊ မကျီးပင်ပုကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ ကင်မွန်းခါးကျေးရွာနှင့် နတဲကျေးရွာ စသည့် ကျေးရွာရှစ်ရွာတို့တွင် စပါးစိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူများအတွက် နှစ်စဉ်ရေလုံလောက်စွာ ပေးဝေပေးလျက်ရှိကြောင်း သိရသည်။ **ဆလိုင်းကိုကီး**

## စိုက်ပျိုးရေးသုတေသန ဦးစီးဌာနက ဇင့်ဓာတ်ကြွယ်ဝစေသည့် စပါးမျိုးလိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) တို့ ပူးပေါင်း၍ အဆင့်မြင့်စပါးသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် ဇင့်အာဟာရဓာတ်ချို့တဲ့မှုကို ဖြေရှင်းနိုင်ရန် ဇင့်ဓာတ်ကြွယ်ဝသည့် စပါးမျိုးများမွေးမြူရွေးချယ်ခြင်း သုတေသနဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

အဆိုပါ သုတေသနလုပ်ငန်းများကို စပါးသီးနှံသုတေသနဌာနစု စိုက်ကွင်းတွင် ၂၀၁၇ ခုနှစ် နွေရာသီမှ စတင်၍ သုတေသနပြုဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် စပါးမျိုးလိုင်းသစ် ၁၄၄ မျိုးနှင့် စံထားမျိုးငါးမျိုးတို့ကို Augmented Design အသုံးပြု၍လည်းကောင်း၊ ဇင့်ဓာတ်ကြွယ်ဝသော စပါးမျိုးများ ဒုတိယအဆင့်အတွက် ယှဉ်ပြိုင်ခြင်းသုတေသနတွင် မျိုးလိုင်း ၂၄ မျိုးအား ထပ်ပြုကြိမ်သုံးကြိမ်ဖြင့် အာစီဘီဒီဇိုင်းအသုံးပြု၍ လည်းကောင်း သုတေသနပြု စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

ဇင့်ဓာတ်ကြွယ်ဝသည့် စပါးမျိုးများ မွေးမြူရွေးချယ်ခြင်း သုတေသနတွင် IRRI မှ မော်လီကျူလာနည်းပညာ (Marker Assisted Breeding) ဖြင့် သုတေသန ပြုရရှိလာသည့် ဇင့်ဓာတ်ကြွယ်ဝသော စပါးမျိုးများ အသုံးပြုထားခြင်းဖြစ်ပြီး ယင်းသုတေသနမှ အထွက်နှုန်းကောင်းအရည်အသွေးကောင်း၍ ဇင့်ဓာတ်ကြွယ်ဝသည့် စပါးမျိုးလိုင်းသစ်များကို အဆင့်ဆင့်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် အဆင့်မြင့် သုတေသနနှင့် နည်းပညာလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းမှုတိုးမြှင့်ပြီး သုတေသနရလဒ်ကောင်းများ ဖော်ဆောင်သွားရန်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

**သိန်**



ဇင့်ဓာတ်ကြွယ်ဝစေသည့် စပါးမျိုးများ ထုတ်လုပ်ပေးမည့် သုတေသနစိုက်ခင်းတစ်ခုကို တွေ့ရစဉ်။

## ပွင့်ဖြူမြို့နယ် မျိုးသန့်ခြံမှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ နှစ်စဉ်စပါးတင်းရေ ၈၅၀၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေး

ပွင့်ဖြူ မေ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ မျိုးသန့်ခြံမှ ပြည်သူများ စားနပ်ရိက္ခာဖူလုံစေရန်နှင့် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နှစ်စဉ်မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး စပါးမျိုးကွဲသုံးမျိုးအား တင်းရေ ၈၅၀၀ ခန့် စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့မျိုးသန့်ခြံမှ ခြံတာဝန်ခံ ဦးအောင်ချစ်က ပြောသည်။



"ကျွန်တော်တို့ ပွင့်ဖြူမြို့မျိုးသန့်ခြံမှ နှစ်စဉ်မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး စပါးမျိုးကွဲသုံးမျိုးကို စိုက်ပျိုးထုတ်လုပ်ပြီး တစ်နှစ်လျှင် ပျမ်းမျှ စပါးမျိုးကွဲ မျိုးကောင်းမျိုးသန့် တင်းရေ ၈၅၀၀ ခန့်ကို သင့်တင့်သောဈေးနှုန်းနဲ့ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကုလားပဲမျိုးကောင်းမျိုးသန့်များဖြစ်တဲ့ (ရေဆင်း-၆) နှင့် (ရေဆင်း-၁၂) ကုလားပဲသီးနှံမျိုးများကိုလည်း တစ်နှစ်လျှင် တင်းရေ ၇၅၀ မှ ၈၀၀ ခန့် ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ၎င်းက ပြောကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော် မေ ၄

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | - ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | - ဖုန်း ၀၉-၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | - ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | - ၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | - ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၄၂-၂၁၂၄၀ |
| သာပေါင်း | - ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | - ဦးမောင်ပြုံး (အတွင်းရေးမှူး) | - ၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | - ဒေါ်ယုယုခင် (အတွင်းရေးမှူး) | - ၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | - ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၉၂၀၃၀၆၀၇ |
| ဟင်္သာတ | - ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | - ၀၄၄-၂၁၁၂၈ |
| ဇလွန် | - ဦးစောဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | - ဦးသန်းထိုက် (စာရေး-၁) | - ၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | - ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | - ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | - ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၄၆၈၂၀၂ |
| အိမ်မဲ | - ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | - ၀၉-၇၆၇၁၇၅၉၄ |
| ဝါးခယ်မ | - ဦးခင်စိုး (အတွင်းရေးမှူး) | - ၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | - ဦးအောင်မိုး (မန်နေဂျာ) | - ၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | - ဦးကျော်ကျော်(ဥက္ကဋ္ဌ) | - ၀၉-၆၇၁၁၂၀၆၆ |
| မအူပင် | - ဦးသန်းလွင် (အတွင်းရေးမှူး) | - ၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | - ဦးလူရွှေ(ဥက္ကဋ္ဌ) | - ၀၉-၄၂၄၅၆၄၃၈ |
| ညောင်တုန်း | - ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | - ၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | - ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | - ဦးမျိုးအောင် (အတွင်းရေးမှူး) | - ၀၉-၄၂၄၈၅၅၅၄ |
| ဒေးဒရဲ | - ဦးသက်ဝေလင်း (စာရင်းကိုင်) | - ၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

❁ ကျောဖုံးမှ

တကယ်လိုအပ်လာရင် အခြေအနေပေါ်မူတည်ပြီး အသုံးပြုသွားမှာပါ။ အရန်ဆန် ကြီးကြပ်ရေးအဖွဲ့က မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နဲ့ ညှိနှိုင်းပြီး ဝယ်ယူမှုတွေလုပ်တာဖြစ်ပါတယ်။ အခုဝယ်ယူတာဟာ မြန်မာနိုင်ငံကနေ တခြားနိုင်ငံကို တင်ပို့တဲ့ ပို့ကုန်ဆန်ကနေ ၁၀ ရာခိုင်နှုန်းကို ပြန်ပြီးဝယ်ယူတာဖြစ်ပါတယ်။ အရန်ဆန် ဝယ်ယူတဲ့အခါ ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားတဲ့ အရည်အသွေးနဲ့ ကိုက်ညီတဲ့ ဧည့်မထဆန်-၂၅ ရာခိုင်နှုန်းအရည် အသွေးကောင်းဆန်တွေကို သိုလှောင်သွားမှာပါ၊ မန္တလေးတိုင်းဒေသကြီးထဲမှာ ဂိုဒေါင် ၁၀ လုံး ရှိတယ်။ ကျောက်ဆည်ဂိုဒေါင်လေးလုံးမှာ တန်ချိန် ၁၉၀၀ သိုလှောင်ထားဖို့ လောလောဆယ် လျာထားပါတယ်။ လိုအပ်လာရင် တခြားနေရာတွေမှာ ဝယ်ယူသိုလှောင်သွားမှာပါ။ မြန်မာနိုင်ငံအနေနဲ့ အခုချိန်မှာစားသုံးတဲ့ ဆန်အနေနဲ့ဆိုရင် ပိုလျှံတယ်။ ပြည်ပတင်ပို့မှုလည်း ရှိတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ဖြစ်ပွားလာတဲ့အချိန်စားသုံးသူတွေအနေနဲ့ စိုးရိမ်ကြောင့်ကြမှုတွေ ရှိလာပြီးဝယ်ယူမှုတွေ၊ ဆန်ဈေးမတည်မငြိမ်ဖြစ်မှုတွေ ရှိခဲ့တယ်။ တောင်သူတွေအနေနဲ့ နွေစပါးပေါ်တဲ့ကာလမှာ ဆန်တွေ ပြည်ပတင်ပို့မှုမရှိဘူးဆိုရင် ဈေးနှုန်းတွေကျပြီး ထုတ်လုပ်မှုတွက်ခြေမကိုက် အခက်အခဲရှိနိုင်တယ်။ အဲဒါတွေ ပြေလည်သွားအောင် နိုင်ငံတော်ကနေ အရန်ရိက္ခာဆန်တွေထားရှိဖို့ ပြည်သူ တွေ အတွက်လိုအပ်လာရင် အခြေအနေပေါ်မူတည်ပြီး လိုအပ်သလို အသုံးပြုသွားမှာပါ။ ဆီဆိုရင်လည်း ကြီးကြပ်ရေးအဖွဲ့နဲ့ ညှိနှိုင်းနေပါတယ်။ ရလာတဲ့အပေါ်မူတည်ပြီး သင့်တော်တဲ့နေရာမှာ သိုလှောင်ထားရှိဖို့ ပြင်ဆင်ပြီး ဖြစ်ပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး အရန်ရိက္ခာဆန်များ လက်ခံ၊ သိုလှောင်ရေး ကြီးကြပ်မှုအဖွဲ့ ခေါင်းဆောင်မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦးက ပြောသည်။

ရန်ကုန်တိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အရေးပေါ် အရန်ရိက္ခာဆန်များ လက်ခံ သိုလှောင်ဖြန့်ဖြူးရေးအဖွဲ့များ ဖွဲ့စည်းထားပြီး အရန်ရိက္ခာဆန်များ လက်ခံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးတို့အတွက် ညွှန်ကြားချက်များလည်း ထုတ်ပြန်ထားသည်။

**ထိပ်ထားနိုင်**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် သာစည်မြို့အဝင်များ၌ ကျန်းမာရေးစစ်ဆေးခြင်း နေ့စဉ် ၂၄ နာရီဆောင်ရွက်လျက်ရှိ

**သာစည် မေ ၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ မြို့အဝင်နေရာများတွင် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို နေ့စဉ်၂၄ နာရီ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ကုသရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဧပြီလလယ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး မြို့တွင်းဝင်ရောက်မည့်သူများ၊ ဖြတ်သန်းသွားမည့်သူများအား ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်း တပ်ဆင်ဝင်ရောက်ရန်၊ မော်တော်ယာဉ်ပေါ် လိုက်ပါစီးနင်းသူများ ထုတ်ပြန်ကြေညာချက်များနှင့်အညီ ဖြစ်စေရန်၊ ဝင်ရောက်လာသူများထံမှ လိုအပ်သော အချက်အလက်များ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ထွက်ခွာလာရာဒေသ၊ သွားရောက်မည့် နေရပ်လိပ်စာ၊ ရောက်ရှိသည့် ရက်စွဲအချိန်များ စသည်ဖြင့် လိုအပ်သော အချက်အလက်များကို ရယူဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကျန်းမာရေးစစ်ဆေးခြင်းကို မိတ္ထီလာ-တောင်ကြီးလမ်းနှင့် ပျော်ဘွယ်လမ်းဆုံရာ ဘုရားငါးဆူကျေးရွာနှင့် မြို့အနောက်ဘက်အဝင်နှင့် အရှေ့ဘက်မှ အဝင်တို့တွင် သုံးနေရာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## ပိုင်ကျုံနယ်မြေမီးသတ်ဦးစီးဌာနမှ ရေလိုအပ်လျက်ရှိသော ရပ်ကွက်၊ ကျေးရွာများသို့ ရေလှူဒါန်း



**ပိုင်ကျုံ မေ ၄**

ကရင်ပြည်နယ် ပိုင်ကျုံမြို့တွင် အပူချိန်မြင့်မားမှုကြောင့် ယခုနှစ်နွေရာသီတွင် နောင်ခလုံးကျေးရွာ၌ ရေရှားပါးလျက်ရှိရာ ပိုင်ကျုံနယ်မြေ မီးသတ်ဦးစီးဌာနမှ သောက်သုံးရေများ ရရှိရန်အတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ (ဓါတ်ပုံ)

နောင်ခလုံးကျေးရွာတွင် ယခင်နှစ်များက ရေတွင်းများခန်းခြောက်မှုမရှိဘဲ သောက်သုံးရေများ ဖူလုံစွာ သုံးစွဲနိုင်ခဲ့ကြသော်လည်း ယခုနှစ်နွေရာသီတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ကျေးရွာအတွင်းရှိ ရေတွင်းများခန်းခြောက်ခြင်းကြောင့် သောက်သုံးရေများ လိုအပ်လျက်ရှိရာ ပိုင်ကျုံမြို့ နယ်မြေမီးသတ်စခန်းက ယခုလို ကူညီဆောင်ရွက်ပေးမှုကြောင့် အထူးကျေးဇူးတင်လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်အုန်းက ပြောသည်။

ပိုင်ကျုံမြို့တွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ပိုင်ကျုံနယ်မြေမီးသတ်ဦးစီးဌာနမှ ရေများလှူဒါန်းလျက်ရှိရာ သောက်သုံးရေများ လိုအပ်ပါက ပိုင်ကျုံနယ်မြေမီးသတ်စခန်း လက်ထောက်ဦးစီးမှူး ဦးစောထီးမူးဂျူး ဖုန်း - ၀၉- ၄၄၂၆၉၃၇၁၂ ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **စောပီဖိုး(ပြန်/ဆက်)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် (၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၃ ရက်က နတ်မောက်မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဆုတောင်းပြည့်ဘုရားကြီး ပရိဝုဏ်တွင် သန့်ရှင်းရေးနှင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးနှင့် ပိုးသတ်ဆေးဖျန်းခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးငွေးမော် ဦးဆောင်ပြီး မီးသတ်တပ်ဖွဲ့ဝင်မိသားစုများက ဆုတောင်းပြည့်ဘုရားကြီး ပရိဝုဏ်အတွင်းတံမြက်စည်းလှည်းခြင်း၊ မြက်များ ရှင်းလင်းခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဆုတောင်းပြည့်ဘုရားကြီးကျောင်းဆွမ်းစားဆောင်နှင့် ကျောင်း၏အပေါ်ထပ်၊ အောက်ထပ်များကို ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှဝင်း (နတ်မောက်)**

**မုဒုံ**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် နှစ်စဉ်နွေရာသီရောက်တိုင်းသောက်သုံးရေရှားပါးသည့်ပြဿနာကို ကြုံတွေ့နေရသည့် ကတုံးပေါ်ကျေးရွာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မေ ၃ ရက်က သောက်သုံးရေများသွားရောက်လှူဒါန်းခဲ့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဒေါ်ကြူကြူသင်းက “နှစ်စဉ်နွေရာသီရောက်တိုင်း သောက်သုံးရေရှားပါးတဲ့ပြဿနာကို ကြုံတွေ့နေရပါတယ်။ မြို့နယ်မီးသတ်ဦးစီးဌာနကလည်း အမြဲလိုလို သောက်သုံးရေလာရောက်လှူဒါန်းတဲ့အတွက် တစ်ရွာလုံးရဲ့ကိုယ်စား ကျေးဇူးတင်ရှိပါတယ်” ပြောသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့် တပ်ဖွဲ့ဝင် ၁၀ ဦးတို့က မီးသတ်ယာဉ်တစ်စီး၊ ရေဂါလန် ၁၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**အောင်မျိုးသူ(ပြန်/ဆက်)**




**စေတုတ္တရာ**


မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မီးသတ်ဦးစီးဌာနက (၇၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မေ ၄ ရက်က ရန်အောင်ဘုံသာဘုန်းကြီးကျောင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ကာ ကုသိုလ်ယူခြင်းနှင့် ပိုးသတ်ဆေးများပက်ဖျန်းပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရှိန်းမင်းထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက (၇၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် ရန်အောင်ဘုံသာဘုန်းကြီးကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ကာ ကုသိုလ်ယူခြင်းနှင့် ရန်အောင်ဘုံသာဘုန်းတော်ကြီးကျောင်းနှင့် စေတော်ဝင်တောရအရှေ့ဘုန်းကြီးကျောင်း အဆောက်အအုံများကို ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရေး ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**

**အမုန်းစကားမပြောရ။**

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



## တနင်္သာရီတိုင်းဒေသကြီးအတွင်း သင့်တင့်သောလျှပ်စစ်ဓာတ်အားခ နှုန်းထားရရှိရေး ညှိနှိုင်းစည်းဝေး

**ထားဝယ် မေ ၄**

တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား သုံးစွဲသူပြည်သူများ သင့်တင့်သောဓာတ်အားခ နှုန်းထား ရရှိရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ပြုလုပ်သည်။



အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က ကိုဗစ် – ၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအရ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ယူနစ် ၁၅၀ ငွေကြေး ကောက်ခံမှုကင်းလွတ်ခွင့်အခမဲ့ပေး ရန် နိုင်ငံတော်အစိုးရ က ထုတ်ပြန်ထားသော်လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့် မဟာ ဓာတ်အားလိုင်းမရှိသေးပါသဖြင့် အခက်အခဲများရှိနေ ကြောင်း၊ သို့သော်လည်း ပြည်သူများ၏ အခက်အခဲ များကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေးနိုင်ရေး ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တက် ရောက်လာကြသူများက လျှပ်စစ်ဓာတ်အားနှုန်းထား အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မီတာတစ်လုံး ငွေကျပ် ၅၀၀၀ ထောက်ပံ့ ပေးနိုင်ရေး တွက်ချက်တင်ပြရန် မှာကြားသည်။ **(အပေါ်ပုံ)**

**ကျော်ကျော်လတ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် သွေးလှူဒါန်း

**မြစ်ကြီးနား မေ ၄**

(၇၄) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်း သွေးလှူဒါန်း ပွဲကို ယနေ့နံနက်ပိုင်းက ကချင်ပြည် နယ် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ ပြည်နယ် မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပ ရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်း ထွန်း တက်ရောက်အားပေးသည်။



အဆိုပါ စုပေါင်းသွေးလှူဒါန်း ရာတွင် သန္နွေတပ်ဖွဲ့ဝင် ၂၀ နှင့် အရန် မီးသတ်တပ်ဖွဲ့ဝင် ၄၄ ဦး တို့အား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၊ ပြည်နယ် မီးသတ်ဦးစီးမှူး ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အာဟာရမုန့်နှင့် အချိုရည်များကို ပေးအပ်ခဲ့သည်။ (ဝဲပုံ)

**ယော်ဆောင်(ပြန်/ဆက်)**




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တက်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## သောက်သုံးရေ ဖူလုံစေရေး မြေသားရေကန် တိုးချဲ့တူးဖော်

**မင်းလှ မေ ၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကန်နီကျေးရွာတွင် နွေရာသီကာလ သောက်သုံးရေဖူလုံစေရေးအတွက် ရည်ရွယ်၍ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

အဆိုပါ မြေသားရေကန်ကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ သန်းတို့ဖြင့် အလျားပေ ၅၀၀၊ အနံပေ ၁၀၀၊ အနက် သုံးလက်မ တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ ၏နည်းပညာအကူအညီဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် မတ်လနောက်ဆုံးပတ်ကစ၍ တူးဖော်နေခြင်းဖြစ်ပြီး ယခုအခါ ၈၅ ရာခိုင်နှုန်းအထိပြီးစီးနေပြီ ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နန္ဒာအိက ပြောသည်။

**ငြိမ်းသူ(စလင်း)**

## ကျုံပျော်ပြည်သူ့ဆေးရုံကြီးသို့ နှာခေါင်းစည်းများလှူဒါန်း

**ကျုံပျော် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျွဲမိုး မြတ်မြတ်သူသည် ယမန်နေ့က ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ကိုဗစ်–၁၉ ကာကွယ်ရာတွင် အသုံးပြုရန် ကျန်းမာရေးဝန်ထမ်းများအတွက် နှာခေါင်းစည်းများ လာရောက်လှူဒါန်းသည်။

တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် ကိုဗစ်–၁၉ သံသယလူနာများ တွေ့ရှိပါက သီးသန့်ထားရှိရန် ဆောင်ရွက်ထားသည့် သီးခြား စောင့်ကြည့်ခန်းများသို့ သွားရောက်ကြည့်ရှုရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းက လိုက်လံပြသပြီး တိုင်းဒေသကြီးဝန်ကြီးက ကျန်းမာရေးဝန်ထမ်းများ အသုံးပြုရန် နှာခေါင်းစည်း ၂၅၀ ကို ပေးအပ်လှူဒါန်း ခဲ့ခြင်း ဖြစ်သည်။

ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် မြို့နယ်ပြည်သူ့ဆေးရုံတွင် သီးခြား စောင့်ကြည့်ခန်း ၁၄ ခန်းဆောင်ရွက်ထားရှိပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လည်း ရောဂါကာကွယ်ရေးအတွက် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင် များ ဖြန့်ဝေခြင်း၊ ဒေသအလိုက်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက် ပေးခြင်းတို့ကို ကျန်းမာရေးဝန်ထမ်း ၂၀၀ ကျော်ဖြင့် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## ငဖဲမြို့နယ် ဂုတ်ဝကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ငဖဲ မေ ၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံ ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဇင်ပြွန်းကျေးရွာအုပ်စု ဂုတ်ဝကျေးရွာ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုတို့ကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝေလင်းမောင်နှင့် လုပ်ငန်းအရည်အသွေးစစ် ဆေးရေးအဖွဲ့ သည် ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် ဂုတ်ဝကျေးရွာ ဘက်စုံသုံးခန်း မတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ ဆောင်ရွက်သွားစေရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ဂုတ်ဝကျေးရွာဘက်စုံသုံးခန်းမကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေး ဦးစီးဌာနမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ထောက်ပံငွေကျပ် ၁၀ သန်း ထောက်ပံ့ပေးခဲ့ပြီး ကျေးရွာပြည်သူလူထုမှ ထည့်ဝင်ငွေကျပ် ၁ ဒသမ ၉၅ သန်းဖြင့် အလျား ပေ ၅၀၊ အကျယ် ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မတ်လကုန်ကစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

**သူရိန်(မင်းဘူး)**

## မင်းဘူးမြို့နယ် ကျောက်စံကျေးရွာတွင် မြေနီကျောက်စရစ်လမ်းခင်း

**မင်းဘူး မေ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်စံကျေးရွာတွင် ဒေသခံပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာနက ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာအတွင်း လမ်းကို မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနရုံးမှ သိရသည်။

**ဆောင်ရွက်ပြီးစီး**

မြေနီကျောက်စရစ်လမ်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာ နှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ငွေကျပ် ၁၀ သန်း ထောက်ပံ့ပေးခဲ့ပြီး ကျေးရွာပြည်သူလူထုမှ ငွေကျပ် ၀ ဒသမ ၈ သန်းဖြင့် လမ်းအရှည်ပေ ၉၁၉၀၊ ထု ခြောက်လက်မရှိ မြေနီ ကျောက်စရစ် လမ်းအဖြစ် မတ်လကုန်ကစတင်၍ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးနိုင်ရေး အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်မှုဖြင့် ကျေးရွာနေ ပြည်သူများက မတ်လကုန်ကစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**သူရိန်(မင်းဘူး)**

## ပန်းတနော်မြို့ ယာယီပွဲကျေးစျေးအတွင်း ပိုးသတ်ဆေးဖျန်းခြင်း နေ့စဉ်ဆောင်ရွက်

ပန်းတနော် မေ ၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ အနောက်ပိုင်းရပ်ကွက် မြို့နယ်အားကစားကွင်းအတွင်း ယာယီစျေး၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် ဆေးဖျန်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ယာယီစျေးတွင် ဟင်းသီးဟင်းရွက်၊ အသားငါး၊ စားသောက်ကုန်ပစ္စည်းများ ရောင်းချလျက်ရှိပြီး စျေးဝယ်လာကြသော ပြည်သူများ စျေးအတွင်းသို့မဝင်မီ နေ့စဉ်နှာခေါင်းစည်းများ တပ်စေခြင်း၊ လက်ဆေးကန်များထားရှိပြီး လက်ဆေးစေခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်း လုပ်ငန်းများကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ဝန်ထမ်းများက နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယာယီပွဲကျေးစျေး၌ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

အေးချမ်းအောင်(ပြန်/ဆက်)

## တံတားဦးမြို့ ပွဲကျေးစျေးသည်များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

တံတားဦး မေ ၄

တံတားဦးမြို့ မြမာလာဦးပန်းခြံ၌ ဖွင့်လှစ်ထားသော ပွဲကျေးစျေးသည်များအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်နှင့်ဆီတို့ကို တံတားဦးမြို့ ပန်းကျောင်းလူငယ်များအဖွဲ့နှင့် ခမ္မိက လူငယ်အဖွဲ့တို့ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက အဆိုပါစျေး၌ ထောက်ပံ့သည်။

တံတားဦးမြို့ ပန်းကျောင်းလူငယ်များအဖွဲ့နှင့် ခမ္မိကလူငယ်အဖွဲ့က ကိုဗစ်-၁၉ ကြိုတင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ပွဲကျေးစျေးသည်များ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် စျေးဆိုင်တစ်ဆိုင်လျှင် ဆန်လေးပြည်နှင့် ဆီ ၅၀ ကျပ်သားတို့ကို ထောက်ပံ့ပေးရာ ထောက်ပံ့သည့် ပစ္စည်းစုစုပေါင်း ဆန်တစ်တင်းခွဲဝင် အိတ် ၄၀ ၊ ဆီပိဿာ ၁၂၀ စုစုပေါင်း တန်ဖိုးအားဖြင့် ငွေကျပ် ၁၇ သိန်းဖြစ်ကြောင်း၊ ပွဲကျေးစျေးသည် ပေါင်း ၂၂၅ ဦးရှိပါကြောင်း လူငယ်အဖွဲ့ခေါင်းဆောင် ကိုသန်းထိုက်အောင်က ပြောသည်။

ရဲတင့်

## နော်ဝေနိုင်ငံရှိ အဖြူရောင်အွန်လိုင်းမြန်မာပရဟိတအသင်းက ဆန်နှင့် စားသောက်ကုန်များ ထောက်ပံ့

ချောင်းဦး မေ ၄

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ နော်ဝေနိုင်ငံရှိ မြန်မာနိုင်ငံသားများ ဖွဲ့စည်းထားသည့်



ဝင်ငွေနည်းအိမ်ထောင်စုများသို့ ဆန်နှင့် စားသောက်ကုန်များ ထောက်ပံ့ပေးစဉ်။

အဖြူရောင်အွန်လိုင်းပရဟိတအသင်းက စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ တမာမြိုင်ရပ်ကွက် ကံသာရပ်မှ ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများသို့ ယမန်နေ့က ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့သည်။

အဖြူရောင်အွန်လိုင်းပရဟိတအသင်းကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်၊ မြို့မိမြို့ဖအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက ဝင်ငွေနည်းပါးသည့် အိမ်ထောင်စု ၃၂ စုအတွက် တစ်အိမ်ထောင်လျှင် ဆန် ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပြည်၊ ကာပေါ်လစ်ဆပ်ပြာ တစ်တောင့်နှင့် ဆပ်ပြာမှုန့် တစ်ထုပ်စီ ထောက်ပံ့သည်။

အလားတူ မြို့မိမြို့ဖများနှင့် စေတနာရှင်၊ အလှူရှင်များ စုပေါင်းပြီး မေ ၁ ရက်ကလည်း ကံသာရပ်မှ ဝင်ငွေနည်းပါးသည့် အိမ်ထောင်စု ၃၂ စုအား တစ်အိမ်ထောင်လျှင် ဆန် ခုနစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပြည်၊ ကာပေါ်လစ်ဆပ်ပြာတစ်တောင့်၊ ဆပ်ပြာမှုန့်တစ်ထုပ်စီနှင့် ခေါက်ဆွဲခြောက်ထုပ် ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်ရှိသည့် အိမ်ထောင်စုများသို့လည်း မြို့မိမြို့ဖနှင့် အလှူရှင်များက ဆက်လက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ယမင်း (ရွှေဦးမြေ)

## စေတုတ္တရာမြို့၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

စေတုတ္တရာ မေ ၄

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့တွင် ရန်အောင်ဘုံသာ ဘုန်းကြီးကျောင်းရှိ ဂျပန်စာသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူဟောင်းများက ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံ၊ ယာယီပွဲကျေးစျေးနှင့် မြို့အဝင်လမ်းတစ်လျှောက်၌ ပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးသည်။

လောကနတ်ကုမ္ပဏီဥက္ကဋ္ဌ ဦးမျိုးမင်းဦးက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်စေရေးအတွက် စေတုတ္တရာမြို့နယ်အတွက် လှူဒါန်းပေးပို့လာသော ဂျပန်နိုင်ငံထုတ် နှာခေါင်းစည်းများအား ရန်အောင်ဘုံသာဘုန်းကြီးကျောင်းရှိ ဂျပန်စာသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူဟောင်းများက စေတုတ္တရာ မြို့နယ်ပြည်သူ့ဆေးရုံ၊ ယာယီပွဲကျေးစျေး၊ မြို့အဝင်လမ်းတစ်လျှောက်ရှိ ပြည်သူများအား အခမဲ့လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးရွာများသို့လည်း နှာခေါင်းစည်းများ ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ခင်သန်းလှိုင်(ပြန်/ဆက်)

## လောက်ကိုင်မြို့နယ် နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်သူများအား လားရှိုးနှင့် မန္တလေးမြို့များသို့ လွှဲပြောင်း

လောက်ကိုင် မေ ၄

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် ယမန်နေ့က ရန်လုံကျိုင်းနယ်စပ်ဂိတ်နှင့် နမ့်ဖာဟော် နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်မြန်မာနိုင်ငံသား ၂၇၆ ဦးအား လားရှိုးမြို့နှင့် မန္တလေးမြို့များသို့ လွှဲပြောင်းပေးအပ်သည်။

**လိုအပ်သည်များ ကူညီ**

ထိုသို့လွှဲပြောင်းပေးအပ်ရာတွင် ပဲခူးတိုင်းဒေသကြီးမှ ၆၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၀၀၊ မန္တလေးတိုင်းဒေသကြီးမှ ၃၁ ဦး၊ နေပြည်တော် တပ်ကုန်းမှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၅၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၅ ဦး၊ ရခိုင်ပြည်နယ်မှ နှစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ ကရင်ပြည်နယ်မှ တစ်ဦး၊ အမျိုးသား ၁၉၄ ဦး၊ အမျိုးသမီး ၈၂ ဦးအား ၎င်းတို့၏ နေရပ်များသို့ ပြန်လည်ရောက်ရှိစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ မှာကြားပြီး လမ်းခရီးတစ်လျှောက် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ဇော်အောင်(ပြန်/ဆက်)

## ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အမှတ်စဉ်(၈၆)တေဇကြီးမှ အခြေခံစားသောက်ကုန်များ လှူဒါန်း

ပဲခူး မေ ၄

ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနခွဲစာရေးကြီး ဦးသက်ထွန်းနောင် ဦးဆောင်၍ ယမန်နေ့က ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အမှတ်စဉ် (၈၆) တေဇကြီး သင်တန်းသား သင်တန်းသူများ စုပေါင်းပြီး ကိုဗစ်-၁၉ ကာလအတွင်း အသက်အရွယ်ကြီး အခြေခံလက်လုပ်လက်စားမိသားစုများအား အခြေခံစားသောက်ကုန်ငါးမျိုး လှူဒါန်းသည်။

လှူဒါန်းပေးရာတွင် ပဲခူးမြို့ နန်းတော်ရာရပ်ကွက်၊ ဥဿာ ၇ လမ်းနှင့် ၈ လမ်း၊ ဥဿာမြို့သစ် (၈)ရပ်ကွက်တို့တွင် နေထိုင်ကြသည့် ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိကြသော အသက်အရွယ်ကြီးသူ လက်လုပ် လက်စားမိသားစုအိမ်ထောင်စု ၆၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ခေါက်ဆွဲခြောက်များအပြင် လျှော်ဖွတ်အသုံးပြုနိုင်ရန်အတွက် ဆပ်ပြာတောင့်များကိုပါ အိမ်တိုင်ရာရောက် လိုက်လံလှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

## ကျွန်းလှမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းနှင့် အလှူငွေများလှူဒါန်း

ကျွန်းလှ မေ ၄


စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ယနေ့နံနက်ပိုင်းက ကာကွယ်ရေးသုံးပစ္စည်းနှင့် အလှူငွေများ လှူဒါန်းကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့လှူဒါန်းရာတွင် ကျွန်းလှမြို့ ပျဉ်းမမြိုင်ရပ်ကွက် ဦးထွန်းထွန်းနိုင်မိသားစုက စစ်ဆေးရေးဂိတ်များတွင် ထားရှိရန် အပူချိန်တိုင်းအိမ်နှစ်ခု၊ ရွာကုန်းကြီးနယ်မြေစခန်းမှူးဒုရဲအုပ်ကျော်မျိုးထွန်းမိသားစုမှ ကိုဗစ်-၁၉ ထိန်းချုပ်ကုသရေးတွင် အသုံးပြုရန် ငွေကျပ်ငါးသိန်း၊ ဂိတ်စောင့်ဝန်ထမ်းများ စားသောက်ရေးအတွက် ငွေကျပ်ငါးသိန်းနှင့် ပိတောက်မြိုင်ရပ်ကွက် ဦးစက်ဟန်ရွှေဆိုင်မှ ငွေကျပ်နှစ်သိန်း လှူဒါန်းကြောင်းသိရသည်။

မျိုးဝင်းညို (ကျွန်းလှ)


## ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လေးစားပါ။

အခြားအသုံးပြုသူတစ်ယောက်၏
ကိုယ်ရေးအချက်အလက်များအား သက်ဆိုင်သူ၏
သဘောတူညီချက်မရှိပဲ တစ်ဆင့် ပြန်လည်
ဖြန့်ဝေခြင်းမှ ရှောင်ကြဉ်စေလိုပါသည်။



## သထုံတွင် ကိုဗစ်-၁၉ ကူးစက်မှု သတိပြုကာကွယ်နိုင်ရန် ပညာပေးလှုပ်ရှားမှု နှစ်ပတ်ကြာပြုလုပ်မည်



သထုံမြို့၌ ကိုဗစ်-၁၉ ကူးစက်မှုလျော့ချရေး ပညာပေးလှုပ်ရှားမှုဆောင်ရွက်စဉ်။

**သထုံ မေ ၄**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကြက်ခြေနီမောင်မယ်များက ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်းကာ ကိုဗစ်-၁၉ ပညာပေးတေးသီချင်းများဖြင့် သရုပ်ပြဖျော်ဖြေခြင်း ပညာပေးလှုပ်ရှားမှုများကို လူစည်ကားရာ နေရာများ၌ မေ ၃ ရက်က စတင်ကာ နှစ်ပတ်ကြာနေ့စဉ်ပြုလုပ်မည်ဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီအသင်းခွဲမှ သိရသည်။

ကိုဗစ်-၁၉ ကူးစက်မှု သတိပြုကာကွယ်နိုင်ရန် လှုံ့ဆော်ရေး အစီအစဉ်အဖြစ် သရုပ်ပြလိုက်လံဖျော်ဖြေခြင်းများကို ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးမိုးကျော်သူက ပြောသည်။

''အရင်ကတော့ ကြောက်ကြတယ်။ လက်ရှိအချိန်မှာတော့ ကိုဗစ်-၁၉ နဲ့ပတ်သက်လို့ ပေါ့ပေါ့ဆဆဖြစ်လာတာတွေကို တွေ့နေရတယ်။ ဒါကြောင့် တစ်ကျော့ပြန်ပညာပေးလှုပ်ရှားမှုလုပ်တာပါ''ဟု ၎င်းက ပြောသည်။

သထုံမြို့နယ်အတွင်းရှိ ဈေးများ၊ ခရိုင်ပြည်သူ့ဆေးရုံနှင့် ရပ်ကွက် ကျေးရွာတို့ရှိ လူအများအသုံးပြုရာလမ်းများ သွားလာလှုပ်ရှားမှုရှိရာနေရာများတို့အပြင် သတ်မှတ်ထားသည့် အသွားအလာ ကန့်သတ်ခြင်းနေရာ သုံးခု၌နေရပ်ပြန်ပြည်သူများ ရောက်ရှိလာပါက ပညာပေးဖျော်ဖြေမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်မြို့နယ် ကြက်ခြေနီ အသင်းခွဲက ကိုဗစ်- ၁၉ ကူးစက်မှုကာကွယ်ရေးကာလ၌ မြို့တွင်းနေရာအနှံ့ ပိုးသတ်ဆေးဖျန်းခြင်း၊ နှာခေါင်းစည်းများ၊ လက်ကမ်းစာစောင်များ အခမဲ့ဝေငှခြင်း၊ အသွားအလာ ကန့်သတ် ခြင်းနေရာများ၌ စေတနာ့ဝန်ထမ်းအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာပေးဆွေးနွေးခြင်းတို့ကို ဒေသတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပရဟိတ လူမှုကူညီရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## တာမိုးညဲမြို့၌ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများလှူဒါန်း

**တာမိုးညဲ မေ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း တာမိုးညဲမြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ တားဆီးထိန်းချုပ်နိုင်ရန်နှင့် ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်း လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



တာမိုးညဲမြို့၌ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းစဉ်။

တာမိုးညဲမြို့ ပြည်သူလူထုများနှင့်အခြားလိုအပ်သည့် နေရာများတွင် အသုံးပြုနိုင်ရန်အတွက် ဒေသခံ အလှူရှင် ဦးတင်ထွန်းက လှူဒါန်းခြင်းဖြစ်ပြီး အဆိုပါကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို မြို့အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်နှင့် တာမိုးညဲမြို့ ကျန်းမာရေးဌာနမှ ဒေါက်တာရှိန်းငွေးတို့က လက်ခံယူသည်။

တာမိုးညဲမြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ကုသထိန်းချုပ်နိုင်ရေးအတွက် ငွေကျပ် ၄၆ သိန်း ကျော် တန်ဖိုးရှိ လက်ဆေးရည် ၃၆ ဘူးနှင့် နှာခေါင်းစည်းစုစုပေါင်း တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## (၇၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု မီးသတ်တပ်ဖွဲ့ဝင်များ သွေးလှူဒါန်း

**မြောင်းမြ မေ ၄**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက စုပေါင်း သွေးလှူဒါန်းခြင်း ပြုလုပ်သည်။

"မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ခရိုင်/ မြို့နယ်မှ မီးသတ် တပ်ဖွဲ့ဝင်တွေ၊ မိသားစုဝင်တွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေက မြောင်းမြ ပြည်သူ့ဆေးရုံကြီးမှာ တက်ရောက်ကုသနေတဲ့ လူနာတွေအတွက် လိုအပ်တဲ့သွေးကို လာရောက်လှူဒါန်းကြတာ ဖြစ်ပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်မင်းက ပြောသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းမှုကို ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးလွင်၊ မြို့နယ် မီးသတ်ဦးစီးမှူးတို့က ဦးဆောင်၍ ခရိုင်/ မြို့နယ်မှတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ နှစ်ဆန်းဦးနှင့် ဓာတ်ခွဲဌာနမှဆရာ ဆရာမများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

**စစ်ကိုင်း**

(၇၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့က ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းခရိုင်/ မြို့နယ် မီးသတ်တပ်ဖွဲ့မှူးများ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ စုပေါင်း သွေးလှူဒါန်းသည်။

" ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေက (၇၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ စုပေါင်းသွေးလှူဒါန်းတာပါ။ သန္ဓေတပ်ဖွဲ့ဝင် ၁၆ ဦး သွေးလှူဒါန်းခွင့်ရရှိခဲ့ပါတယ်။ နှစ်စဉ်လှူဒါန်း ဖြစ်ပါတယ်။ အခု ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလမှာ လိုအပ်မဲ့သွေးကို အလွယ်တကူရရှိနိုင်အောင်လည်း လှူဒါန်းပေးတာပါ။ မနေ့ကလည်း ထူပါရုံမြတ်စွာဘုရားကြီးမှာ သန့်ရှင်းရေးတွေ ဆောင်ရွက်တယ်။ ပိုးသတ်ဆေးတွေ ဖျန်းပေးခဲ့ပါတယ် '' ဟု ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးကျော်ကျော်နိုင်က ပြောသည်။

**ဇော်မြင့်နိုင်**

**အိမ်မဲ**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ မေ ၅ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့က စုပေါင်းသွေးလှူဒါန်းခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

အဆိုပါ လှူဒါန်းပွဲသို့ အိမ်မဲမြို့နယ်တိုင်းဒေသကြီး (၁) လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီထွန်း တက်ရောက်ခဲ့ကာ စုပေါင်းသွေးလှူဒါန်းပေးသော မြို့နယ်မီးသတ်တပ်ဖွဲ့အား ကြက်ဥများလှူဒါန်းပေးပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးကျော်အောင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

**နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း**

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ပန်းတနော်မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများအား ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်


ပန်းတနော်မြို့နယ်ရှိ စက်ရုံအလုပ်ရုံများအား တာဝန်ရှိသူများ စစ်ဆေးကြစဉ်။

ပန်းတနော် မေ ၄

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး ကြိုတင်ကာကွယ်ရေးတို့အတွက် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ လုပ်သား ၅၀၀ အောက်ရှိသော စက်ရုံ၊ အလုပ်ရုံများကို မေ ၁ ရက်မှစတင်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံစစ်ဆေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေး ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ခရိုင်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ခရိုင်အလုပ်ရုံနှင့်အလုပ်သမားစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့ပူးပေါင်း၍ ပန်းတနော်မြို့နယ် ဆက်သေကျေးရွာရှိ သဘာဝမြေသြဇာစက်ရုံ၊ ပသွယ်ကျေးရွာရှိ ဟီးရိုးကွန်ကရစ်တိုင်လုပ်ငန်း၊ အင်းမကျေးရွာရှိ မြစ်ဝဆန်စက်၊ မြို့ကွက်သစ်ရပ်ကွက်ရှိ မြင့်မြတ်အရက်ချက်စက်ရုံနှင့် မြသိန်းတန်ဆန်စက်၊ ဖူ(လ်)တန်မြန်မာတို့အား ၎င်းတို့၏ လုပ်ငန်းများတွင် လက်ဆေးကန်များ စနစ်တကျတပ်ဆင်ထားခြင်း ရှိ မရှိ၊ အလုပ်သမားများအလုပ် လုပ်ကိုင်ရာတွင် အနည်းဆုံး ခြောက်ပေအကွာ သတ်မှတ်ပေးထားခြင်း ရှိ မရှိ၊ နှာခေါင်းစည်းများတပ်ဆင်ပြီး အလုပ်လုပ်ကိုင်ခြင်း ရှိ မရှိ စစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသောညွှန်ကြားချက်များ၊ သတင်းထုတ်ပြန်ချက်များ လိုက်နာဆောင်ရွက်ကြရန်နှင့် ကိုဗစ်- ၁၉ ရောဂါနှင့် ပတ်သက်ပြီး လုပ်ငန်းရှင်များ၊ အလုပ်သမားများအား အသိပညာပေး ပြောကြားခဲ့သည်။

**ပြည့်ဖြိုးကျော်(ပန်းတနော်)**

## ကိုဗစ် - ၁၉ ရောဂါကာကွယ်ရန်အတွက် စက်ကြီးများဖြင့် ပိုးသတ်ဆေးဖျန်း

ပင်းတယ မေ ၄

ကိုဗစ် -၁၉ ရောဂါကာကွယ်ရန်နှင့် ထိန်းချုပ်ရန်အတွက် ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ မင်းလမ်းမများနှင့် ရပ်ကွက်အတွင်းရှိ လမ်းများကို ယမန်နေ့က စက်ကြီးများဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်သည်။ **(အောက်ပုံ)**

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ပင်းတယမြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း မိသားစု လှူဒါန်းထားသည့် ဆေးမှုတ်စက်ကြီးအပြင် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်ကြီးများဖြင့် မြို့ပေါ် ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်း၊ မင်းလမ်းမတစ်လျှောက်နှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိလမ်းများကို ပက်ဖျန်းခဲ့ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**



## ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနတို့တွင် အသုံးပြုရန် ရောဂါကာကွယ်ရေးဝတ်စုံများ လှူဒါန်း

ဟသ်ာတ မေ ၄

ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနတို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရောဂါကာကွယ်ရေးဝတ်စုံများ ပေးအပ်လှူဒါန်းမှုကို ယမန်နေ့က ခရိုင် ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အဆိုပါ လှူဒါန်းမှုတွင် ရန်ကုန်တိုင်းဒေကြီး တာမွေမြို့နယ် တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ်ဦးလှသိန်းနှင့်အလှူရှင် ဦးခင်မောင်ထွေးတို့က ခရိုင်ပြည်သူ့ဆေးရုံကြီးအတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၇၀ နှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဌာနအတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၃၀ တို့ကို ခရိုင်ဆေးရုံအုပ်ကြီးဒေါက်တာ ဌေးဌေးလှိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးသန္တာကြည်တို့ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**

ပေးအပ်လှူဒါန်းရာသို့ ခရိုင်အုပ်ချုပ်ရေးမှူးဦးမျိုးအောင်၊ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း၊ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ်ဦးကျော်စိုးနှင့် ခရိုင်နှင့်မြို့နယ် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြု မျက်နှာဖုံးအုပ်အကာများ အခမဲ့ဖြန့်ဝေ

ထားဝယ် မေ ၄

မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များလှူချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း တနင်္သာရီတိုင်းဒေသကြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အသင်းအမှုဆောင် အဖွဲ့ဝင်များသည် ယမန်နေ့က ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြု မျက်နှာဖုံးအုပ်အကာများကို ထားဝယ်မြို့ ဆန်းချီဈေး၌ ဖြန့်ဝေပေးသည်။

အဆိုပါအဖွဲ့ဝင်များက ဈေးသူ ဈေးသားများအား ကိုဗစ်-၁၉ရောဂါ ကူးစက်နိုင်ခြေရှိသည့်နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များ၊ ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်ရမည့်အချက်များ၊ ပြည်ပမှဝင်ရောက်လာသူများလိုက်နာရမည့်အချက်များနှင့် ဈေးသည်များလိုက်နာရမည့် ဆောင်ရန် ရှောင်ရန်အချက်များအကြောင်းစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### အင်တောမြို့ ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ကာကွယ်ရေး ဆေးရုံပစ္စည်းများ လာရောက်လှူဒါန်း

အင်တော မေ ၄

ရှမ်းပြည်နယ်တောင်ပိုင်း အင်တောမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပါရမီဖွံ့ဖြိုးရေးကွန်ရက်မှ ဆေးရုံသုံးပစ္စည်းများကို ယနေ့နံနက်ပိုင်းက အင်တောမြို့ ပြည်သူ့ဆေးရုံ၌ လာရောက်လှူဒါန်းသည်။

ကိုဗစ်-၁၉ကူးစက်ခြင်းမှ ကြိုတင်ကာကွယ်ရေးအတွက် ပါရမီဖွံ့ဖြိုးရေးကွန်ရက်မှ လက်သန့်ဆေးရည် ၁၀ ဘူး၊ ဆပ်ပြာ ၁၀ တုံး၊ နှာခေါင်းစည်း ၂ ဘူးနှင့်ဆက်စပ်ပစ္စည်းတို့ကို လှူဒါန်းခဲ့ရာ အင်တောပြည်သူ့ဆေးရုံအုပ် ဒေါက်တာ ဇင်ကိုထွန်းက လက်ခံယူခဲ့ကြောင်း သိရသည်။

**အောင်ခိုင်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# ကော့ကရိတ်မြို့ရှိ စက်ရုံ၊ အလုပ်ရုံအလုပ်ဌာနများသို့ ကိုဗစ်-၁၉နှင့်ပတ်သက်၍ အသိပညာပေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်

**ကော့ကရိတ် မေ ၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ရှိ စက်ရုံအလုပ်ရုံ အလုပ်ဌာနများသည် ကိုဗစ်-၁၉ နှင့် ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်အပေါ် လိုက်နာ ဆောင်ရွက်ထားရှိမှု အခြေအနေအား သက်ဆိုင်ရာ အဖွဲ့အစည်းမှ ယမန့်နေ့ နံနက် ၉ နာရီတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကော့ကရိတ်မြို့တွင် စက်ရုံ၊ အလုပ်ရုံများဖြစ်သည့် စိန်နဂါးသောက်ရေသန့်၊ ပုလဲရတီသောက်ရေသန့်၊ မိုးကြယ်စင်သောက်ရေသန့်၊ ရွှေပျံလွှာမုန့်တိုက်သို့ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေဝင့်ဝါမြင့်၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဦးစိန်မြင့်၊ မြို့နယ်စီမံကိန်း ဦးစီးမှူး ဒေါ်ချိုချိုမွန်၊ မြို့နယ်စည်ပင်သာယာရေး ဒုဦးစီး ဦးစောဂျော့မြက်ထူးတို့က ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စံသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားရှိရေး စစ်ဆေးသည်။ ထို့နောက် လက်ဆေးကန်၊ ကိုယ်အပူချိန်တိုင်းတာရေးစက်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အသိပေး ပိုစတာနှင့် စနစ်တကျလက်ဆေးနည်း ပိုစတာများ ကပ်ထားရှိရေး၊ အလုပ်သမားများအတွက် နှာခေါင်းစည်း၊ လက်အိတ်များ တပ်ဆင်ရေးနှင့် လုံလောက်စွာ ထောက်ပံ့ပေးဝေရေး၊ ခြောက်ပေအကွာအလုပ်လုပ်ခြင်း၊ ထမင်းစားခြင်း အနားယူခြင်း ပြုလုပ်ခြင်းများကိုလည်း စစ်ဆေးခဲ့သည်။



ကော့ကရိတ်မြို့ရှိ စက်ရုံတစ်ရုံတွင် လုပ်ငန်းခွင်စစ်ဆေးစဉ်။

ဆက်လက်၍ အလုပ်သမားများနေ့စဉ် ထိတွေ့ရသည့် ပစ္စည်းကိရိယာများကို ပိုးသတ်ဆေးဖျန်းရေး၊ လုပ်ငန်းခွင်ကို လေဝင်လေထွက် ကောင်းအောင် ဆောင်ရွက်ရေး၊ အလုပ်သမား၊ မိသားစုဝင်များ ကျန်းမာရေး မကောင်းပါက စက်ရုံကြီးကြပ်ရေးမှူး၊ သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရေးစသည့် စက်ရုံ အလုပ်ရုံများ လုပ်ငန်းခွင်ဆောင်ရွက်ရမည့် အချက်များကို လိုက်နာ ဆောင်ရွက်ထားရှိရေး အသိပညာပေးစစ်ဆေး အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်မျိုးဝင်း (ပြန်/ဆက်)**

## တနင်္သာရီ၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဈေးများအတွင်း ခြင်ဆေးမှုတ်ခြင်းဆောင်ရွက်

**တနင်္သာရီ မေ ၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးဦးရာသီရောက်ရှိလာပြီဖြစ်သဖြင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ မေ ၃ ရက် ညနေ ၄ နာရီခန့်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်မင်္ဂလာ(၁)အထည်ဈေး၊ အောင်မင်္ဂလာ(၂) ကုန်စိုဈေးများ၏ အတွင်း အပြင်နေရာများနှင့် ဈေးအရှေ့ ရေမြောင်းများအတွင်း ခြင်ဆေးမှုတ်ပေးကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တနင်္သာရီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးအောင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဝေတို့ကကြီးကြပ်ပေး၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဈေး နှစ်ဈေးအတွင်း/အပြင် နေရာများ၊ ဈေးလမ်းနှင့် သုခလမ်းရှိ ရေမြောင်းများအတွင်း ခြင်ဆေးများဖျန်းပေးကြခြင်းဖြစ်သည်။

**သတင်း-နန်သာရီ-ထိန်ဝင်း(ပြန်/ဆက်)**



## ဂန့်ဂေါ၌ ကိုဗစ်-၁၉ ဖြစ်ပွားရာဒေသမှ ပြန်လည်ရောက်ရှိသူများအား အသွားအလာကန့်သတ်ထားရှိနိုင်ရေးဆောင်ရွက်

**ဂန့်ဂေါ မေ ၄**

ဂန့်ဂေါမြို့တွင် ပြည်တွင်း၌ ကိုဗစ်-၁၉ ဖြစ်ပွားရာဒေသမှ ပြန်လည်ရောက်ရှိသူများအား အသွားအလာ ကန့်သတ်ထားရှိနိုင်ရေးနှင့် စောင့်ကြည့်နေရာချထားရေးအတွက် ဆောင်ရွက်ခြင်းကို မြောက်ကုန်းရပ်ကွက်ရှိ အလယ်တန်းကျောင်းတွင် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

အဆိုပါ ပြင်ဆင်ထားရှိခြင်းနှင့် စပ်လျဉ်း၍ "ကိုဗစ်-၁၉ ဖြစ်ပွားတဲ့ ရန်ကုန်၊ မန္တလေး၊ တီးတိန် အစရှိတဲ့ ဖြစ်ပွားရာ ဒေသမှ ပြန်လာသူများကို ၂၁ ရက် အသွားအလာ ကန့်သတ်စောင့်ကြည့်ထားမှာပါ။ စားသောက်ရေး ကတော့ ရပ်ကွက်အစီအစဉ်နဲ့ပါ၊ ပိုးသတ်ဆေးလည်း ဖျန်းပြီးသွားပြီ၊ လောလောဆယ်တော့ ကိုးဦးအတွက် နေရာထိုင်ခင်းပြင်ပြီးသွားပြီ"ဟု ဂန့်ဂေါမြို့၏ လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြု လူငယ်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမင်းက ပြောသည်။



ဂန့်ဂေါ၌ အသွားအလာကန့်သတ်ထားရှိသူများအတွက် အဆောက်အဦကို တွေ့ရစဉ်။

ဂန့်ဂေါမြို့ပေါ်ရပ်ကွက်များတွင် ၂၁ ရက် အသွားအလာ ကန့်သတ်ထားရှိနိုင်ရေးနှင့် စောင့်ကြည့်နေရာ ချထားရေးအတွက် ကြိုတင် ပြင်ဆင်ထားရှိခြင်း နေရာလေးနေရာ သတ်မှတ်ထားရှိကြောင်းသိရသည်။ **ထင်အောင်နိုင်(ဂန့်ဂေါ)**

## ညောင်ဦးမြို့ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း၌ မြတ်ဒါန စေတနာရှင်ပရဟိတအဖွဲ့က ကူညီစောင့်ရှောက်



ညောင်ဦး အသွားအလာကန့်သတ်ထားသူများ ထားရှိမည့်နေရာ၌ ပိုးသတ်ဆေးဖျန်းစဉ်။

**ညောင်ဦး မေ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ မြတ်ဒါနစေတနာရှင် ပရဟိတအဖွဲ့မှ ညောင်ဦးမြို့ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၌ ဖွင့်လှစ်ထားရှိသည့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်မှု အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ ယနေ့တွင် စေတနာ့ဝန်ထမ်းများဖြင့် နေ့စဉ် ပါဝင်ကူညီစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းဆေးရုံရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ကန့်သတ်စောင့်ကြည့် ၂၁ ရက် ဝင်ရောက်လျက်ရှိသော နေရပ်ပြန်ဝန်ထမ်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကျော် ပြည်သူများ စုစုပေါင်း ခုနစ်ဦးခန့်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် စခန်းရှိ လူသွားစင်္ကြံလမ်းများ၊ ခုတင်များ၊ အသုံးအဆောင်ပစ္စည်းများ စသည်ဖြင့် နေရာလပ်မကျန် ပိုးသတ်ဆေးဖျန်းခြင်းများကို နေ့စဉ်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စောင့်ကြည့်လူများ၏ လိုအပ်ချက်နှင့် အခက် အခဲများ ဖြေရှင်းပေးခြင်းတို့ကို နေ့စဉ်စေတနာ့ဝန်ထမ်း နှစ်ဦးဖြင့် အချိန်ပြည့် ကူညီပေးသွားမည်ဖြစ်ကြောင်း မြတ်ဒါနစေတနာရှင် ပရဟိတအသင်း တာဝန်ရှိသူထံမှ သိရသည်။

**ကျော်မင်းဦး(ရေနံချောင်း)**

## ဂန့်ဂေါ၌ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ကွင်းဆင်းစစ်ဆေး

**ဆော မေ ၄**

ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျပ် သိန်း ၁၀၀ နှင့်အထက် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် သိန်း၂၇၀ ဖြင့် ဆောမြို့ စည်ပင်သာယာရုံး မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရာ ယခုအခါ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အလျား ပေ၂၀၀၊ အနံ ၃ ပေ၊ အမြင့် ၈ ပေရှိ ကျောက်ရိုး မြေထိန်းနံရံဆောင်ရွက်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်နိုင်နှင့် မြို့နယ်အရည်အသွေး စစ်ဆေးရေးကော်မတီမှ တာဝန်ရှိသူများက မေ ၃ ရက်တွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ဇော်မျိုးသန့်(ဆော)**



## ကွန်ဟိန်းမြို့၌ နေရပ်ပြန် ၃၇၅ ဦးအား ရေသန့်ဘူးနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ကွန်ဟိန်း မေ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့ ကွန်ဟိန်းတံတားစစ်ဆေးရေးဂိတ်၌ မေ ၄ ရက်က တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာကာ မိုင်းလား အထူးဒေသ(၄)၊ ဆီလူးဒေသတွင် ကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်ပြည့်ပြီး မိမိနေရပ်သို့ ပြန်လာသူ မြန်မာနိုင်ငံသား ၃၇၅ ဦးအား ကြိုဆိုစောင့်ဆိုင်းကာ ရေသန့်ဘူးများနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ထိန်းချုပ်၊ကုသရေး ကော်မတီဝင်များမှ နေရပ်ပြန် ၃၇၅ ဦးအား လမ်းခရီးတွင် လိုအပ်မည့် ရေသန့်ဘူးများပေးအပ်ခဲ့သည်။

အဆိုပါနေရပ်ပြန်များတွင် ကွန်ဟိန်းမြို့၌ နေရစ်မည့် သူများမပါရှိသဖြင့် နေရပ်ပြန် ၃၇၅ ဦးသည် တောင်ကြီးဘက်သို့ ဆက်လက်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

**ပြည့်စန္ဒီမြင့်(ပြန်/ဆက်)**

# မိတ္ထီလာတွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်းခြောက်သောင်းကျော်ထုတ်ချေးမည်

**မိတ္ထီလာ မေ ၄**

မိတ္ထီလာတွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်းခြောက်သောင်းကျော်ကို မေလမှ စက်တင်ဘာလအတွင်းပြီးစီးအောင်ထုတ်ချေးမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကာကွယ်ရေးအတွက်လူစုလူဝေးမဖြစ်ရန် အထက(၂)၌ ချေးငွေထုတ်ချေးပေးမည်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခရိုင်မန်နေဂျာ ဒေါ်ခင်ဆွေမျိုးတင်ထံက သိရသည်။

"မိတ္ထီလာမှာ ကျေးရွာအုပ်စု ၅၅ အုပ်စု တောင်သူဦးရေ ၁၀၃၀၀ ခန့်ကို လယ် ၁၇၂၁၉ ဧက၊ ယာ ၃၉၁၅၃ ဧက အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ၂၀၂၀ ပြည့်နှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေါင်း ၆၄၉၈၁ ဒသမ ၅၀ သိန်း ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။ စပါး(လယ်) တစ်ဧက တစ်သိန်းခွဲကျပ်၊ ယာသီးနှံတစ်ဧက တစ်သိန်းကျပ်နှုန်းနဲ့ထုတ်ချေးမှာဖြစ်ပါတယ်။ အရင်နှစ်တွေတုန်းက ယာသီးနှံထဲမှာနှမ်း၊ မြေပဲ၊ ဝါတို့ ပါပေမယ့် ဒီနှစ်ဆီထွက်သီးနှံနေကြာနဲ့ စားဖိုဆောင်သီးနှံ ကြက်သွန်၊ ငရုတ်နဲ့ ပဲအမျိုးမျိုးလည်း ပါဝင်ပါတယ်။ ချေးငွေထုတ်ချေးတဲ့နေရာကို အရင်နှစ်တွေက ဘဏ်မှာပဲ ထုတ်ချေးခဲ့ပေမယ့် ဒီနှစ် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အထက(၂)နေရာမှာ ပြောင်းရွှေ့ပြီး ငွေထုတ်ကောင်တာ နှစ်ခုဖွင့်လှစ်ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်မန်နေဂျာ ဒေါ်ခင်ဆွေမျိုးတင်က ပြောသည်။

အဆိုပါစိုက်ပျိုးစရိတ်ချေးငွေများကို မကြာမီရက်ပိုင်းအတွင်း ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တစ်ရက်လျှင် တောင်သူဦးရေ ၁၀၀ ခန့် ထုတ်ချေးပေးနိုင်ရန် စီစဉ်ထားပြီး လာရောက်ထုတ်ချေးယူသည့်တောင်သူ ၂၀၀ ခန့်ရှိပါက နံနက်တစ်ချိန်၊ မွန်းလွဲချိန်တစ်ချိန် နှစ်ပိုင်းခွဲ၍ အဆင်ပြေစွာ ထုတ်ချေးပေးနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။ မိတ္ထီလာမြို့နယ်အတွင်း ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခဲ့သည့်ချေးငွေအားလုံးကို မတ် ၂၆ ရက်က တောင်သူများထံမှ အားလုံးပြန်လည်ကောက်ခံရရှိခဲ့ကြောင်းလည်း မိတ္ထီလာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တာဝန်ရှိသူထံက သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



မိတ္ထီလာရှိ အောင်မြင်နေသော စိုက်ခင်းတစ်ခင်းကို တွေ့ရစဉ်

# ဖျားနာကု သီးခြားဆေးခန်း သန်လျင်၌ ဖွင့်လှစ်ကုသပေးနေ

**ရန်ကုန် မေ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီသည် မြို့နယ်အတွင်း ရောဂါပိုးပျံ့နှံ့မှုမရှိစေရေးဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ကြောင့် ပြင်ပဆေးခန်းများ ပိတ်ထားရချိန်တွင် သာမန်ဖျားနာ လူနာများအား ကုသပေးနိုင်ရန် Fever Clinic ဆေးခန်းကိုသန်လျင်အထွေထွေရောဂါကုဆေးရုံကြီးပြင်ပလူနာဌာနဆေးကုသဆောင်အနီး၌ မေ ၄ ရက်က စတင်ဖွင့်လှစ် ကုသလျက်ရှိသည်။



သန်လျင်၌ ဖွင့်လှစ်ထားသည့် ဖျားနာကု သီးခြားဆေးခန်း၌ ကုသမှုပေးနေစဉ်

အဆိုပါ ဆေးခန်းဖွင့်လှစ်ကုသနိုင်ရေးအတွက်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ပရဟိတအဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ကြိုးကြပ်ဆောင်ရွက် ပေးလျက်ရှိသည်။

ဖျားနာကုသီးခြား ဆေးခန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ သန်လျင်အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်က "ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများ ဖြည့်ဆည်း ပေးလျက်ရှိကြောင်း၊ ဆေးခန်းကို နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပေးပြီး ဖျားနာ၊ ချောင်းဆိုး၊ အာသီးယောင်လူနာများ သီးခြားကုသပေးနိုင်ရေးအတွက် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြည်သူများကလည်း ကျန်းမာရေးအသိရှိစွာဖြင့် ပူးပေါင်း ဆောင်ရွက်ပေးကြရန်" ပြောကြားသည်။

သန်လျင်မြို့နယ်သည် ဝန်ထမ်းအများစုနေထိုင်ရာ မြို့ဖြစ်သည်နှင့် အညီပြည်သူများ အလွယ်တကူ ဆေးကုသနိုင်ရေးအတွက် ယင်း Fever Clinic တွင် လာရောက်ပြသနိုင်ကြသည်။ **သန်းဝင်း(သန်လျင်)**

# မြင်းခြံ၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**မြင်းခြံ မေ ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ဝင် မြို့ထွက် ဂိတ်တစ်ခုဖြစ်သည့် မြင်းခြံ-မြို့သာ- မန္တလေး စစ်ဆေးရေးဂိတ်တွင် ခရီးသွားပြည်သူများနှာခေါင်းစည်းတပ်ဆင်ရေး စတစ်ကာ Campaign ကို မေ ၄ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

မိဘပြည်သူများ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေး စတစ်ကာကို ကားများ၊ ဆိုင်ကယ်များတွင် ကပ်ပေးခဲ့ပြီး ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စေခြင်း၊ ခရီးသွားမှတ်တမ်းများကို စနစ်တကျမှတ်တမ်းယူခြင်း လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ နှာခေါင်းစည်း တပ်ဆင်ရေး စတစ်ကာ Campaign သို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြင်းခြံ-မြို့သာ-မန္တလေးဂိတ်တွင် ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ပေးလျက်ရှိသော ပရဟိတအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်မှ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များ၊ တိုင်းဒေသကြီးအစိုးရမှထုတ်ပြန်သောညွှန်ကြားချက်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ ပရဟိတ အဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်စွာ(iprd)**



# ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်မှုကာကွယ်ရေး အလှူငွေနှင့် နှာခေါင်းစည်းများ လာရောက်လှူဒါန်း

**ကော့သောင်း မေ ၄**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းမြင့်မားလာနေသဖြင့် ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်မှုကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူငွေနှင့် နှာခေါင်းစည်းများ ယမန်နေ့မွန်းလွဲပိုင်းက ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အသင်းအဖွဲ့များနှင့် စေတနာရှင်များက လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ကော့သောင်း၌ ကိုဗစ်-၁၉ ကာကွယ်ရေး ငွေနှင့်နှာခေါင်းစည်းများ လှူဒါန်းစဉ်။

လှူဒါန်းမှုတွင် မြို့နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်မှုကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ကော်မတီဖွဲ့စည်းကာ ပြည်သူများနှင့်အတူ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ KDDPC Co Ltd; မှ တာဝန်ရှိသူများက အဆိုပါလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အလှူငွေ ကျပ်ငါးသိန်းနှင့် ကော့သောင်းမြို့နယ် မ.ထ.သ နှင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းပေါင်းစုံအဖွဲ့မှ နှာခေါင်းစည်း အခု ၁၅၀၀ အား လာရောက်လှူဒါန်းခဲ့ကြရာ ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

## ဒေးဒရဲမြို့ အနေ့ယာဉ်လုပ်သားများအား စားသောက်ကုန်များလှူဒါန်း

**ဒေးဒရဲ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း ဒေးဒရဲမြို့ပေါ်ရှိ အခြေခံလူတန်းစားများ ဖြစ်သည့် အနေ့ယာဉ်လုပ်သားများ၏ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ဒေးဒရဲမြို့ ဆန်စက်လုပ်ငန်းရှင်များ အသင်းနှင့် မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီတို့ ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၀နာရီက အနေ့ယာဉ်လုပ်သားများအား အခြေခံ စားသောက်ကုန်များနှင့် နှာခေါင်းစည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုတွင် ဒေးဒရဲမြို့ရှိ ဆန်စက်လုပ်ငန်းရှင်များဖြစ်သည့် ဦးတင်ဝင်း(ဝန်းရံခ)၊ ဦးမင်းအောင်(တော်ဝင်)၊ ဦးကျော်ထွန်း(ရွှေလဝင်း)၊ ဦးဝင်းမြင့်အောင်(အမေ့သားဂုဏ်ရောင်)၊ ဦးဉာဏ်လင်းအောင်(ရွှေရော)၊ ဦးကျော်ညွန့်(နုရတနာ)နှင့် မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီတို့ ပူးပေါင်း၍ ဒေးဒရဲမြို့ပေါ်ရှိ အနေ့ယာဉ်လုပ်သား ၃၀၀ နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရှိ နေ့စားဝန်ထမ်း ၁၂ ဦးတို့အား တစ်ဦးလျှင် ဆန် ငါးပြည်၊ ပဲ ငါးလုံး၊ ဆီ ၅၀ သားနှင့် နှာခေါင်းစည်း တစ်ခုစီတို့အား ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ အထောက်အကူပြု အဖွဲ့ခေါင်းဆောင် ဦးမြင့်ဦး၏ ပြောကြားချက်အရ သိရသည်။ **မြင့်မြင့်ခိုင်(ပြန်/ဆက်)**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန် လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်း ကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်း ထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်း ရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နူန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူ ချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းအိ
### အသက် (၉၁)နှစ်

သူငယ်ချင်း ဦးဇော်ထွန်းမြင့်နှင့် ဒေါ်စိုးစိုးနွယ်တို့၏ မိခင်ကြီး ဒေါ်သန်းအိ အသက် (၉၁)နှစ်သည် ၄-၅-၂၀၂၀ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

## ဒေါက်တာ ညွန့်စိုး အသက် (၅၈)နှစ်
### ကျောင်းအုပ်ကြီး၊ မိုးညှင်းဒီဂရီကောလိပ်၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့၊ ရပ်ကွက် ၃၊ ထန်းရင်းရပ်နေ (ဦးဘိုးညို-ဒေါ်ခင်ရီ)တို့၏ တစ်ဦးတည်းသောသား၊ ဒေါက်တာဇင်မိုးမိုး (တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ တောင်ကုတ်ဒီဂရီကောလိပ်)၏ခင်ပွန်းသည် ၄-၅-၂၀၂၀ရက် နံနက် ၅:၄၅နာရီတွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၃၃နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာနသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းသိစေရန် ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

(ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာယူခြင်းကို ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအတွင်း နေအိမ်၌ပြုလုပ်မည်ဖြစ်ရာ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးဖေမောင်
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၃၀ ဘီ၊ မြေညီ)နေ ဒေါ်တင်သိန်း၏ခင် ပွန်း၊ ဦးချစ်သန်း-ဒေါ်ခင်မာအေး(Lucky Time Company)၊ ဒေါ်ခင်မာညို(The Peral Thai Language)၊ ဒေါ်ခင်စန်းချို၊ ဆရာတော် အရှင်သစ္စာနန္ဒ(တောင်သုံးလုံး ထားဝယ်)၊ ကိုဝင်းကျော်(ချန်ပီယံဝပ်လျှော့၊ ထားဝယ်မြို့)၊ Designer၊ မမီးမီး(မောင်းမကန် မိသားစု Fabric Fashion House)တို့၏ဖခင်၊ Designer မသော်သဥ္စာချစ်၊ မခိုင်နီလာချစ်၊ မနှင်းအိန္ဒြာကျော်၊ မောင်ဘုန်းမြင့်ထွေး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၃-၅-၂၀၂၀ရက် ညနေ ၃:၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၂၀ရက် နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ညွန့်ညွန့်ဝင်း(ခ)ဒေါ်ဖြူဖြူ
### ငါးသိုင်းချောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဦးငွေကိုင်လမ်း၊ အမှတ်(၃၄၃)နေ ဦးအုန်းခင်-(ဒေါ်တင်ခ) ငါးသိုင်းချောင်းမြို့တို့၏သမီး၊ (ဦးအေယူရှိတ်-ဒေါ်မြတ်တင်)တို့၏ချွေးမ၊ ဦးစိန်သက်(ငြိမ်း) အထက (ငါးသိုင်းချောင်း)၏ချစ်လှစွာသော ဇနီး၊ ဦးအောင်သက်ဆွေ(ငြိမ်း)(မထသ၊ နေပြည်တော်)၊ ဦးဝင်းကိုကိုမြင့် (M.D, SHWE THIT CO.,LTD)-ဒေါ်အိမ့်အိမ့်သက်(DIRECTOR, SHWE MYANMAR THIT CO.,LTD)တို့၏ချစ်လှစွာသောမိခင်၊ မအိမ့်ဆုမွန်မြတ်၊ မအိမ့်သစ်မွန်မြင့်တို့၏ဘွားဘွားကြီးသည် ၃-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် O.S.C ဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၅-၅-၂၀၂၀ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာညွန့်စိုး
### ကျောင်းအုပ်ကြီး၊ မိုးညှင်းဒီဂရီကောလိပ်၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်
### အသက်(၅၈)နှစ်

ဒေါက်တာညွန့်စိုး (ကျောင်းအုပ်ကြီး၊ မိုးညှင်းဒီဂရီကောလိပ်၊ မိုးညှင်းမြို့ ကချင်ပြည်နယ်)သည် ၄-၅-၂၀၂၀ ရက်တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ် Chem Tech; Cos Tech; Food Tech; (First Batch)မှ တပည့်များ**

---


## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**


---

## ဒေါ်ညိုညို
### (အထပြ-ငြိမ်း) အထက(မြင်းခြံ)
### အသက် (၉၃)နှစ်

မြင်းခြံမြို့၊ အမှတ် (၁)ရပ်ကွက်နေ (ဦးမောင်ကြီး-ဒေါ်ဘောဘီ)တို့၏သမီးငယ်၊ ဦးကျော်မြင့်(ကုန်သွယ်လယ်ယာ-ငြိမ်း)၏ ဇနီး၊ ဦးထွန်းနိုင်အေး-ဒေါ်သီတာမြင့် [(မူအုပ်၊ အမက(မြောက်ကုန်း၊ မြင်းခြံမြို့)]၊ ဒေါ်နီလာမြင့်(ကျောင်းအုပ်ကြီး၊ ယွန်းပညာကော လိပ်(ပုဂံ)၊ ဒေါ်စန္ဒာမြင့်တို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်ညိုညို[(အထပြ-ငြိမ်း)၊ အထက(မြင်းခြံ)] အသက် (၉၃)နှစ်သည် ၃-၅-၂၀၂၀ရက် နံနက် ၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် မြင်းခြံမြို့၊ ချောင်းဒေါင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညိုညို
### အထပြ(ငြိမ်း)၊ အထက (၁) မြင်းခြံ
### အသက် (၉၃)နှစ်

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းပညာကောလိပ်(ပုဂံ)မှ ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်၏မိခင် ဒေါ်ညိုညိုသည် ၃-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညိုညို (အထပြ-ငြိမ်း)၊ အထက (မြင်းခြံ)
### အသက် (၉၃)နှစ်

ယွန်းပညာကောလိပ်(ပုဂံ)မှ ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်၏မိခင် ဒေါ်ညိုညို (အထပြ-ငြိမ်း)၊ အထက(မြင်းခြံ) အသက် (၉၃)နှစ်သည် ၃-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ယွန်းပညာကောလိပ်(ပုဂံ) ဝန်ထမ်းမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)
### OTS အပတ်စဉ်(၂၉)
### ၁၉၅၈ခုနှစ်-ထီးတန်းကောလိပ်သူငယ်ချင်း
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်(၈)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ်(၂၁)နေ ဒေါ်သန်းသန်းအောင်(အထက်တန်းပြဆရာမ-ငြိမ်း)၏ ခင်ပွန်း ဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)သည် ၂-၅-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁၂:၀၇ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၅၈ခုနှစ်၊ ထီးတန်းကောလိပ်သူငယ်ချင်းများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ထွန်း(ချမ်းသာကြီးပွဲရုံ)
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၄)နေ (ဦးတင်မြင့်-ဒေါ်ကြည်)တို့၏သား၊ (ဦးလှတင်)-ဒေါ်ကျင်ရွှေတို့၏ သားသမက်၊ ဒေါ်နုနုဝင်း၊ ဦးစိန်ဟိန်း-ဒေါ်တင်တင်မိုး၊ ဦးတင်မောင်လတ်-ဒေါ်ခင်မျိုးလွင်၊ ဦးမျိုးအောင်-ဒေါ်ခင်မျိုးမျိုးတို့၏ညီ/မောင်၊ ဒေါ်ခင်ချိုချိုဝင်း၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ထူးအောင်လွင်(kevin chen၊ ခေတ္တကနေဒါနိုင်ငံ)နေ၏ ချစ်လှစွာသောဖခင်သည် ၄-၅-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၁၂:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာ ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်ကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---


### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ထွန်း(ချမ်းသာကြီးပွဲရုံ)
### အသက်(၅၇)နှစ်


ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၄)နေ (ဦးတင်မြင့်-ဒေါ်ကြည်)တို့၏သား၊ (ဦးလှတင်)-ဒေါ်ကျင်ရွှေတို့၏သားသမက်၊ ဦးအောင်သန်း-ဒေါ်မြင့်မြင့်အေး၊ ဦးခင်မောင်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးတင်ထွန်း-ဒေါ်အုန်းကျင်၊ (ဦးဝမ်စိန်)-ဒေါ်စိန်စိန်၊ ဦးလှအောင်-ဒေါ်ခင်နု၊ ဦးမြင့်သန်း-ဒေါ်စန်းစန်းမြင့်၊ ဦးမျိုးမြင့်-ဒေါ်ဆွေဆွေခိုင်တို့၏ညီ/မောင်၊ ဦးကြည်စိုး(ချမ်းသာကြီးပွဲရုံ၊ ထားဝယ်)၏ အစ်ကို၊ ဒေါ်ခင်ချိုချိုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထူးအောင်လွင်(kevin chen၊ ခေတ္တကနေဒါနိုင်ငံ)နေ၏ ချစ်လှစွာသောဖခင်သည် ၄-၅-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၁၂:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးဥေ ယျဓမ္မ
### သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ရွှေဟင်္သာမြင်သာဝိပဿနာကျောင်း ပဓာနနာယကဆရာတော်ကြီး ဦးဥေ ယျဓမ္မ သည် (၁၃၈၂ခုနှစ် ကဆုန်လဆန်း ၁၂ရက်) ၃-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၅:၁၅နာရီတွင် လူကြီးရောဂါဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကာလအခြေအနေအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပနအမှုပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆရာတော်ကြီး တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ရွှေဟင်္သာမြင်သာဝိပဿနာကျောင်းသံဃာတော်များ**

---

### ဝမ်းနည်းကြေကွဲခြင်း
## သူရဦးထွန်းတင်
### နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
### အသက် (၁၀၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစံပယ်လမ်း၊ အမှတ် (၂၆)နေ ကြီးကြီးဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသောခင်ပွန်း ဘဘကြီး သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ရက် နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ် တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးထင်အောင်-ဒေါ်ချိုချိုဝင်း(မိသားစု)နှင့် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ဈေးချိုတန်း ဆွေမျိုးမိသားစုများ**

---

### ဘုရား၊ ရဟန်းဒါယိကာမကြီး
## ဒေါ်ထွေး
### ထနောင်းတိုင်ရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
### အသက်(၉၂)နှစ်

မြင်းခြံမြို့နယ်၊ ထနောင်းတိုင်ကျေးရွာ၊ နတ်လည်ရပ်နေ (ဦးစံဒင်)၏ဇနီး၊ ဦးမင်းလွင်၊ (ဦးသန်းဝင်း)၊ ဒေါ်မြင့်ကြည်၊ ဒေါက်တာမြင့်ရီ(ပါမောက္ခ၊ မြန်မာစာ)၊ ဒေါ်တင်တင်နွယ် (အလပြ)၊ ဒေါ်ကြည်ကြည်မာ(ကထိက)တို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ် ၁၃ ယောက်၊ တီတစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁-၅-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် တောင်အင်း မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်တင်ညွန့်
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်(၃၃၊ လေးလွှာ)နေ (ဦးဘိုးသစ်-ဒေါ်အေးခင်)တို့၏ သမီး၊ (ဦးမြသိန်း)၏ဇနီး၊ ဒေါ်လှလှမြင့်၊ (ဦးဇော်တင်)-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ခင်စောမြတ်လှိုင်၊ ဦးမျိုးထွန်းတို့၏ချစ်လှစွာသောမိခင်၊ မောင်နေလင်းထွန်း-မမြတ်ဘုန်းမိုး၊ မောင်ဖြိုးသူထွန်းတို့၏အဘွားသည် ၃-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဦးဦးဘစော(စစ်တွေ) အသက်(၆၉)နှစ်
### နာယက(ရုပ်ရှင်နှင့်ဗီဒီယိုအစည်းအရုံး၊ ရခိုင်ပြည်နယ်)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ စက်ရုံလမ်း၊ အိမ်အမှတ်(၃၈၅)နေ (ဦးအောင်ထွန်းစိန်)-ဒေါ်ခိုင်စောနုတို့၏သား၊ (ဦးအောင်ကျော်ဦး)-ဒေါ်ဦးသိန်းမေတို့၏သားသမက်၊ (ဒေါ်ဦးသိန်းညွန့်)(KING)ရုပ်ရှင်နှင့် ဗီဒီယိုဖြန့်ချိရေး ငှားရမ်းပြသရေး)၏ခင်ပွန်း၊ (ဦးအောင်ရွှေမြ)-ဒေါ်ဦးခင်ညွန့်၊ (ဦးမောင်တင်မြ)-ဒေါ်ခင်စောသိန်း ဦးမောင်လှရွှေ-ဒေါ်အေးရီ၊ ဦးသိန်းကျော်(စမ်းတည်းခိုခန်း)-ဒေါ်ဦးခင်သန်း၊ ဦးခိုင်ဗိုလ်ဗိုလ်စော၊ ဦးမြတ်မင်းဦး(ဆည်မြောင်း၊ စက်မှု)-ဒေါ်ခိုင်သီတာစော (ရွှေပြည့်လျှံ စာရေးကိရိယာနှင့်စတိုး)၊ ဦးခိုင်ရန်နိုင်စော-ဒေါ်စောအေးဖြူတို့၏ဖခင် မရတီနှင်းသန့်၊ မစုရတီ အောင်၊ မောင်မင်းမြတ်သန့်ဇင်၊ မစောသန္တာတို့၏အဖိုးရှင်သည် ၃-၅-၂၀၂၀ ရက် ည ၉:၀၀ နာရီတွင် ကွယ်လွန်သွားပါ၍ (၅-၅-၂၀၂၀)ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေးဝေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေ သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဦးမျိုးမြင့်ထွန်း(ခ)မွတ်တားကြီး
### လ/ထ ညွှန်ကြားရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန(နတလ)
### (ကြာအင်းဆိပ်ကြီး)
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၈၈)နေ (ဒုအရာခံဗိုလ်တင်ထွန်း)-ဒေါ်မြင့်မြင့်ကြည်တို့၏သား၊ ဗိုလ်ကြီးမင်းမင်းထွန်း(ငြိမ်း)-ဒေါ်တင်မီလတ်၊ ဗိုလ်ကြီးသူရိန်သန်း(ငြိမ်း)-ဒေါ်စုစုမြတ်၊ဦးကျော်ကျော်တို့၏ အစ်ကိုသည် ၄-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၆:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ ဖြင့် ၅-၅-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း**

စာ ၆

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၄-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

စာ ၁၅



ဧပြီ ၃၀ ရက်က ကိုရီးယားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပထမအသုတ်အဖြစ် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

# စင်ကာပူနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ မြန်မာနိုင်ငံသား ၂၆၀ ကျော် မေလဒုတိယပတ်အတွင်း ပြန်လည်ဝင်ရောက်မည်

**နေပြည်တော် မေ ၄**

စင်ကာပူနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား စုစုပေါင်း ၂၆၀ ကျော်အား မေလ ဒုတိယပတ်အတွင်း မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း MAI ၏ Relief Flight ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သက်ဆိုင်ရာ မြန်မာသံရုံးများမှ သိရသည်။

စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြေးဆွဲမည့် ပထမအကြိမ် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်ကို မေလ ၇ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းဖြင့် စီစဉ်ထားခြင်းဖြစ်သည်။ ကယ်ဆယ်ရေးလေယာဉ်ပေါ်တွင် လိုက်ပါနိုင်မည့် ခရီးသည်စုစုပေါင်း ၁၄၆ ဦးခန့်ရှိပြီး လိုက်ပါမည့်ခရီးစဉ်မှ ခရီးသည်များသည် လေယာဉ်လက်မှတ် ဝယ်ယူရရှိရေးအတွက် မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ဖုန်းနံပါတ် ၆၃၂၈၈၆၀၃၊ ၉၂၇၀၇၀၅၈ တို့သို့ ရုံးဖွင့်ရက်များအတွင်း ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

လေယာဉ်ထိုင်ခုံနေရာအကန့်အသတ်ရှိခြင်းကြောင့် သံဃာတော်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့် စင်ကာပူနိုင်ငံသို့ဆေးကုသရန် လာရောက်စဉ် ပိတ်မိနေသည့် လူနာများအပါအဝင် ကျန်းမာရေးအားနည်းသူများကို ဦးစားပေး၍ လိုက်ပါနိုင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း စင်ကာပူမြို့ရှိ မြန်မာသံရုံးမှ သိရှိရသည်။ စင်ကာပူသို့ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့

*စာမျက်နှာ ၅ ကော်လံ ၁*

# ကျောက်ဆည်မြို့၌ အထက်မြန်မာပြည်အတွက် သိုလှောင်ရန် အရန်ရိက္ခာဆန်များ စတင်ရောက်ရှိ

**မန္တလေး မေ ၄**

အထက်မြန်မာပြည် အတွက် သိုလှောင်ရန် နိုင်ငံတော်အရန်ရိက္ခာဆန်များကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ဖောင်ရွာ၊ ရွာသစ်ရပ်ရှိ စားသုံးသူရေးရာဦးစီးဌာနပိုင် သိုလှောင်ရုံတွင် ယမန်နေ့က စတင်လက်ခံဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး အရန်ရိက္ခာဆန်များ ဝယ်ယူ၊ လက်ခံ၊ သိုလှောင်ရေးကြီးကြပ်မှုအဖွဲ့မှ သိရသည်။ **(ယာပုံ)**



ကိုဗစ်-၁၉ ပြန့်ပွားမှုမြင့်မားလာပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံသားများအား နိုင်ငံတော်ရိက္ခာအဖြစ် ဖြန့်ဝေနိုင်ရန် အရန်ရိက္ခာဆန် တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူ၍ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် သိုလှောင်ထားရှိမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပိုင် သိုလှောင်ရုံများ၌ မေလအတွင်း အရန်ရိက္ခာဆန်တန်ချိန် ၅၀၀၀ သိုလှောင်ရန်လျာထားပြီး စားအုန်းဆီများအတွက် ဗဟိုက ခွင့်ပြုထားသည့် ပမာဏအတိုင်းလက်ခံသိုလှောင်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

"အရန်ဆန်ကို မန္တလေးတိုင်းဒေသကြီးနဲ့ နီးစပ်တဲ့နေရာတွေမှာ ပြည်သူလူထုအတွက်

*စာမျက်နှာ ၂၂ ကော်လံ ၁*

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ**

"ခရီးသွားကဏ္ဍ စိန်ခေါ်မှုများစွာရှိသော်လည်း ကြံ့ကြံ့ခံကာ အနာဂတ် ခရီးသွားကဏ္ဍအတွက် ပြင်ဆင်ရှေ့ဆက်မည်" ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အချုပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် မေ ၄

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ မိုး/ဇလ




# ကိုနာတေးကို ခေါ်ယူရန် ၎င်း၏ အေးဂျင့်ကို မန်ယူဆက်သွယ်

မန်ယူအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် လိုက်ပ်ဇစ်ကြယ်ပွင့် အီဗရာဟီမာ ကိုနာတေးကို ခေါ်ယူရန်အတွက် အဆိုပါကစားသမား၏ အေးဂျင့်ဖြစ်သူကို ဆက်သွယ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပြင်သစ်အခြေစိုက် သတင်းအရင်းအမြစ်များတွင် မန်ယူနည်းပြ ဆိုးလ်ရှားသည် နွေရာသီတွင် ခံစစ်အင်အား ဖြည့်တင်းဖွယ်ရှိနေကြောင်း ဖော်ပြထားသည်။

ကိုနာတေးသည် ပြီးခဲ့သည့် အောက်တိုဘာလတွင် ဒဏ်ရာရရှိခဲ့ပြီးနောက် ၂၀၁၉-၂၀၂၀ ရာသီပြိုင်ပွဲအများစုကို အရန်ခုံတွင်သာ ထိုင်နေခဲ့ရသူဖြစ်သည်။ သို့သော်လည်း အသက် ၂၀ အရွယ်ကစားသမားကို ဘွန်ဒက်စ်လီဂါ၌ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားအဖြစ် မှတ်ယူထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် ၂၀၁၇ ခုနှစ်တွင် ပြင်သစ်ကလပ်ဆိုးချော့အသင်းမှ ဂျာမန်ကလပ် လိုက်ပ်ဇစ်အသင်းထံသို့ ရောက်ရှိလာသူဖြစ်သည်။

ဆိုးလ်ရှားသည် အသင်းတွင် ရွေးချယ်စရာ ဗဟိုခံစစ်ကစားသမား အများအပြားရှိနေသော်လည်း ယခုနှစ်နွေရာသီတွင် ထိုကစားသမားများထဲမှ အများစုကို ရောင်းထုတ်ဖွယ်ရှိနေကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၄*

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်နေ့

၂၀၂၀ ပြည့်နှစ်၊ မေ ၆ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့မှာ အသစ်ဖွင့်လှစ်ဦးမယ့် ဈေးရောင်းစင်တာတွေ



ဆွေဦးဝေ

အဝင်တံခါးပေါက်ရှေ့ ရပ်လိုက်တာနဲ့ အလိုအလျောက်ပွင့်သွားတဲ့ မှန်တံခါးမှ တစ်ဆင့် အတွင်းကိုလှမ်းဝင်လိုက်ချိန်မှာပဲ တစ်ကိုယ်လုံး အအေးဓာတ် လွှမ်းခြုံသွားသလို ခံစားလိုက်ရပါတယ်။ သပ်ရပ်သန့်ရှင်းစွာ ခင်းကျင်းထားတဲ့ ဆိုင်ခန်းတွေ၊ သစ်လွင်တောက်ပြောင်တဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေ၊ ဆိုင်တွေအလိုက် တူညီဝတ်စုံတွေနဲ့ အရောင်းဝန်ထမ်းလေးတွေရဲ့ လှုပ်ရှား ရောင်းချပြသနေမှုတွေနဲ့အတူ ခေတ်မီဈေးရောင်းစင်တာတစ်ခုလုံး ဈေးရောင်း၊ ဈေးဝယ်သူတွေ၊ လာရောက်လေ့လာသူတွေနဲ့ ကြွေရွှေစွာ စည်ကားနေပါတယ်။ ရန်ကုန်မြို့မှာ ဒီလိုနိုင်ငံတကာအဆင့်မီ ဈေးရောင်းစင်တာကြီးတွေ တစ်ခုပြီး တစ်ခု ထွက်ပေါ်လာနေသလို လာမယ့်နှစ်အနည်းငယ်အတွင်းမှာလည်း ဂျပန် ကုမ္ပဏီတစ်ခုက ဈေးရောင်း ဈေးဝယ်စင်တာတွေ ထပ်မံဖွင့်လှစ်ဖို့ ရှိနေတယ်လို့ ဆိုပါတယ်။

ဂျပန်နိုင်ငံ AEON က လာမယ့် ၂၀၂၃ ခုနှစ်မှာ ဈေးဝယ်စင်တာတွေ ဖွင့်ပြီး ကုန်ပစ္စည်းတွေ လက်လီ လက်ကား ရောင်းချသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ မိမိတို့ ပုဂ္ဂလိကကဏ္ဍကလည်း မြန်မာ့ပို့ကုန်တွေကို အပြည်ပြည်ဆိုင်ရာဈေးကွက်မှာ တရားဝင် ယှဉ်ပြိုင် ရောင်းချနိုင်ရေးအတွက် မြန်မာပို့ကုန်တွေကို ဝယ်ယူတင်သွင်းလိုတဲ့ နိုင်ငံတွေကို တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ကြဖို့ လိုပါတယ်လို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ၂၀၂၀ ပြည့်နှစ် မတ် ၆ ရက်က UMFCCI မှာပြုလုပ်တဲ့ ဆွေးနွေးပွဲမှာ ပြောကြားပါတယ်။

### ဈေးဝယ်စင်တာများ အပြိုင်အဆိုင်ဖွင့်

ရန်ကုန်မြို့မှာ ဈေးဝယ်စင်တာပေါင်း ၃၀ ခန့်ရှိပြီး လူသုံးကုန်ပစ္စည်းတွေ လက်လီ ရောင်းချတဲ့ လက်လီဆိုင်ပေါင်း သောင်းဂဏန်းအထိ ရှိနေပါတယ်။ ဒီလို ဈေးဝယ်စင်တာကြီးတွေ အပြိုင်အဆိုင် ဖွင့်လှစ်လာခြင်းဟာ ရန်ကုန်မြို့နေ ပြည်သူတွေ စိတ်တိုင်းကျကာ နှစ်သက်မှုဖြစ်နေကြပြီး လာရောက်ဝယ်ယူမှုအလေ့အထတွေ များလာနေပါတယ်။

ဒီလို ဈေးဝယ်စင်တာတွေများလာတဲ့ ရန်ကုန်မြို့မှာသာမက တစ်နိုင်ငံလုံး မြို့ကြီးတွေအထိပါ ဈေးဝယ်စင်တာတွေ ဖွင့်လှစ်နိုင်ဖို့ ဂျပန် AEON ကုမ္ပဏီက စီစဉ်နေတာဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ အကြီးစားလက်လီရောင်းချတဲ့ ဒီကုမ္ပဏီဟာ ပြည်တွင်းက ကုမ္ပဏီတစ်ခုနဲ့ အကျိုးတူပူးပေါင်းပြီး ဆောင်ရွက်မှာဖြစ်တာမို့ လောလောဆယ် ဈေးဝယ်စင်တာအရေအတွက် ဘယ်လောက်ဖွင့်မယ်ဆိုတာတော့ မထုတ်ပြန်သေးပါဘူး။

### ယှဉ်ပြိုင်နိုင်ဖို့ တွန်းအားပေး

တကယ်တော့ ဒီလိုပြည်ပကုမ္ပဏီတွေက လာရောက်ပြီး ဈေးဝယ်စင်တာတွေဖွင့်ကာ လက်လီ လက်ကားရောင်းချမှုတွေ ပြုလုပ်တာဟာ စားသုံးသူတွေ၊ ဝယ်ယူသူတွေအနေနဲ့ ဈေးနှုန်းသက်သာမှု၊ ကုန်ပစ္စည်းနဲ့ အရည်အသွေးကောင်းတွေ ရရှိနိုင်မှု၊ နည်းပညာတိုးတက်လာမှုအပြင် ပြည်တွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုး တိုးတက်စေဖို့ ယှဉ်ပြိုင်နိုင်မှု အားကောင်းလာစေတဲ့ တွန်းအားပေးနိုင်မှုတွေ ဖြစ်ပေါ်စေနိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိစေမှာဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ပြည်တွင်းမှာ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနှင့် နိုင်ငံခြားသား ပေါင်းစပ်ဆောင်ရွက်မည့် ကုမ္ပဏီတွေကို လက်လီ လက်ကားရောင်းဝယ်ရေး လုပ်ငန်းတွေ

အချပ်ပို (ဂ) သို့

# ရန်ကုန်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် စီမံကိန်းသစ်

ဇင်လင်းမြင့်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်မှာရှိတဲ့ မိမိနေထိုင်ရာ ရပ်ကွက်လမ်းအတွင်း လှမ်းဝင်လိုက်တာနဲ့ လမ်းမီးရောင်က ထိန်ထိန်လင်းနေတာ တွေ့ရပါတယ်။ လျှပ်စစ်ဗို့အား ပြည့်ပြည့်ဝဝရရှိတာမို့ လျှပ်စစ်မီးရောင်က အနီး အဝေးမြင်ကွင်းကို ရှင်းနေအောင် တွေ့မြင်ရတာဟာ လုံခြုံမှု၊ ကျေနပ်မှု၊ သက်သောင့်သက်သာဖြစ်မှုစတဲ့ စိတ်ခံစားမှုတွေကို တစ်ပြိုင်နက်တည်း ခံစားရစေပါတယ်။ ရန်ကုန်မြို့ဟာ စီးပွားရေးလုပ်ငန်းတွေ၊ စက်မှုဇုန်တွေပေါများတဲ့အပြင် လူနေထိုင်မှုများပြားတာမို့ တစ်နိုင်ငံလုံးရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုရဲ့ ထက်ဝက်ခန့်ရှိနေပါတယ်။ ရန်ကုန်မှာတည်ရှိနေတဲ့ စက်ရုံ အလုပ်ရုံတွေ လုပ်ငန်းလည်ပတ်ဖို့ဆိုတာ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးက အရေးကြီးနေတာမို့ ပြည်သူတွေ လျှပ်စစ်ဓာတ်အား ဖူလုံအောင် သုံးစွဲနိုင်သလို စီးပွားရေးလုပ်ငန်းတွေအတွက် ဓာတ်အားရရှိရေးကလည်း အဓိကအခန်းကဏ္ဍမှာ ရှိနေပါတယ်။ ဒါကြောင့်လည်း သီလဝါအထူးစီးပွားရေးဇုန်မှာ ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံပြီး သဘာဝဓာတ်ငွေ့ရည်သုံး လျှပ်စစ်ဓာတ်အားထုတ်စက်ရုံ တည်ဆောက်နိုင်ရေး စီစဉ်နေပြီဖြစ်ပါတယ်။



"မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားခ ဈေးနှုန်းတွေ မြင့်တင်လိုက်ပြီးနောက်ပိုင်းမှာ ဂျပန်ကုမ္ပဏီအချို့က မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်လာကြတယ်" လို့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောပါတယ်။

ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ အကွက်အမှတ် (၂၇)၊ (၂၈)၊ (၂၉) တို့မှာ အကောင်အထည်ဖော် တည်ဆောက်မယ့် အဲဒီ သဘာဝဓာတ်ငွေ့ရည်သုံး လျှပ်စစ်ဓာတ်အားထုတ်စက်ရုံကို ဂျပန်နိုင်ငံမှာ မာရူဘီနီ-ဆူမီတိုမိုကော်ပိုရေးရှင်းနဲ့ မြန်မာနိုင်ငံတွင်းမှ အများပိုင်ကုမ္ပဏီတစ်ခုတို့က ပူးပေါင်းပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ စီစဉ်နေတာဖြစ်တယ်လို့ ဆိုပါတယ်။

ဒီစက်ရုံ တည်ဆောက်လည်ပတ်နိုင်ရေးအတွက် လာမယ့် ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းမှာ အစိုးရနဲ့ အဲဒီပူးပေါင်းကုမ္ပဏီတို့ လက်မှတ်ရေးထိုးကြဖို့လည်း စီစဉ်ထားကြောင်း သိရပါတယ်။ အဲဒီစက်ရုံစီမံကိန်းကနေပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ ကျော် ထုတ်လုပ်နိုင်မှာဖြစ်တယ်လို့ ဆိုပါတယ်။

တကယ်လို့ ဒီစီမံကိန်းဟာ အခက်အခဲမရှိ အကောင်အထည်ဖော်နိုင်ခဲ့ရင်တော့ အခုရင်းနှီးမြှုပ်နှံမှုဟာ လျှပ်စစ်ကဏ္ဍ ဂျပန်နိုင်ငံရဲ့ ပထမဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်လာမယ့် အနေအထားဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိနေတာမို့ ဂျပန်နိုင်ငံက မစ်ဆူအီ၊ မာရူဘီနီနဲ့ မစ်ဆူဘီရှီတို့လို ကုမ္ပဏီတွေက လျှပ်စစ်ဓာတ်အားကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ကြမယ့် အလားအလာကောင်းတွေ ရှိနေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကိုကြည့်ရင် ၂၀၁၀-၂၀၁၁ ခုနှစ်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စုစုပေါင်း ၃၄၁၃ မဂ္ဂါဝပ်ခန့်ရှိခဲ့ရာမှာ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ နိုင်ငံတစ်ဝန်း ဓာတ်အားပေးစက်ရုံတွေဖြစ်တဲ့ ရေအားဓာတ်အားထုတ်လုပ်ရေးစက်ရုံတွေက ၃၁၈၅ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့မှာ ၁၈၂၉ မဂ္ဂါဝပ်၊

အချပ်ပို (ဂ) သို့

# ကိုဗစ်-၁၉ ကာလ၊ ရန်ကုန်ပရဟိတ လှုပ်ရှားသမျှ

ရှင်နော်၊ ဓာတ်ပုံ - Clean Yangon

**ကမ္ဘာ့** ကပ်ရောဂါတစ်ခုအသွင်ဖြင့် ဝင်ရောက်လာသော ကိုရိုနာဗိုင်းရပ်စ်သည် ရန်ကုန်မြို့ အပါအဝင် မြန်မာနိုင်ငံအတွင်းကို ချင်းနင်းဝင်ရောက်လာခဲ့သည်မှာ ယခုဆိုလျှင် တစ်လကျော်ကာလအတွင်းကို ရောက်ရှိနေပြီဖြစ်သည်။ ကမ္ဘာ့ကပ်ရောဂါဆိုးကြီး နိုင်ငံအတွင်းကို ချင်းနင်းဝင်ရောက်လာသော အခိုက်အတန့်တွင် ထိရောက်သော တုံ့ပြန်မှုများကို မြန်မာ့ကျန်းမာရေးအဖွဲ့အစည်းအနေဖြင့် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့သည်။ ကုသရေးအပိုင်း၊ ကူညီစောင့်ရှောက်ရေးအပိုင်း၊ ထောက်ပံ့ရေးအပိုင်းဟူ၍ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ တာဝန်အသီးသီးခွဲယူပြီး ကျရာအပိုင်းမှ ထမ်းရွက်ခဲ့ကြသည်ကို တွေ့မြင်ခဲ့ရပါသည်။

လက်ရှိအချိန်ကာလအထိ မြို့တော်ရန်ကုန်မှာ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ဟန့်တားထားနိုင်ခြင်းဟာ အစိုးရ၊ ဌာနဆိုင်ရာနဲ့ အဖွဲ့အစည်းအသီးသီးကြောင့်သာမဟုတ်ဘဲ ထုတ်ပြန်ပေးနေသည့် ကျန်းမာရေးစည်းကမ်းချက်များကို တိတိကျကျ လိုက်နာနေထိုင်နေကြသည့် မြို့သူမြို့သားများကြောင့်လည်း ဖြစ်ပါသည်။ ရန်ကုန်သူ ရန်ကုန်သားများအနေနဲ့ နှစ်စဉ်နှစ်တိုင်း သင်္ကြန်ရုံးပိတ်ရက်ကာလတွေမှာ ရေကစားခြင်း၊ ခရီးသွားခြင်း၊ ဘုရားကျောင်းကန်များမှာ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ မိသားစုအလိုက် အပန်းဖြေအနားယူခြင်းများ ပြုလုပ်လေ့ရှိရာမှာ တစ်သက်မှာတစ်ခါ ထူးခြားမှုအနေနဲ့ ကိုဗစ်ကပ်ရောဂါဆိုးကြောင့် အဆိုပါ ကိစ္စရပ်တွေကို ထူးထူးခြားခြား စွန့်လွှတ်ခဲ့ရပါသည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ကျန်းမာရေးဌာနက ထုတ်ပြန်ပေးထားသည့်စည်းကမ်းချက်များနှင့်အညီ သွားလာနေထိုင်ခဲ့ကြပါသည်။

**လူငယ်ထုရဲ့စွမ်းအား**

အစိုးရအဖွဲ့အစည်းအသီးသီးနဲ့ ပြည်သူလူထုလက်တွဲပြီး ကိုဗစ်ရောဂါဆိုးကို ခုခံကာကွယ်နေချိန်မှာ ရန်ကုန်လူထုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေတာက ရန်ကုန်လူငယ်ထုပဲဖြစ်ပါသည်။ ကျန်းမာရေးဌာနများ၊ ဆေးရုံများ၊ ကန့်သတ်စောင့်ကြည့်ရာနေရာများ၊ ကာကွယ်ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ စတဲ့အခြေခံလိုအပ်ချက်တွေကို အရေးပေါ်ဖြည့်ဆည်းပေးဖို့ လိုအပ်တဲ့နေရာတိုင်းမှာ ရန်ကုန်လူငယ်ထုကို တွေ့မြင်နေရပါသည်။ နိုင်ငံတော်အစီအစဉ်နဲ့ ဆန်၊ ဆီ၊ ဆားလှူဒါန်းမှုတွေ၊ အဝတ်အထည်၊ အစားအသောက်နဲ့ နောက်ဆုံး ရေသန့်လိုအပ်မှုက အစ လူငယ်ထုဟာ ကာယစွမ်းအား၊ ဉာဏစွမ်းအားအပြည့်နဲ့ ပူးပေါင်းပါဝင်သည်ကို တွေ့ရပါသည်။

တိုင်းဒေသကြီးအတွင်းက မြို့နယ်အသီးသီးမှာ စိတ်တူဝါသနာတူရာ စုပေါင်းဖွဲ့စည်းထားသည့် တစ်ပိုင်တစ်နိုင် ပရဟိတအသင်းများစွာမှာ ရန်ကုန်လူငယ်ထုရဲ့ လှုပ်ရှားဆောင်ရွက်မှုများကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ရန်ကုန်လူငယ်ထု အများဆုံးပါဝင်သည့်ပရဟိတအသင်းများကို သန့်ရှင်းရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကလေးသူငယ်စောင့်ရှောက်ရေးကဏ္ဍ၊ သက်ကြီးဘိုးဘွားစောင့်ရှောက်ရေးကဏ္ဍ၊ စားဝတ်နေရေးကဏ္ဍ စသည်ဖြင့် မိမိနှစ်သက်ရာကဏ္ဍအလိုက် ဖွဲ့စည်းထားတတ်ကြပါသည်။ ရန်ကုန်လူငယ်ပရဟိတအဖွဲ့များအနေနဲ့ တိုင်းဒေသကြီးအတွင်း အရေးကိစ္စကြီးငယ် ပေါ်ပေါက်လာသည့်အခါတိုင်းမှာ ကားကို မီးရောင်စုံဖွင့်ပြီး အကူအညီပေးရန်အတွက် အပြေးအလွှား အရောက်လာတတ်ကြလေ့ရှိပါသည်။

လက်ရှိအချိန်မှာ ညဉ့်နက်ပိုင်း အသွားအလာကန့်သတ်ထားသည့် ရန်ကုန်မြို့ကို တာဝန်ရှိအဖွဲ့အစည်းများ နည်းတူ ပြည်သူများလုံခြုံရေးအတွက် စောင့်ရှောက်ပေးသည်မှာလည်း ရန်ကုန်လူငယ်ထုပင်ဖြစ်ပါသည်။ လမ်းအလိုက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ဖြစ်စေ၊ မြို့နယ်များတွင် ဖွဲ့စည်းထားသော ကော်မတီအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်း၍ဖြစ်စေ ရန်ကုန်လူငယ်ထုက အမည်အမျိုးမျိုးခံကာ ပြည်သူလူထုအား တတ်စွမ်းသမျှ ကူညီထောက်ပံ့ပေးလျက်ရှိသည်။

မြို့တော်ရန်ကုန်ရှိ ပရဟိတအသင်းများစွာအနက် ရန်ကုန်မြို့တော်ကြီးအား စိမ်းလန်းပြီး သန့်ရှင်းသာယာလှပသော မြို့တော်ကြီးအဖြစ်ပြောင်းလဲနိုင်ရန် ရည်ရွယ်ချက်ကောင်းများဖြင့် ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းကာ လက်ရှိအချိန်တွင် ပရဟိတအသင်းပေါင်း ၆၅ သင်းကျော်၊ လူကြီး လူငယ် လူလတ်မရွေး အလွှာအသီးသီးမှ လူတန်းစားပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် Clean Yangon တာဝန်ခံ ကိုဇေယျာထွန်းက ကိုဗစ်ကာလ ကူညီဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ “ကိုဗစ်ကာလမှာ အဓိက ကျန်းမာရေးဝန်ထမ်းတွေရယ်၊ စေတနာ့ဝန်ထမ်းတွေရယ်ကို အားဆေးတွေ ထောက်ပံ့ပေးနေပါတယ်။ နောက်တစ်ခုက အခြေခံလူတန်းစားအိမ်ထောင်စုတွေအတွက် စားနပ်ရိက္ခာတွေ လိုက်လံလှူဒါန်းပေးနေတာတွေ ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့ မတ် ၁၀ ရက်လောက်ကစပြီး အသိပညာပေးပိုစတာတွေစပြီးလုပ်ခဲ့တာပါ။ ပြီးတော့ ပန်းဖလက်ဝေတဲ့ လှုပ်ရှားမှုတွေ တောက်လျှောက်လုပ်ခဲ့ပါတယ်။ လုပ်နေရင်းတန်းလန်းနဲ့ Positive Case တွေ့တယ်ဆိုတော့ အင်တိုက်အားတိုက် ထပ်လှုပ်ရှားဖြစ်တယ်။ ရန်ကုန်မြို့တင်မကဘဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့ Billboards ထောင်တယ်၊ လက်ဆေးဖို့ အသိပညာပေးတာတွေလုပ်ပေးခဲ့ပါတယ်။ ကိုဗစ်-၁၉ ဖြစ်လာတဲ့အခါကျတော့ ဆေးရုံ၊ ဆေးခန်းတွေမှာ လိုအပ်တဲ့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်း လှူဒါန်း ပေးထားတာရှိတယ်။ နောက်တစ်ခုကျတော့ ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ စိတ်ခွန်အားရရှိစေမယ့်ဟာမျိုးတွေ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ တာဝန်ထမ်းဆောင်နိုင်ဖို့နဲ့ အားအင်ပြည့်ဝနေဖို့ အားဆေးလိုဟာမျိုးတွေ လှူပေးတာတွေ ရှိပါတယ်” ဟု ပြောကြားသည်။

ရန်ကုန်မြို့၏ အခြေခံလိုအပ်ချက်ဖြစ်သော စုပေါင်းသန့်ရှင်းရေးကို အဓိကထားလုပ်ဆောင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာလတွင် ပြည်သူလူထုကို ကျန်းမာရေးအသိပညာပေးမှုများ လုပ်ဆောင်ပေးလျက်ရှိသော Clean Yangon အဖွဲ့တွင် အမြဲတမ်းအသင်းဝင်ပေါင်း ၂၀၀ ကျော်နှင့် စေတနာ့ဝန်ထမ်းအသင်းဝင်ပေါင်း ၁၀၀၀ နီးပါး ပါဝင်လုပ်အားပေးနေသည်။

ကိုဗစ်-၁၉ ကာလ အစိုးရနှင့် ပုဂ္ဂလိက အလှူရှင်များ လှူဒါန်းသော ဆန်အိတ်၊ ဆီပုံးကဲ့သို့ အလေးအပင်များ သယ်ယူရာတွင် လည်းကောင်း၊ မြို့နယ် ရပ်ကွက်များရှိ သာရေးနာရေးလူမှုကိစ္စ အဝဝတို့တွင် လည်းကောင်း ရန်ကုန်လူငယ်ထုက တတ်စွမ်းသမျှ ဝိုင်းဝန်းကြသည်။ ထိခိုက်အနာတရဖြစ်သူ၊ ကျန်းမာရေးမကောင်းသူ စသော အရေးပေါ်အခြေအနေဖြင့် ဆေးရုံဆေးခန်းသွားရန် လိုသည့်အခါ ပရဟိတလူငယ်များက ဝိုင်းဝန်းလုပ်ဆောင်ပေးတတ်ကြသည်။ ထို့ကြောင့်ပင် ယခုသီတင်းပတ်၏ ရန်ကုန်စာမျက်နှာထက်၌ ကိုဗစ်-၁၉ ကာလတွင် ပါဝင်လှုပ်ရှားလျက်ရှိသော ရန်ကုန်ပရဟိတလူငယ်များအကြောင်းကို တင်ဆက်လိုက်ရပါသည်။ ။



ကိုဗစ်-၁၉ ရောဂါ ခုခံကာကွယ်ချိန်တွင် ရန်ကုန်ပရဟိတလူငယ်များက ပြည်သူလူထုအား တတ်စွမ်းသမျှ ပါဝင်ကူညီထောက်ပံ့ပေးစဉ်။


ရန်ကုန်မြို့ရှိ ပရဟိတလူငယ်များ ပြည်သူလူထုကို ကူညီထောက်ပံ့မည့် ဆန်အိတ်နှင့် စားသောက်ကုန်များ သယ်ယူလာစဉ်။

> **“ကိုဗစ်-၁၉ ကာလ အစိုးရနှင့် ပုဂ္ဂလိက အလှူရှင်များ လှူဒါန်းသော ဆန်အိတ်၊ ဆီပုံးကဲ့သို့ အလေးအပင်များ သယ်ယူရာတွင် လည်းကောင်း၊ မြို့နယ် ရပ်ကွက်များရှိ သာရေးနာရေးလူမှုကိစ္စ အဝဝတို့တွင် လည်းကောင်း ရန်ကုန်လူငယ်ထုက တတ်စွမ်းသမျှ ဝိုင်းဝန်းကြသည်။ ထိခိုက်အနာတရဖြစ်သူ၊ ကျန်းမာရေးမကောင်းသူ စသော အရေးပေါ်အခြေအနေဖြင့် ဆေးရုံဆေးခန်းသွားရန် လိုသည့်အခါ ပရဟိတလူငယ်များက ဝိုင်းဝန်းလုပ်ဆောင်ပေး တတ်ကြသည်။”**

**ရန်ကုန်မြို့မှာ အသစ်ဖွင့်လှစ်ဦးမယ့် ဈေးရောင်းစင်တာတွေ . . . မှ**

လုပ်ကိုင်ခွင့်ပြုခြင်း ဖြစ်တယ်လို့လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာမှာ ဖော်ပြထားပါတယ်။

ဒီလို ဈေးဝယ်စင်တာတွေ ဖွင့်ပြီး လက်လီလက်ကားရောင်းချမှု စတင်လုပ်ကိုင်တဲ့အခါ လက်ကားရောင်းချမှုအနေနဲ့ မြေငှားရမ်းခမပါ အမေရိကန်ဒေါ်လာ ၅ သန်းနဲ့ လက်လီရောင်းချမှုလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၃ သန်းကို ကနေဦးမတည်ရင်းနှီးရမယ်လို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတ်မှတ်ထားပါတယ်။

**တန်ဖိုးမြင့်ပြည်တွင်းထုတ်ကုန်**

နိုင်ငံခြားသားတွေအနေနဲ့ ပြည်တွင်းလက်လီလက်ကား ရောင်းဝယ်ခွင့်ပြုတဲ့ ကုန်ပစ္စည်းအမျိုးအစား ၂၄ မျိုး သတ်မှတ်ထားပါတယ်။ အဲဒီ ကုန်ပစ္စည်းအမျိုးအစားတွေက အဝတ်အထည်၊ နာရီ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းတွေ၊ အိမ်သုံးပစ္စည်းတွေ စတာတွေ ဖြစ်ပါတယ်။ ဒီလိုရောင်းချရာမှာလည်း ပြည်တွင်းက ထုတ်ကုန်တွေကို တန်ဖိုးမြင့် ထုတ်လုပ်ကာ ဦးစားပေးရောင်းချမှုတွေလည်း ဆောင်ရွက်ရမယ်လို့ ဆိုထားပါတယ်။

ရန်ကုန်မြို့ရဲ့ အဓိက ကားလမ်းမတွေပေါ်မှာရော၊ လမ်းဆုံတွေမှာပါ ဈေးရောင်းစင်တာကြီးတွေ၊ ရှော့ပင်းမောတွေ၊ စူပါမားကတ်တွေ အပြိုင်အဆိုင် တည်ရှိနေသလို ထပ်မံထွက်ပေါ်လာဖို့လည်း ရှိနေပြီ ဖြစ်ပါတယ်။ ပြည်သူတွေနေထိုင်ရာ နေရာနဲ့ လက်လှမ်းမီရာ နေရာတွေမှာ တည်ရှိနေပြီ ဖြစ်တဲ့ဈေးရောင်း၊ ဈေးဝယ်စင်တာကြီးတွေဟာ အခုဆိုရင် ဖျော်ဖြေရေးအဖြစ် ရုပ်ရှင်ရုံတွေ၊



ကုန်ပစ္စည်း အရောင်းမြှင့်တင်ရေးဆိုင်ရာ ဖျော်ဖြေမှုတွေ၊ နာမည်ကြီးအနုပညာရှင်တွေရဲ့ အမှတ်တရလက်မှတ်ရေးထိုးပေးတဲ့ ပရိသတ်နဲ့ တွေ့ဆုံပွဲတွေလည်း ပြုလုပ်နေတာမို့ လူတွေစိတ်ဝင်စားရာ နေရာတွေအဖြစ် ရောက်ရှိလာပါတယ်။

ဒါ့အပြင် လက်ဖက်ရည်၊ ကော်ဖီနဲ့ အခြားစားသောက်စရာဆိုင်တွေလည်း တည်ရှိနေတာမို့ ဈေးရောင်းစင်တာကြီးတွေကို လာရောက်ရင်းနဲ့ အားလုံးပြည့်စုံအောင်၊ စိတ်ကျေနပ်မှုရရှိအောင် ဖြည့်ဆည်းပေးနိုင်တဲ့ နေရာတစ်ခုအဖြစ်လည်း တည်ရှိနေပါတယ်။

ရန်ကုန်မြို့ရဲ့ ရှော့ပင်းမောကြီးတွေဟာ လူငယ်တွေအတွက်ရော၊ လူကြီးတွေအတွက်ပါ အပန်းဖြေစရာ နေရာတစ်ခုအဖြစ် ရောက်ရှိအောင်ဆောင်ရွက်ထားတာဖြစ်ပြီး ပြည်သူတွေအတွက်လာရောက်တဲ့အခါ အနှောင့်အယှက်တစ်စုံတစ်ရာမရှိအောင် ဈေးရောင်းဈေးဝယ်မှုကိုလည်း စည်းကမ်းရှိရှိနဲ့ ဆက်ဆံကာ ဝန်ဆောင်မှုပေးနေမှုတွေကလည်း သတိပြုစရာဖြစ်ပါတယ်။

ပြည်တွင်းကို ပြည်ပကနေပြီး လက်လီလက်ကားရောင်းချမှုတွေဝင်ရောက်လာခြင်းကြောင့် လက်ရှိဈေးဝယ်စင်တာ လုပ်ငန်းတည်ထောင်လုပ်ကိုင်သူတွေအတွက် ပူးပေါင်းလုပ်ကိုင်နိုင်လို့ အဆင်ပြေနိုင်ပေမယ့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူတွေအတွက် ယှဉ်ပြိုင်မှု ခက်ခဲနိုင်တဲ့အချက်လည်း ရှိနေပါတယ်။ အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ချဲ့ထွင်မှုတွေကအစ စိန်ခေါ်မှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။

**မြို့ပြဖွံ့ဖြိုးမှုထောက်ကူပြု**

ဈေးရောင်းစင်တာကြီးတွေ ပြည်ပက ထပ်မံဝင်ရောက်လာနိုင်လေလေ နိုင်ငံတကာက နာမည်ကြီးထုတ်ကုန်တွေကို ပြည်တွင်းမှာ ဈေးနှုန်းသင့်တင့်စွာ တိုက်ရိုက်ဝယ်ယူနိုင်ခြင်း၊ ခေတ်မီဈေးရောင်းစင်တာကြီးတွေ ထွက်ပေါ်လာခြင်းဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊ ယှဉ်ပြိုင်မှုအားကောင်းစေခြင်း၊ မိမိတို့မြန်မာထုတ်ကုန်များကို ပြည်ပနိုင်ငံများရှိ ၎င်းတို့၏ဈေးရောင်းစင်တာများတွင် တင်ပို့ရောင်းချနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေရရှိစေမှာ ဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ရန်ကုန်မြို့မှာ ပြည်ပက လာရောက်ရင်းနှီးမြှုပ်နှံဖွင့်လှစ်မယ့် ဈေးရောင်းစင်တာသစ်ကြီးတွေ ထွက်ပေါ်လာဦးမှာ ဖြစ်ပါတယ်။ ။

> **ဈေးရောင်းစင်တာကြီးတွေ ပြည်ပက ထပ်မံဝင်ရောက်လာနိုင်လေလေ နိုင်ငံတကာက နာမည်ကြီးထုတ်ကုန်တွေကို ပြည်တွင်းမှာ ဈေးနှုန်းသင့်တင့်စွာ တိုက်ရိုက်ဝယ်ယူနိုင်ခြင်း၊ ခေတ်မီဈေးရောင်းစင်တာကြီးတွေ ထွက်ပေါ်လာခြင်းဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊ ယှဉ်ပြိုင်မှုအားကောင်းစေခြင်း၊ မိမိတို့ မြန်မာထုတ်ကုန်များကို ပြည်ပနိုင်ငံများရှိ ၎င်းတို့၏ ဈေးရောင်းစင်တာများတွင် တင်ပို့ရောင်းချနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိစေမှာဖြစ်**

**ရန်ကုန်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် စီမံကိန်းသစ် . . . မှ**

ကျောက်မီးသွေးမှာ ၁၂၀ မဂ္ဂါဝပ်၊ ဒီဇယ်မှ ၁၀၁ မဂ္ဂါဝပ်တို့ ဖြစ်ပါတယ်။

အဲဒီ ၂၀၁၅ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီးက ၁၀၅၀ မဂ္ဂါဝပ်ခန့်သုံးစွဲနေပြီး ၂၀၁၆ ခုနှစ်မှာ ၁၂၅၀ မဂ္ဂါဝပ်ခန့်အထိ တိုးတက်သုံးစွဲလာခဲ့ပါတယ်။ အခု ၂၀၁၉-၂၀၂၀ မှာ ရန်ကုန်တိုင်းဒေသကြီးရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုဟာ ၁၅၄၈ ဒသမ ၂၃ မဂ္ဂါဝပ်ခန့်ရှိလာပြီး တစ်နိုင်ငံလုံးဓာတ်အားသုံးစွဲမှုရဲ့ ထက်ဝက်ခန့်ရှိလာတယ်လို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရဲ့စာရင်းဇယားတွေမှာ ဖော်ပြထားပါတယ်။

ရန်ကုန်မြို့မှာ သီလဝါအထူးစီးပွားရေးဇုန်နဲ့ စက်မှုဇုန်တွေ တိုးတက်ဖွံ့ဖြိုးပြီး ကုန်ထုတ်စွမ်းအား မြှင့်တင်နိုင်ဖို့အတွက် လျှပ်စစ်ဓာတ်အား အလုံအလောက်ပေးစွမ်းနိုင်ရေးက အဓိကအချက်တစ်ချက်အနေနဲ့ တည်ရှိနေပါတယ်။ ဒါကြောင့်မို့လည်း သီလဝါမှာ ၂၀၁၅-၂၀၁၆ ခုနှစ်က ဂျပန် ODA ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၆ သန်းနဲ့ တည်ဆောက်ခဲ့တဲ့ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀ ထုတ်လုပ်နိုင်တဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတစ်ရုံကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီစက်ရုံအတွက် သဘာဝဓာတ်ငွေ့ကို ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းက ရယူပြီး ၂၅ မဂ္ဂါဝပ်ထွက်ရှိတဲ့ ဟီတချီ H-25 ဓာတ်ငွေ့တာဘိုင်အမျိုးအစား စက်နှစ်လုံးနဲ့ စုစုပေါင်း စက်တပ်အင်အား ၅၀ မဂ္ဂါဝပ် ဓာတ်အားထွက်ရှိအောင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီဓာတ်အားတွေကို နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက်ထည့်သွင်းပြီး ကျောက်တန်း၊ သီလဝါအထူးစီးပွားရေးဇုန် စတဲ့နေရာတွေကို ဖြန့်ဖြူးပေးနေတာဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ စက်ရုံ အလုပ်ရုံတွေပေါများသလို စက်မှုဇုန်တွေနဲ့ အထူးစီးပွားရေးဇုန်လည်းရှိတဲ့အပြင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတွေလည်း များပြားတာမို့ ဓာတ်အားအသုံးပြုမှုဟာ လိုအပ်ချက်ရှိနေဆဲဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရဲ့ လူဦးရေဟာ ၈ သန်းကျော်ရှိနေတယ်လို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ကနဦးစာရင်းအင်းတွေမှာ ဖော်ပြထားပါတယ်။ လူနေထိုင်မှုများပြားတဲ့ ရန်ကုန်တိုင်းဒေသကြီးရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကလည်း တိုးတက်များပြားလာတာမို့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မဖြစ်မနေ ကြိုးစားဖော်ဆောင်နေတာ ဖြစ်ပါတယ်။

ဒီလို ဓာတ်အားလိုအပ်ချက်ရှိနေတာမို့ မဂ္ဂါဝပ် ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ် ထွက်ရှိမယ့် အလုံသဘာဝဓာတ်ငွေ့သုံးစက်ရုံ၊ မဂ္ဂါဝပ် ၃၅၀ ထွက်ရှိမယ့် သန်လျင် (LNG) စက်ရုံ၊ မဂ္ဂါဝပ် ၄၀၀ ထွက်ရှိမယ့် သာကေတ(LNG) ဓာတ်အားပေးစက်ရုံတွေကိုတည်ဆောက်နေပြီး ရန်ကုန်မြို့ရဲ့ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့နဲ့ အခြားဒေသတွေကို ဓာတ်အားပေးနိုင်ဖို့ပါ စီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အခုလည်း သီလဝါအထူးစီးပွားရေးဇုန်အတွင်းမှာ တည်ဆောက်မယ့် သဘာဝဓာတ်ငွေ့ရည်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသစ်ဟာ လာမယ့် ၂၀၂၁ ခုနှစ်မှာ လက်မှတ်ရေးထိုး အကောင်အထည်ဖော်တည်ဆောက်နိုင်ခဲ့ရင်တော့ ရန်ကုန်မြို့နေပြည်သူတွေအတွက်ရော စက်ရုံ အလုပ်ရုံတွေအတွက်ပါ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝရရှိနိုင်ရေး ဖြည့်ဆည်းနိုင်မယ့် စီမံကိန်းသစ်တစ်ခုဖြစ်လာမယ်လို့ ယုံကြည်နေမိတာ အမှန်ပါပဲ။



> **“ရန်ကုန်မြို့မှာ သီလဝါအထူးစီးပွားရေးဇုန်နဲ့ စက်မှုဇုန်တွေ တိုးတက်ဖွံ့ဖြိုးပြီး ကုန်ထုတ်စွမ်းအား မြှင့်တင်နိုင်ဖို့အတွက် လျှပ်စစ်ဓာတ်အားအလုံအလောက်ပေးစွမ်းနိုင်ရေးက အဓိက အချက်တစ်ချက်အနေနဲ့ တည်ရှိနေပါတယ်။ ဒါကြောင့်မို့ လည်း သီလဝါမှာ ၂၀၁၅-၂၀၁၆ ခုနှစ်က ဂျပန် ODA ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၆ သန်းနဲ့ တည်ဆောက်ခဲ့တဲ့ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀ ထုတ်လုပ်နိုင်တဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတစ်ရုံကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ခဲ့”**

# ကိုဗစ်ရယ်. . မိုးရယ်. . တုပ်ကွေးရယ်

သျှင်ဝင်းသျှင်
ဓာတ်ပုံ-တင်ဝင်းတင်

မပင့်မဖိတ်ဘဲ နွေခေါင်ခေါင် မတ်လစတုတ္ထပတ်ထဲက မြန်မာပြည်ကို ရောက်လာခဲ့တဲ့ ကိုဗစ်-၁၉ က အခုဆို တစ်လကျော်ကျော်ရှိနေပြီလို့ဆိုရမှာ ဖြစ်ပါတယ်။

တစ်လကျော်အတွင်း ရောဂါပိုးပျံ့နှံ့မှုကလည်း မေ ၄ ရက် ည ၈ နာရီ သတင်းထုတ်ပြန်ချက်အရ ရောဂါပိုးတွေ့ရှိသူ ၁၆၁ ဦးရှိခဲ့ပြီး အဲဒီထဲကပြန်လည်ကောင်းမွန်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၂၉ ဦးရှိနေပါပြီ၊ သေဆုံးသူခြောက်ဦးသာ ရှိခဲ့ပါတယ်။ နိုင်ငံတော်က တာဝန်ရှိသူတွေရဲ့ အဆိုအရ ပထမလှိုင်းအဆင့်မှာပဲ ရှိနေပါသေးတယ်။ နောက်ထပ်လှိုင်းလုံးများကို ဘယ်လောက်ကြာကြာဖြတ်ကျော်ရဦးမှာလဲဆိုတာ ဘယ်သူမှ မပြောနိုင်တဲ့အနေအထားပါ၊ မိုင်ပေါင်းများစွာရှည်လျားတဲ့ ပြေးလမ်းပေါ်က တာဝေးအပြေးသမားလိုပါပဲ၊ ရေရှည်အမောလုံဖို့ လိုပါလိမ့်မယ်။

### ရာသီပြောင်းလဲကာလရောက်

အခုက ဧပြီလကုန်လို့ မေလထဲရောက်လာခဲ့ပါပြီ။ ကမ္ဘာ့နိုင်ငံအသီးသီးက မိုးလေဝသဌာနနဲ့ မြန်မာနိုင်ငံမိုးလေဝသဌာနတို့ရဲ့ တွက်ချက်လေ့လာမှုအရ မြန်မာနိုင်ငံအတွင်းကို မုန်တိုင်းဝင်လာနိုင်ပြီး မိုးရွာသွန်းမှုလည်း မြင့်တက်လာနိုင်တယ်လို့ ထုတ်ပြန်ထားတာကို တွေ့ရပါတယ်။ ရာသီအပြောင်းအလဲကာလကို ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။




နောက်ဖေးလမ်းကြားများတွင် စွန့်ပစ်အမှိုက်များ ရှင်းလင်းဖယ်ရှားစဉ်။

ရာသီအပြောင်းအလဲကာလ မိုးဦးမှာဖြစ်လေ့ဖြစ်ထရှိတာက ရာသီတုပ်ကွေးပါ။ ရာသီတုပ်ကွေးက လူကြီးလူလတ် အသက်အရွယ်ကြီးရင့်သူတွေ အဖြစ်များတတ်ပါတယ်။ မေလအကုန် ဇွန်လမှာ မိုးဖြိုင်ဖြိုင်ကျလာရင်ဖြင့် သွေးလွန်တုပ်ကွေးပါ၊ အဓိက ကလေးများအတွက် စိုးရိမ်ရမယ့်ရောဂါတစ်ခုပါပဲ။

အဲဒါကြောင့် ကိုဗစ်ကလည်း အဆုံးမသတ်နိုင်သေး၊ မိုးကလည်း ရောက်ရှိလာပြီမို့ ကိုဗစ်ရယ်၊ မိုးရယ်၊ တုပ်ကွေးရယ် ရောထွေးလာနိုင်ဖွယ်ရှိတယ်လို့ သုံးသပ်မိပါတယ်။

ကိုဗစ်နဲ့ တုပ်ကွေးရောဂါလက္ခဏာတွေနဲ့ပတ်သက်လို့ မိတ်ဆွေ ဆရာဝန်၊ ဆရာသမားတွေထံ မေးမြန်းစေ့ငုခဲ့ပါတယ်။

စာရေးဆရာလည်းဖြစ်၊ ကျန်းမာရေးပညာလည်း ပြည့်ဝတဲ့ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က ကိုဗစ်-၁၉နဲ့ ရာသီတုပ်ကွေးလက္ခဏာများကိုယှဉ်ပြီး ရှင်းပြထားပါတယ်။ "ရာသီတုပ်ကွေးရဲ့ ရောဂါလက္ခဏာတွေက ကိုယ်တွေပူလာမယ်၊ ချောင်းခြောက်တွေ ဆိုးလာမယ်၊ ကိုယ်လက်တွေ ကိုက်ခဲနုံးချိလာမယ်၊ ကိုဗစ်-၁၉ ကျတော့ ရာသီတုပ်ကွေးလက္ခဏာလိုပဲ ချောင်းဆိုးကိုက်ခဲနွမ်းနယ်တဲ့ လက္ခဏာတွေရှိမယ်၊ အဓိက အသက်ရှူကျပ်လာမယ်၊ နောက်ဆုံးအသက်ရှူမရတော့ဘဲ သေဆုံးတဲ့အထိ ဖြစ်လာနိုင်ပါတယ်" လို့ အခြေခံသဘောတရားများကို ရှင်းပြပေးလို့ သိရပါတယ်။



ချောင်းများအတွင်း စည်းကမ်းမဲ့စွန့်ပစ်ထားသည့် အမှိုက်မျိုးစုံ။

ကူးစက်မှုနှင့် ပတ်သက်လို့ ရာသီတုပ်ကွေးက အမှုန်အမွှား(Dropled)ကို ရှူရှိုက်မိမယ်၊ ကိုင်တွယ်မိမယ်၊ ရောဂါပိုးရှိသူနဲ့ ထိတွေ့မိမယ်၊ အဲဒါကြောင့် ဖြစ်တတ်ပြီး ကိုဗစ်-၁၉ ကူးစက်ပုံခြင်း အလားသဏ္ဍာန်အတူတူပင်ဖြစ်တယ်လို့ မေးမြန်းမှုအရ သိရပါတယ်။

ကူးစက်နှုန်းနဲ့ ပတ်သက်လို့ ရာသီတုပ်ကွေးက ရောဂါလက္ခဏာပြပြီး သုံးလေးရက်ကြာမှ အခြားသူကို ကူးစက်နိုင်သလို မိမိက နောက်ထပ်နှစ်ဦး၊ သုံးဦးဆီ ပျံ့နှံ့သွားတတ်ကြောင်းကို သိရပါတယ်။

ကိုဗစ်-၁၉ က ပိုးရှိသူနဲ့ ထိတွေ့ပြီး မိမိမှာ ရောဂါဝင်ရောက်ချိန်ကစလို့ စတင်ကူးစက်နိုင်ပြီး ပိုးရှိသူတစ်ယောက်မှသည် အဆင့်ဆင့် ကူးစက်နိုင်တယ်လို့ သိရပါတယ်။ ရောဂါပြင်းထန်မှုက ရာသီတုပ်ကွေးထက် အဆများစွာ ပြင်းထန်မှုရှိတယ်လို့ ဆိုထားပါတယ်။

### ကုသဖို့ ဆေးမရှိသေး

ရာသီတုပ်ကွေးနဲ့ ပတ်သက်လို့ ကုသဖို့ဆေးရှိပေမယ့် (နှစ်စဉ်ဆေးအပြောင်းအလဲရှိတတ်ပါတယ်) ရောဂါအသစ်အဆန်းဖြစ်တဲ့ ကိုဗစ်-၁၉က အခုအချိန်အထိ ကုသဖို့ဆေးက တိတိပပ မရှိသေးတာကို ကြားသိနေရပါတယ်။

ရောဂါနှစ်ခုစလုံးအတွက် ကြိုတင်ကာကွယ်ဖို့က အဓိကကိုယ်ခံအားကောင်းဖို့ အထူးပဲလိုအပ်ပါတယ်။ အဲဒီအတွက် ဝဝအိပ်၊ ဝဝစား၊ စိတ်ချမ်းသာကိုယ်ကျန်းမာဖို့ များများအနားယူဖို့ လိုအပ်ကြောင်း ဆရာကြီးက ဆိုထားပါတယ်။ ဒါ့အပြင် ကျန်းမာရေးဌာနက ညွှန်ကြားချက်များကို အလေးထားလိုက်နာဖို့လည်း အရေးကြီးပါတယ်။

မိုးဖြိုင်ဖြိုင်ကျလာရင် တစ်ဆက်တည်းဖြစ်လာမှာက သွေးလွန်တုပ်ကွေးပါ။ အဓိက ကလေးများအဖြစ်များတယ်လို့ ဆိုကြပေမယ့် အသက် ၄၀ အရွယ် လူလတ်များအထိ ဖြစ်တတ်ကြောင်းကို ကြည့်မြင်တိုင်မြို့နယ်က ဒေါက်တာလင်းထိန်ဝင်း(ဖိုးသား)က ဆိုထားပါတယ်။

"သွေးလွန်တုပ်ကွေးရဲ့ အဓိက တရားခံကခြင်ပဲ"လို့ ဆိုပါတယ်။ သွေးလွန်တုပ်ကွေးကြောင့် နှစ်စဉ် ဆေးရုံတက်ကုသကြရတဲ့ ကလေးတွေအမြောက်အမြားရှိသလို အဖိတ်အစင်လည်းရှိပါတယ်။ ဆေးရုံကြီးတွေကလည်း ဒီအချိန်မှာ အလွန်ပဲ အလုပ်များနေကြပါတယ်။

မိမိကိုယ်ကိုမိမိ ကျန်းမာအောင်နေရမယ့်ကာလပါ။ အချို့ရပ်ကွက်တွေထဲက ဆေးကုခန်းတွေဆို ကိုဗစ်အသံကြားကတည်းက လုံးဝပိတ်လိုက်ပြီး မလာကြတော့ဘူး။ ဖုန်းဆက်ရင်တောင် မကိုင်ကြတော့ပါဘူး။

မြို့နယ်အချို့မှာတော့ မြို့နယ်က တာဝန်ရှိသူတွေနဲ့ ပရဟိတအဖွဲ့တွေပေါင်းပြီး ယာယီဆေးခန်းတွေဖွင့်နေကြပါပြီ။ ရန်ကုန်တစ်မြို့လုံးနဲ့ဆိုရင်တော့ အဲဒီလို ပရဟိတ ပြင်ပဆေးခန်းလေးတွေ အများကြီးလိုအပ်နေဦးမှာပါ။

ရာသီတုပ်ကွေးနဲ့ သွေးလွန်တုပ်ကွေးကာကွယ်ဖို့က မိမိဝန်းကျင်သန့်ရှင်းနေစေဖို့နဲ့ အဓိက သွေးလွန်တုပ်ကွေးဖြစ်စေတတ်တဲ့ ခြင်တွေမခိုအောင်းနိုင်စေရေးပဲ ဖြစ်ပါတယ်။

ခြင်တွေမခိုအောင်းနိုင်ဖို့ဆိုရင် မိမိပတ်ဝန်းကျင်မှာ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ခြင်ခိုအောင်းနိုင်စေမယ့် ပစ္စည်းအဟောင်းတွေကို ရှင်းထားဖို့လိုအပ်ပါတယ်။ ရေတွင်းရေကန်တွေကို ဖုံးအုပ်ထားဖို့လိုပါတယ်။

အရေးအကြီးဆုံးက အိမ်ရှေ့နဲ့နောက်ဖေးမြောင်းတွေ ရေစီးရေလာကောင်းနေဖို့ အဓိကအလိုအပ်ဆုံးပါပဲ။ ရန်ကုန်အိမ်တွေက အိမ်ရှေ့မြောင်းတွေနဲ့ တစ်ဆက်တစ်စပ်တည်းရှိနေတတ်သလို အိမ်နောက် တိုက်နောက် မြောင်းတွေက အမြဲရေစီးရေလာကောင်းဖို့ လိုအပ်ပါတယ်။

ရေမြောင်းများလို့သာဆိုရပေမယ့် အချို့ဆင်ခြေဖုံးရပ်ကွက်တွေမှာ အများအားဖြင့် ရေမြောင်းတွေတောင် မရှိတတ်ကြပါဘူး။ ရှိထားပြီးပြန်ရင်လည်း မြေတွေပြန်ပြည့်ပြီးနေတတ်ပါတယ်။ စီးရမယ့်ရေက သူ့လမ်းသူထွင်ပြီးဆင်းသွားကြတာ ဖြစ်ပါတယ်။ မဆင်းနိုင်ရင်လည်း ရေဝပ်ရေသေဖြစ်နေတတ်ပါတယ်။

လက်ရှိ ရန်ကုန်မြို့တော်စည်ပင်အနေနဲ့ ဘတ်ဂျက်အလိုက် ရေမြောင်းကြီးတွေပြန်တူးဖော်ပေးနေပါတယ်။ ဘတ်ဂျက်နှစ်အလိုက်ဖြစ်တဲ့အတွက် လုပ်ပြီးတဲ့ မြို့နယ်တွေရှိသလို မလုပ်ရသေးတဲ့ မြို့နယ်တွေလည်း ကျန်ပါသေးတယ်။

### စိုးရိမ်မှုတွေဖိစီး

အထက်ကဆိုခဲ့သလို ဒီအချိန် ဒီကာလ မိုးလာတော့မှာဖြစ်တဲ့အတွက် မပြီးဆုံးသေးတဲ့ ကိုဗစ်ရယ် မိုးရယ် တုပ်ကွေးရယ်က ရောရောထွေးထွေးဖြစ်လာမှာကို စိုးရိမ်နေကြပါတယ်။ ရင်ထဲမှာ တစ်စုံတစ်ခု ခံစားလာရရင် အခြေခံလူတန်းစားအများစုက ကိုဗစ်လေလား၊ တုပ်ကွေးလေလားရယ်လို့ မကွဲမပြားဖြစ်လာပြီး စိုးရိမ်ပူပန်မှုတွေ ဖိစီးလာမှာ တယ်စိုးရပါတယ်။ ဒါကြောင့် အခုအချိန်အခါမှာ အခြားအခြားသော တည်ဆောက်ရေးများထက် ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းတွေကို ဦးစားပေးဖော်သင့်ပါတယ်။ အသစ်တည်ဆောက် သင့်ပါတယ်ဆိုတာ တင်ပြရေးသားလိုက်ရပါတယ်။ ။

❒ ရာသီတုပ်ကွေးနဲ့ သွေးလွန်တုပ်ကွေးကာကွယ်ဖို့က မိမိဝန်းကျင် သန့်ရှင်းနေစေဖို့နဲ့ အဓိက သွေးလွန်တုပ်ကွေးဖြစ်စေတတ်တဲ့ ခြင်တွေ မခိုအောင်းနိုင်စေရေးပဲ ဖြစ်ပါတယ်

❒ အရေးအကြီးဆုံးက အိမ်ရှေ့နဲ့ နောက်ဖေးမြောင်းတွေ ရေစီးရေလာကောင်းနေဖို့ အဓိက အလိုအပ်ဆုံးပါပဲ။ ရန်ကုန်အိမ်တွေက အိမ်ရှေ့မြောင်းတွေနဲ့ တစ်ဆက်တစ်စပ်တည်းရှိနေတတ်သလို အိမ်နောက် တိုက်နောက် မြောင်းတွေက အမြဲရေစီးရေလာကောင်းဖို့ လိုအပ်ပါတယ်

မြန်မာ့အလင်း
အင်္ဂါ၊ မေ ၅၊ ၂၀၂၀

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ခရီးသွားကဏ္ဍာ စိန်ခေါ်မှုများစွာရှိသော်လည်း ကြံ့ကြံ့ခံကာ အနာဂတ် ခရီးသွားကဏ္ဍအတွက် ပြင်ဆင်ရှေ့ဆက်မည်

ခင်ရတနာ၊ ဓာတ်ပုံ – မေဦးမိုး

အစိုးရသစ်၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလကို ဖြတ်သန်းခဲ့ပြီး ဖြစ်သည်။ စိန်ခေါ်မှုပေါင်းများစွာကို ကြံ့ကြံ့ခံကာ ရင်ဆိုင်ကျော်လွှားရင်း နိုင်ငံ၏အနာဂတ် သာယာလှပရေး၊ ပြည်ထောင်စုသားအားလုံးတို့ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် ကြိုးစားတည်ဆောက်နေချိန်လည်း ဖြစ်ပါသည်။

စတုတ္ထ (၁) နှစ်တာအတွင်း နိုင်ငံ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးရင်း နိုင်ငံ့ ပုံရိပ်များကို ကမ္ဘာ့အလယ်တွင် အကောင်းဆုံးပုံဖော်ပြသနိုင်ရန် ကြိုးပမ်းကြသည့်ဌာနများအနက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနလည်း တစ်ခု အပါအဝင် ဖြစ်သည်။

ထို့ကြောင့် စတုတ္ထ (၁) နှစ်တာအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အပါအဝင် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူ ပညာရှင်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်–

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်**

**မေး ။ ။ စတုတ္ထ (၁) နှစ်တာအတွင်း ဟိုတယ်နဲ့ ခရီးသွားလာရေးကဏ္ဍရဲ့ လုပ်ငန်းအခြေအနေကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ ။** ။ မြန်မာနိုင်ငံကို ပြည်ပခရီးသည်ဝင်ရောက်မှုဟာ ၂၀၁၇ ခုနှစ်မှာ ၁၈ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်မှာ ၃ ဒသမ ၁၅ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်မှာ ၂၃ ရာခိုင်နှုန်း အသီးသီး တိုးတက်ဝင်ရောက်ခဲ့ပါတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းဟာ တစ်နှစ်ထက် တစ်နှစ် ခရီးသည်တွေ တိုးတက်ဝင်ရောက်လာတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအခြေအနေကို ကုလသမဂ္ဂရဲ့ ခရီးသွားအဖွဲ့ချုပ်ဖြစ်တဲ့ UNWTO ရဲ့ စာရင်းအင်းများအရ ဖြေကြားပေးလိုပါတယ်။ ခရီးသွားလုပ်ငန်း အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံ ၂၀ စာရင်းမှာ မြန်မာနိုင်ငံက ထိပ်ဆုံးကပါဝင်ကြောင်း ဗြိတိန်နိုင်ငံ Independent သတင်းစာနဲ့ အမေရိကန်နိုင်ငံ Forbes စီးပွားရေးမဂ္ဂဇင်းတို့က ဖော်ပြခဲ့တာကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းက တိုးတက်နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၆–၉–၂၀၁၉ ရက်က ကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့–၂၀၁၉ အခမ်းအနားတွင် ဖျော်ဖြေသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

**မေး ။ ။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဥပဒေအကြောင်းကို ပြောပြပေးပါဦး။**

**ဖြေ ။** ။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်မှာ ပြဋ္ဌာန်းခဲ့ပြီး ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ လုပ်ငန်းလိုင်စင်ဆိုင်ရာ အမိန့်တွေကို ၂၀၁၉ ခုနှစ် မတ်လ ၁၄ ရက်မှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။ လုပ်ငန်းခွင့်ပြုမိန့်နဲ့ လုပ်ငန်းလိုင်စင်ကိစ္စရပ်တွေ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွေထံ လုပ်ပိုင်ခွင့်တွေကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေနဲ့အညီ လွှဲပြောင်းပေးခဲ့ပါတယ်။ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းဥပဒေရဲ့ အနှစ်သာရဟာ Decentralization ဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ် နိုင်ငံတော်ကို ရှေးရှုပြီး ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ခရီးသွားလုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ပိုင်ခွင့်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွေကို လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်ပါတယ်။

*အချပ်ပို(ခ)သို့*



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်

**ဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ ၂၀၁၆ ခုနှစ်မှာ ဟိုတယ်နဲ့ တည်းခိုခန်းပေါင်း ၁၄၃၂ လုံးနဲ့ အခန်းအရေအတွက် ၅၆၀၀၀ ကျော်ရှိခဲ့ရာကနေ ၂၀၁၉ ခုနှစ်မှာ ဟိုတယ်နဲ့ တည်းခိုခန်းပေါင်း ၁၉၈၄ လုံးနဲ့ အခန်းအရေအတွက် ၈၀၀၀၀ နီးပါးအထိ တိုးတက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ခရီးလှည့်လည်ရေးလုပ်ငန်း ၂၄၅၃ ခုကနေ ၂၀၁၉ ခုနှစ်မှာ ၃၁၈၈ ခုအထိ တိုးတက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ လိုင်စင်ရဧည့်လမ်းညွှန် ၇၀၀၀ နီးပါးကနေ ၂၀၁၉ ခုနှစ်မှာ ၉၀၀၀ ကျော်အထိ တိုးတက်ခဲ့ပါတယ်။**




ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ၂၀၁၉ ခုနှစ် အောက်တိုဘာလက ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မကာအိုအစိုးရ လူမှုရေးနှင့် ယဉ်ကျေးမှုဌာနတို့ကြီးမှူး၍ မကာအိုအထူးအုပ်ချုပ်ရေးဒေသ၌ ကျင်းပသည့် Face to Face–Ministers and Private Sector CEOs: How Tourism, Leisure and Sports lead to a Beautiful Life – Panel Discussion ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများနှင့် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို(က)မှ*

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှာ ဖွဲ့စည်းခဲ့ပြီး ကော်မတီ အဖွဲ့ဝင် ၃၉ ဦးမှာ ပုဂ္ဂလိကခရီးသွားလုပ်ငန်း တတ်သိပညာရှင် သုံးဦးနဲ့ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ် သုံးဦး ပါဝင်ဖွဲ့စည်းထားပါတယ်။ ခရီးသွားလုပ်ငန်းကော်မတီကို ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်မှာ ကော်မတီအဖွဲ့ဝင် ၃၂ ဦးပါဝင်တဲ့ ပုဂ္ဂလိကခရီးသွားလုပ်ငန်း တတ်သိပညာရှင် ငါးဦးနဲ့ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ် ၁၀ ဦး ပါဝင်ဖွဲ့စည်းထားပါတယ်။

ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ၁၅ ခုမှာ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်တစ်ဦးနဲ့ ပုဂ္ဂလိက ခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ် သုံးဦးစီ ပါဝင်ဖွဲ့စည်းထားပါတယ်။ ဒီလို စနစ်တကျ ပါဝင်ဖွဲ့စည်းနိုင်ခဲ့ခြင်းက ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်တွေ စိစစ်ထုတ်ပေးတဲ့ နေရာမှာ ခရီးသွားလုပ်ငန်းက ကိုယ်စားလှယ်တွေကို ခရီးသွားလုပ်ငန်း ဥပဒေနဲ့အညီ ပါဝင်ဆောင်ရွက်ခွင့်ပြုထားခြင်း ဖြစ်ပါတယ်။ ဒီလို ပါဝင်ဆောင်ရွက် ခွင့်ပြုထားခြင်းဖြင့် လုပ်ငန်းလုပ်ကိုင်ရာမှာ လျင်မြန်ပြီး အကျိုးသက်ရောက်မှု များစွာရရှိတယ်ဆိုတာကို တွေ့ရှိရပါတယ်။

**မေး॥ ॥ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းရဲ့ တိုးတက်မှုတွေကို ပြောပြပေးပါဦးရှင့်။**

ဖြေ ॥ ॥ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမယ့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Base Tourism) ကို ၂၀၁၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုအချိန်မှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ကျေးရွာပေါင်း ၄၂ ရွာ CBT Site ၁၉ ခုကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

နောက်ထပ် ကျေးရွာပေါင်း ၁၀ ရွာပါဝင်တဲ့ CBT Site ခုနစ်ခုကို ဆက်လက်ဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်ရာမှာ နိုင်ငံတစ်ဝန်း နိုင်ငံတကာအဆင့်မီစေဖို့အတွက် လုပ်ဆောင်ရမယ့် စံချိန်စံညွှန်းတွေ အသေးစိတ်ပါဝင်တဲ့ မြန်မာလူထုအခြေပြု ခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များ (Myanmar Community Based Tourism Standards) ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့မှာ စတင်အသုံးပြုဖို့ ထုတ်ပြန်နိုင်ခဲ့ပါတယ်။ စာရင်းဇယားတွေအရ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ လူထုအခြေပြု ခရီးသွားလုပ်ငန်းတွေရှိရာကို ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၅၀၀၀၀ နီးပါး လာရောက်လည်ပတ်ခဲ့ပါတယ်။

**မေး॥ ॥ခရီးသွားလုပ်ငန်း မြှင့်တင်ရာမှာ အရေးကြီးတဲ့ အခြားလုပ်ဆောင်ချက်တွေကို ပြောပြပေးပါဦးရှင့်။**

**ဖြေ** ॥ ॥၂၀၁၈ ခုနှစ်အတွင်းမှာ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နဲ့ မကာအိုနိုင်ငံတွေကို Visa Exemption တစ်နှစ် ခွင့်ပြုပေးဖို့နဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေကို Visa On Arrival (Tourist) တစ်နှစ် ခွင့်ပြုပေးဖို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုနောက်ထပ် တစ်နှစ်စီ ထပ်မံတိုးမြှင့်ပေးဖို့ ဆောင်ရွက်နိုင်ခဲ့သလို ၂၀၁၉ ခုနှစ်မှာ အီတလီ၊ စပိန်၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ ဂျာမနီနဲ့ ရုရှား ခြောက်နိုင်ငံကို Visa On Arrival (Tourist) တစ်နှစ်ခွင့်ပြုပေးဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**နှစ်အလိုက် တိုးတက်**

၂၀၂၀ ပြည့်နှစ်မှာ ဟန်ဂေရီ၊ ချက်သမ္မတနိုင်ငံ၊ ဩစတြီးယား၊ လူဇင်ဘတ်နဲ့ နယူးဇီလန်နိုင်ငံတွေကို Visa On Arrival (Tourist) သုံးနှစ်ခွင့်ပြုပေးဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဗီဇာ ဖြေလျှော့ဆောင်ရွက်ပေးမှုတွေကြောင့် အဲဒီနိုင်ငံတွေကနေ ရောက်ရှိလာတဲ့ ခရီးသည် ဝင်ရောက်မှုတွေဟာ နှစ်အလိုက် တိုးတက်လာခဲ့ပါတယ်။

တရုတ်နိုင်ငံက ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်က ၁၈၀၀၀၀ ကျော်ကနေ ၂၀၁၉ ခုနှစ်မှာ ၇၅၀၀၀၀ နီးပါး တိုးတက်လာခဲ့ပါတယ်။ ဂျပန်နိုင်ငံက ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်မှာ ၁၀၀၇၀၀ ကျော်ကနေ ၂၀၁၉ ခုနှစ်မှာ ၁၃၀၀၀၀ နီးပါးတိုးတက်လာခဲ့ပါတယ်။ တောင်ကိုရီးယားနိုင်ငံက ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်မှာ ၆၅၀၀၀ နီးပါးကနေ ၂၀၁၉ ခုနှစ်မှာ ၁၂၀၀၀၀ နီးပါးတိုးတက်လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်မှာ ၃၈၀၀၀ ကျော်ကနေ ၂၀၁၉ ခုနှစ်မှာ ၄၉၀၀၀ နီးပါး တိုးတက်လာခဲ့ပါတယ်။ ဟောင်ကောင်က ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်မှာ ၁၀၀၀ ကျော်ကနေ ၂၀၁၉ ခုနှစ်မှာ ၃၀၀၀၀ ကျော် တိုးတက်လာခဲ့ပါတယ်။ မကာအိုနိုင်ငံက ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်မှာ ၉၂ ဦးကနေ ၂၀၁၉ ခုနှစ်မှာ ၃၀၀၀ ကျော် တိုးတက်လာခဲ့ပါတယ်။

**မေး॥ ॥ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ ဖြေလျှော့ပေးထားတဲ့ ခရီးစဉ်တွေရော ရှိပါသလားရှင့်။**

**ဖြေ** ॥ ॥ပြည်တွင်း ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးဖို့အတွက် ကန့်သတ်တားမြစ်ထားတဲ့ ခရီးစဉ်ဒေသတွေကို ဖြေလျှော့ပေးဖို့ ဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်။ ၂၀၁၇ ခုနှစ်မှာ တောင်ကြီး – ကျိုင်းတုံ– တာချီလိတ် လမ်းကြောင်းအတိုင်း Permission Tour တွေ သွားရောက်ခွင့်ပြုခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ရှမ်းပြည်နယ်ရှိ တာချီလိတ် – ရွှေတြိဂံ – ဝမ်ပုံဆိပ်ကမ်း – မိုင်းဖုန်း ဆရာတော်ကျောင်း ခရီးစဉ်၊ တာချီလိတ် – တာလေ – ပါလျှို – ကျိုင်းလပ်ခရီးစဉ်နဲ့ မဲခေါင်မြစ်ကြောင်းတစ်လျှောက် ခရီးစဉ်တွေ၊ သီပေါမြို့ပေါ် လည်ပတ်နိုင်ရေးအတွက် လားရှိုးလေဆိပ်ကနေ လားရှိုး–သီပေါ ပြည်ထောင်စု ကားလမ်းမကြီး အသုံးပြုနိုင်ရေးတို့ကို ခွင့်ပြုပေးခဲ့ပါတယ်။

နောက်ထပ် မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း တောင်ကြီးကျေးရွာအနီး ကေလာသတောင်၊ မဲလံကျေးရွာအနီး ကျောက်ပိဘုရားနဲ့ ကျောက်တံခါးစေတီ၊ သထုံမြို့နယ်အတွင်း နန်းခဲရပ်ကွက်မှာရှိတဲ့ မြသပိတ်စေတီ၊ သံဖြူဇရပ်မြို့နယ်က ဝဲကလိရေပူစမ်း၊ ပင်ဆားကွင်း၊ သေမင်းတမန်ရထားပြတိုက်၊ မဟာမိတ်စစ်သင်္ချိုင်း၊ ကျိုက္ခမီရေလယ်ဘုရားနဲ့ စက်စဲကမ်းခြေ လည်ပတ်နိုင်ရေးကို ခွင့်ပြုပေးခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကြီးကြပ်မှုနဲ့ မန္တလေး – မတ္တရာ – သပိတ်ကျင်း– မိုးကုတ် ကားလမ်းကို အသုံးပြုပြီး မိုးကုတ်မြို့ပေါ်ကို လည်ပတ်ခွင့်ရရှိရေးကို ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ်မှာ အရင်က ကန့်သတ်နယ်မြေဖြစ်ခဲ့တဲ့ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာနဲ့ ဖရူဆိုမြို့နယ် ထေခိုကျေးရွာတွေကို နိုင်ငံခြားခရီးသွားတွေ လာရောက်လည်ပတ်နိုင်ဖို့ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

**မေး॥ ॥ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လူ့စွမ်းအားအရင်းအမြစ်တွေရဲ့ အရေးပါမှုကို သိပါရစေရှင့်။**

**ဖြေ** ॥ ॥နိုင်ငံက ဘယ်လောက် သာယာလှပပါစေ ပါဝင်ပတ်သက်နေတဲ့ ဝန်ထမ်းတွေ၊ နေရာဒေသအသီးသီးက ပုဂ္ဂိုလ်တွေရဲ့ စွမ်းအားအရင်းအမြစ်တွေ ပြည့်ဝဖို့လိုပါတယ်။ ဒါကြောင့် လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သက်ဆိုင်တဲ့ သင်တန်းအသီးသီးကို တက်ရောက်သင်ကြားပြီး ကိုယ်တိုင်ပါဝင်ကာ အပြုံးပန်းတွေ ဝေဝေဆာဆာနဲ့ ဧည့်သည်ကို လက်ခံတတ်ဖို့ လိုအပ်ပါတယ်။ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ သင်တန်းအမျိုးအစား ရှစ်မျိုးကို တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှာ သင်တန်းပေါင်း ၂၁၆ ကြိမ်နဲ့ သင်တန်းသား ၁၉၇၀၂ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။ သင်ကြားပေးတဲ့နေရာမှာ ဧည့်သည်လမ်းညွှန်သင်တန်းအဆင့်ဆင့်၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးနဲ့ ဘာသာစကားဆိုင်ရာ သင်တန်းတွေနဲ့ ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့ဆိုင်ရာသင်တန်းတွေကို ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါတယ်။

ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ခရီးသွားလုပ်ငန်းတိုးတက်ရေးဗဟိုဌာန Center for Tourism Development –CTD သင်တန်းကျောင်းကို ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ် ၄၀/၄၂ ဗိုလ်ဆွန်ပက်လမ်းမှာ ဖွင့်လှစ်ထားပြီး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာတွေကို စာတွေ့လက်တွေ့သင်ကြားခြင်းနဲ့ မုန့်အမျိုးမျိုး ထုတ်လုပ်မှု သင်တန်းတွေကို သင်ကြားပေးနေပါတယ်။

**မေး॥ ॥ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဟိုတယ်အရေအတွက် တိုးတက်လာမှုနဲ့ ဧည့်လမ်းညွှန်အရေအတွက်တို့ကို သိလိုပါတယ်ရှင့်။**

**ဖြေ** ॥ ॥ဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ ၂၀၁၆ ခုနှစ်မှာ ဟိုတယ်နဲ့ တည်းခိုခန်းပေါင်း ၁၄၃၂ လုံးနဲ့ အခန်းအရေအတွက် ၅၆၀၀၀ ကျော်ရှိခဲ့ရာကနေ ၂၀၁၉ ခုနှစ်မှာ ဟိုတယ်နဲ့ တည်းခိုခန်းပေါင်း ၁၉၈၄ လုံးနဲ့ အခန်းအရေအတွက် ၈၀၀၀၀ နီးပါး အထိ တိုးတက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ခရီးလှည့်လည်ရေးလုပ်ငန်း ၂၄၅၃ ခုကနေ ၂၀၁၉ ခုနှစ်မှာ ၃၁၈၈ ခုအထိ တိုးတက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ လိုင်စင်ရဧည့်လမ်းညွှန် ၇၀၀၀ နီးပါးကနေ ၂၀၁၉ ခုနှစ်မှာ ၉၀၀၀ ကျော်အထိ တိုးတက်ခဲ့ပါတယ်။

**မေး॥ ॥ခရီးသည် ပိုမိုဝင်ရောက်လာဖို့အတွက် ဝန်ကြီးဌာနကနေ ဦးဆောင်ပြီး Digital Marketing စနစ်ကို ကူးပြောင်းနေတဲ့ အကြောင်းအရာတွေကို သိပါရစေရှင့်။**

ဖြေ॥ ॥မြန်မာနိုင်ငံရဲ့ ခရီးစဉ်ဒေသတွေအကြောင်းနဲ့ လုံခြုံစိတ်ချစွာ လည်ပတ်နိုင်တယ်ဆိုတာကို ကမ္ဘာအနှံ့ကနေ အချိန်တိုတိုအတွင်း သိရှိပြီး လာရောက်လည်ပတ်ကြဖို့ Digital Marketing စနစ်နဲ့ မြှင့်တင်ဆောင်ရွက်ခဲ့ပါတယ်။ www.tourism.gov.mm ဝက်ဘ်ဆိုက်ကို ၂၀၁၉ ခုနှစ် ဧပြီ ၁၀ ရက်ကနေ စတင်ပြီး မြန်မာ၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနဲ့ အီတလီ ဘာသာစကားပေါင်း ၁၁ မျိုးနဲ့ လွှင့်တင်ပြီး Digital Marketing လုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပကနေ အွန်လိုင်းက ဝင်ရောက်ကြည့်ရှုတဲ့ အရေအတွက် သိသိသာသာ တိုးတက်လာနေပြီး ယခုအချိန်မှာ နိုင်ငံပေါင်း ၁၉၈ နိုင်ငံက ဝင်ရောက်ကြည့်ရှုတဲ့သူ ၂၃၆၈၇၅ ဦးရှိပါတယ်။

ဟိုတယ်နဲ့ ခရီးသွားလာရေးကဏ္ဍမှာ ဝန်ဆောင်မှုပေးလျက်ရှိတဲ့ ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ ခရီးသွားဧည့်သည်တွေ အချင်းချင်း ချိတ်ဆက်နိုင်စေဖို့အတွက် Tourism Web Portal ဖြစ်တဲ့ https://tourisminmyanmar.com.mm ကို လွှင့်တင်ထားပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနဲ့ အီတလီ ဘာသာစကားတွေနဲ့ လွှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ Tourism Web Portal ကို နိုင်ငံပေါင်း ၁၇၃ နိုင်ငံကနေ လာရောက်ကြည့်ရှုသူ ၁၀၄၂၈၁ ဦးရှိခဲ့ပြီး ဖြစ်ပါတယ်။

**အွန်လိုင်းအသုံးပြု၍ ခရီးသည်တွေကို ဆွဲဆောင်**

Facebook, Twitter, Instagram, Pinterest, YouTube နဲ့ LinkedIn စတဲ့ Social Media Channel တွေမှာ မြန်မာနိုင်ငံ ခရီးစဉ်ဒေသတွေနဲ့ ဆွဲဆောင်မှုတွေအကြောင်းကို အင်္ဂလိပ်ဘာသာနဲ့ နေ့စဉ်လွှင့်တင်ဖော်ပြပေးနေပါတယ်။ ၂၀၁၉ ခုနှစ် ဧပြီလကနေ

*အချပ်ပို (ဂ) သို့*



ကချင်ပြည်နယ် ပူတာအိုဒေသရှိ ရေခဲတောင်များကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို(ခ) မှ*

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ Post ပေါင်း ၂၉၂၁ ပုဒ် လွှင့်တင်ထားပြီး အွန်လိုင်းအသုံးပြု ကြည့်ရှုသူ ၂ ဒသမ ၇ သန်းနီးပါးရှိပါတယ်။

ဝန်ကြီးဌာနကနေ မြန်မာနိုင်ငံကို လာရောက်တဲ့ ခရီးသွားဧည့်သည်တွေအတွက် တိကျ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် QR Code ဖြန့်ချီခြင်း၊ Chat Bot စနစ်နဲ့ ဖြေကြားပေးခြင်းတို့အပြင် Digital Concierge စနစ် တပ်ဆင်ခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ QR Code စနစ်နဲ့ ဘာသာစကား ၁၁ မျိုးနဲ့ ထုတ်လွှင့်ထားတဲ့ Website Links တွေ၊ ဘာသာစကား လေးမျိုးနဲ့ ပြုလုပ်ထားတဲ့ ဆောင်ရန်၊ ရှောင်ရန်အချက်တွေ (PDF download)၊ ဘာသာစကား ၁၀ မျိုးနဲ့ ထုတ်ပြန်ထားတဲ့ ခရီးသွားအကြံပြု ချက်တွေ (Link)၊ နေပြည်တော်၊ မန္တလေး၊ ပုဂံ၊ ရှမ်း၊ ချင်း၊ ကယား၊ ကရင်နဲ့ မွန် မြေပုံ (PDF download) တွေ ကြည့်နိုင်ပါတယ်။

Digital Concierge စနစ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ပဲခူး၊ ဟဲဟိုးနဲ့ ကန်ပက်လက်တို့ရဲ့ Information Counter တွေမှာ Beta Version တပ်ဆင် စမ်းသပ် အသုံးပြုနေပါတယ်။ ဒီစနစ်က အဲဒီဒေသက ခရီးသွားလုပ်ငန်းတွေနဲ့ ဆက်စပ် လုပ်ကိုင်နေတဲ့ ဒေသခံလုပ်ငန်းတွေပါ အကျိုးရှိစေမှာ ဖြစ်ပါတယ်။ ဥပမာ - ပုဂံ ဒေသက အငှားယာဉ်၊ တုတ်တုတ်၊ စားသောက်ဆိုင်နဲ့ မြင်းလှည်းသမားတွေကနေစပြီး မီးပုံးပျံ စီး ခရီးစဉ်အထိ အချက်အလက်တွေကို ကာယကံရှင်တွေက ကိုယ်တိုင်အချက်အလက် ပေးပို့ကြပါတယ်။ ဒီစနစ်အတွင်း အားလုံးကို ထည့်သွင်းဖော်ပြပေးနိုင်တာမို့ ဒေသခံတွေရဲ့ လုပ်ငန်းတွေကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေမယ့်အပြင် ခရီးသွားဧည့်သည်တွေအတွက် ပိုပြီးအဆင်ပြေလာမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်နဲ့လျော်ညီတဲ့ Digital Marketing နည်းလမ်းတွေနဲ့ ခရီးသွားဧည့်သည်တွေကို သတင်းအချက်အလက်တွေ ပေးတာ၊ လာရောက်လည်ပတ်ဖို့ ဆွဲဆောင်တာ၊ ပုဂ္ဂလိကလုပ်ငန်းတွေကို ပံ့ပိုးကူညီတာ၊ မြန်မာနိုင်ငံအတွင်းက ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေ ခရီးသွားလာမှုတွေ လွယ်ကူအဆင်ပြေစေရေးအတွက် တိကျမှန်ကန်တဲ့ သတင်းအချက်အလက်တွေနဲ့ ခရီးစဉ်အကြံပြုချက်တွေကို အချိန်နဲ့တစ်ပြေးညီ ရရှိနိုင်စေရေး ဆောင်ရွက်ပေးနေတဲ့အပြင် မြန်မာနိုင်ငံရဲ့ပုံရိပ်ကို မြှင့်တင်ပေးတဲ့အရာတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်။

**မေး။ ။ နိုင်ငံတကာနဲ့ ထိတွေ့ဆက်စပ်ပြီး ခရီးသွားကဏ္ဍ မြှင့်မားအောင် ဆောင်ရွက်နေမှုတွေကို သိလိုပါတယ်ရှင့်။**

ဖြေ ။ ။ ဂျပန် - မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ရေရှည်တည်တံ့ရေးနဲ့ ဂျပန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားတွေ မြန်မာနိုင်ငံကို ပိုမိုလာရောက်လည်ပတ် နိုင်စေဖို့ ရည်ရွယ်ပြီး ချယ်ရီပန်းပင် စိုက်ပျိုးပွဲတော် (Sakura Festival) ကို လေးကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ပထမအကြိမ်အဖြစ် နေပြည်တော်ရှိ လွှတ်တော်သွားရာ လမ်းတစ်လျှောက်မှာ ချယ်ရီပန်းပင် ၁၀၀၊ ၂၀၁၈ ခုနှစ်မှာ ဒုတိယအကြိမ်အဖြစ် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှေ့နဲ့ Royal Myanmar Golf Club တို့မှာ ချယ်ရီပင် ၂၀၀၊ ၂၀၁၉ ခုနှစ်မှာ တတိယအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးရှိ တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်းမှာ ချယ်ရီပင် ၃၀၀ နဲ့ ၂၀၂၀ ပြည့်နှစ်မှာ စတုတ္ထအကြိမ်အဖြစ် ကယားပြည်နယ် လွိုင်ကော်မြို့မှာ ချယ်ရီပင် ၄၀၀ ကို စိုက်ပျိုးခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှာ ကရင်ပြည်နယ် ဘားအံမြို့မှာ ချယ်ရီပင် ၂၀၀ စိုက်ပျိုးဖို့ ရှိပါတယ်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းနိုင်ငံ ခရီးသွားနှင့် အားကစားဝန်ကြီးဌာနနဲ့ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ ရေးထိုးနိုင်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားဝန်ကြီးဌာနနဲ့ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ဖို့ Action Plan ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။

နီပေါနိုင်ငံအစိုးရ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဝန်ကြီးဌာနနဲ့ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

**မေး။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ရှေ့ဆက်သွားမယ့်လုပ်ငန်းစဉ်တွေနဲ့ မျှော်မှန်းချက်တွေကို သိပါရစေရှင့်။**

ဖြေ။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဝင်ငွေတိုးတက်ရေးနဲ့ နိုင်ငံ့ပုံရိပ်မြှင့်တင်ရေးတို့အတွက် ရှေ့ဆက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေ အများကြီးရှိပါတယ်။ အဓိကအနေနဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (Tourism Master Plan) ၂၀၂၀ - ၂၀၃၀ ရေးဆွဲနိုင်ရေးဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအလိုက် ခရီးစဉ်အသစ်တွေ ထပ်မံဖော်ထုတ်နိုင်ရေးနဲ့ ခရီးစဉ်တွေ ဆက်စပ်သွားလာနိုင်ရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခြင်းကို ဆောင်ရွက်သွားဖို့ ရှိသလို ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း CBT ကျေးရွာတွေ တိုးမြှင့်ဖော်ထုတ်တာ၊ ခရီးစဉ်ဒေသအလိုက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဟာ ဒေသခံပြည်သူတွေကို အကျိုးသက်ရောက်မှုရှိစေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ခရီးသွားလုပ်ငန်းကနေ ကျရောက်နိုင်တဲ့ ဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အားကစားခရီးသွားလုပ်ငန်း (Sport Tourism)နဲ့ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း (Gastronomy Tourism) ဖွံ့ဖြိုးရေးဆောင်ရွက်ဖို့နဲ့ ဧည့်စာရင်းပေးပို့ရာမှာ ကြုံတွေ့ရတဲ့ အဆင်မပြေမှုတွေကို ကျော်လွှားဖို့ Hotel Guest List Management System ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံကနေ လွှဲပြောင်းရယူပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံး တစ်ပြေးညီ အသုံးပြုနိုင်ဖို့အတွက် ကြိုးစားဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

အထူးသဖြင့် ကိုဗစ်-၁၉ ကြောင့် တစ်ကမ္ဘာလုံးမှာ ခရီးသွားလုပ်ငန်း ကျဆင်းနေပါတယ်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအပေါ်မှာ ရိုက်ခတ်မှုတွေ ရှိပါတယ်။ ခရီးသွားလုပ်ငန်းမှာ High Season နဲ့ Low Season ဆိုပြီး ရှိပါတယ်။ နောက်တစ်ကျော့လာမယ့် High Season အတွက် ကြိုတင်ဆောင်ရွက်မှုတွေလုပ်ရတာ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းရဲ့ သဘာဝဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကိုဗစ် - ၁၉ ကို စိန်ခေါ်မှုတစ်ခုအဖြစ် ယူဆနိုင်သလို Quantity ကနေ Quality Tourism ပြောင်းဖို့ အခွင့်အလမ်းကောင်းအဖြစ် ယူဆလို့ရပါတယ်။ လာမယ့် Low Season မှာ ဝန်ကြီးဌာနက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီတွေ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ခရီးသွားအရည်အသွေးမြှင့်တင်ဖို့ HR Development လုပ်ငန်းတွေ လုပ်ဆောင်ပါမယ်။ ၂၀၁၆ ခုနှစ်တုန်းက ခရီးသွားလိုင်စင်ခတွေ ၅၀ ရာခိုင်နှုန်း လျှော့ချပေးခဲ့သလိုမျိုး Industry ကို သက်သာခွင့်ပေးနိုင်မယ့် အစီအစဉ်တွေအတွက် ဆက်စပ်ဝန်ကြီးဌာနတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းဆောင်ရွက်သွားပါမယ်။ သက်သာခွင့်ပေးနိုင်ခဲ့ရင် ဒီသက်သာခွင့်တွေနဲ့ ခရီးသွားလုပ်ငန်းမှာ ပါဝင်တဲ့ အခြေခံပြည်သူတွေနဲ့ ဝန်ထမ်းတွေအပေါ် ကောင်းတဲ့သက်ရောက်မှုတွေ ပိုပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်သွားပါမယ်လို့ ပြောကြားလိုပါတယ်။


နော်ပန်းသဉ္ဇာမျိုး (ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး)

**နော်ပန်းသဉ္ဇာမျိုး (ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး)**

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကျင့်သုံးနေတဲ့ Hotel Guest List Management System ရဲ့ ထူးခြားချက်တွေကို သိပါရစေရှင့်။**

ဖြေ။ ။ သူ့ရဲ့ထူးခြားချက်က စာရွက်စာတမ်းတွေကို အသုံးမပြုရတော့ပါဘူး။ စာရွက်စာတမ်းတွေကို ပို့ဆောင်တဲ့နေရာမှာ ယခင်က ငွေကျပ်သန်းပေါင်း ၆၈၄ သန်း ကုန်ကျရာကနေ ယခု ငွေကျပ်သန်းပေါင်း ၁၇၁ သန်းပဲကုန်ကျပါတယ်။ ပုဂ္ဂလိကဘက်မှာ ဝန်ထမ်းတွေရဲ့ အသုံးစရိတ်မှာ ၇၄ ရာခိုင်နှုန်းလောက် သက်သာသွားပါတယ်။ အခြားကုန်ကျစရိတ်တွေမှာ ငွေကျပ် သန်းပေါင်း ၃၁၈၅ သန်းအထိ သုံးစွဲခဲ့ရာကနေ ၆၂၄ သန်းပဲ ကုန်ကျတော့ပါတယ်။ ဒါကြောင့် ၈၁ ရာခိုင်နှုန်းလောက် သက်သာသွားပါတယ်။ ယခင်က စာရွက်စာတမ်း စုစုပေါင်း ၂၂ မက်ထရစ်တန်လောက် မလိုအပ်ဘဲနဲ့ ပြည်သူရော အစိုးရပါ ကုန်ခဲ့ပါတယ်။ ဒါကျွန်မတို့ နိုင်ငံရဲ့ ဝင်ငွေတွေ ဆုံးရှုံးတာပါ။ ဟိုတယ်အလုံး ၁၅၀၀ ကို ကျွန်မတို့ စိစစ်နိုင်ခဲ့မယ်ဆိုရင် နှစ်တိုင်း ပြည်သူနဲ့ နိုင်ငံတော်ပါ အကုန်လုံး ပေါင်းရင် ငွေကျပ်သန်းပေါင်း ၄၀၀၀ လောက် ကို နှစ်စဉ် သက်သာသွားမှာ ဖြစ်ပါတယ်။ ဒါက Hotel Guest List Management System ကို ကျင့်သုံးခြင်းဖြင့် ရရှိလာတာ ဖြစ်ပါတယ်။

**မေး။ ။ ခရီးသွားကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိက စိန်ခေါ်မှုတွေက ဘာတွေများ ဖြစ်မလဲရှင့်။**

ဖြေ။ ။ ကျွန်မတို့ဝန်ကြီးဌာနက နှစ်စဉ် ငွေကျပ် ၄ ဘီလီယံလောက် နိုင်ငံတော်အတွက် ဝင်ငွေတွေရအောင် ရှာပေးနိုင်ခဲ့တယ်။ ဒါပေမယ့် ဘဏ္ဍာငွေကြေး အခက်အခဲများစွာရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်ချဲ့ထွင်မှုကို ကြည့်မယ်ဆိုရင် အိမ်နီးချင်းနိုင်ငံတွေမှာ ဝင်ငွေရဲ့ ၁၀ ရာခိုင်နှုန်းလောက်ကို နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်ချဲ့ထွင်မှုအတွက် လုပ်နိုင်တာမျိုးရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဘတ်ဂျက် ခွဲဝေချထားမှုအရ ခရီးသွားလုပ်ငန်းကို ဈေးကွက်ချဲ့ထွင်ဖို့နဲ့ ကြော်ငြာဖို့အတွက် ဘတ်ဂျက် အလွန်နည်းပါးပါတယ်။ ဒါက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ ခရီးစဉ်သစ်တွေ တိုးတက်လာဖို့ အပါအဝင် တောင်တန်းဒေသတွေက တိုင်းရင်းသားဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ငြိမ်းချမ်းရေးရရှိဖို့လည်း လိုအပ်ပါတယ်။

**မေး။ ။ ဟိုတယ်နဲ့ပတ်သက်တဲ့ လိုင်စင်ချထားပေးမှုအပိုင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးပေးပါဦးရှင့်။**

ဖြေ။ ။ ကျွန်မတို့ရဲ့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဟိုတယ်တွေ၊ မိုတယ်တွေ၊ တည်းခိုခန်းတွေရဲ့ ဝန်ဆောင်မှု အဆင့်အတန်းတွေ မြင့်မားဖို့အတွက် ကွင်းဆင်းဆောင်ရွက်ပြီး လုပ်ငန်းလိုင်စင် သတ်မှတ်ချက်တွေ ဆောင်ရွက်ခဲ့ပါတယ်။ ပေးရတဲ့ ပိုက်ဆံနဲ့ ထိုက်တန်တဲ့ ဝန်ဆောင်မှုကို ဟိုတယ်လုပ်ငန်းရှင်တွေကို ပေးအပ်ဖို့ အဓိကထားစိစစ်ပါတယ်။ အဲဒီမှာ ခရီးသွားကဏ္ဍရဲ့ လားရာပြောင်းလဲသွားတာကို တွေ့ရပါတယ်။ အရင်ကဆိုရင် တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမျှနဲ့တန်ဖိုးကြီးရယ်လို့ ရှိပါတယ်။ မြန်မာနိုင်ငံကို လာရတာဈေးကြီးတယ်ဆိုတာမျိုး ပြောကြတာရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ Bed and Breakfast လုပ်ငန်းလိုင်စင်တစ်ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ထုတ်ပေးပါဆိုပြီး ခွင့်ပြုပေးခဲ့လို့ Hostel လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒီအချိန်မှာ ခရီးသွားဥပဒေပြဋ္ဌာန်းနိုင်ခဲ့ပြီး နည်းဥပဒေတွေ ထွက်လာခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ခရီးသွားကော်မတီတွေကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ဟိုတယ်၊ မိုတယ် စတဲ့လုပ်ငန်းလိုင်စင်ပေါင်းက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် အများဆုံးရှိပါတယ်။ စီးပွားရေးလုပ်ငန်းအများစုက ရန်ကုန်မှာရှိလို့ လုပ်ငန်းလိုင်စင်တွေကို မြန်မြန်ဆန်ဆန် ထုတ်ပေးနိုင်အောင် ကြိုးစားနေပါတယ်။


မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗိတ်ချင်းမြောင်ရေတံခွန်ကို တွေ့ရစဉ်။

*အချပ်ပို(ဃ)သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ





ကယားပြည်နယ်၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း CBT ဖွင့်လှစ်ဆောင်ရွက်စဉ်။



ဦးနောင်နောင်ဟန် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း)



ခွန်ထွန်းဦး (စီမံကိန်းမန်နေဂျာ၊ ပအိုဝ်းဒေသ ကျေးရွာလူထု ပူးပေါင်းပါဝင်သော ခရီးသွားလုပ်ငန်း)

*အချပ်ပို (ဂ) မှ*

ဒေသဆိုင်ရာ ခရီးသွားကော်မတီရဲ့ ရည်မှန်းချက်တွေက ပြည်ထောင်စုကနေ ချမှတ်လိုက်တဲ့ ခရီးသွားလုပ်ငန်းဥပဒေအရ ရန်ကုန်တိုင်းဒေသကြီးရဲ့ ခရီးသွားလုပ်ငန်း မဟာဗျူဟာကို ရေးဆွဲနိုင်ဖို့အတွက် ဦးစားပေးထားပါတယ်။ လုပ်ငန်းလိုင်စင်တွေ ထုတ်ပေးတဲ့အခါ လုပ်ငန်းလုပ်လိုသူက လိုအပ်တဲ့ဖောင်တွေဖြည့်မယ်။ တစ်လပြည့်ရင် သူက လုပ်ငန်းလိုင်စင်ရရှိမယ်။ သဘောက သက်ဆိုင်တဲ့ဌာနဆိုင်ရာတွေက One Stop Service ပေးနိုင်ရေးကို ရည်ရွယ်ပါတယ်။ နောက်အချက်က ရန်ကုန်တိုင်းဒေသကြီးဟာ Commercial City ကနေ System City ဖြစ်လိုတဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့ ရည်ရွယ်ပါတယ်။

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီးမှာ Hotel Guest List Management System ကျင့်သုံးတဲ့အကြောင်းနဲ့ ဆောင်ရွက်မှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ အားလုံးသိကြတဲ့အတိုင်း ကန်တော်ကြီးဟိုတယ် မီးလောင်တုန်းက အထဲမှာ ဧည့်သည်တွေ ဘယ်နှယောက်ရှိသလဲ ချက်ချင်းမသိနိုင်ဘူး။ အကုန်ကယ်ထုတ်ပေမယ့် ခရီးသည် ဘယ်လောက်ကျန်သလဲ မသိနိုင်ဘူး။ ဒီမှာ လုပ်ဆောင်သင့်တဲ့အရာတစ်ခုကို သိလာပါတယ်။ ဟိုတယ်တစ်ခု အတွင်းမှာ ဧည့်သည် ဘယ်နှယောက် တည်းခိုနေသလဲဆိုတာကို သိနိုင်ရင် ကိုယ့်နိုင်ငံရဲ့ လုံခြုံရေးကို အားဖြည့်ရာရောက်မယ်။ ဧည့်သည်တွေလည်း ပိုပြီးလုံခြုံစိတ်ချမှု ရရှိမယ်။ ဝန်ထမ်းတွေနဲ့ လုပ်ငန်းရှင်တွေအတွက် စာရင်း၊ အင်းအဆင်ပြေစေမယ်ဆိုပြီး နည်းပညာတစ်ခုကို သုံးမယ်ဆိုပြီး ဆုံးဖြတ်လိုက်ကြပါတယ်။ ပြည်ထောင်စုဝန်ကြီးက အားပေးပြီး လမ်းညွှန်မှုပေးခဲ့တဲ့အတွက် လုပ်ငန်းတွေ အမြန်ဆုံးစတင်နိုင်ခဲ့ပါတယ်။

ဟိုတယ်တွေက သူတို့သတင်းပို့နေရတဲ့ ဂန်ကြီးဌာန ကိုးခုကို သတင်းအချက်အလက်တွေ လွယ်လွယ်ကူကူနဲ့ ပေးပို့လာနိုင်ခဲ့ပါတယ်။ Hotel Guest List Management System အရ ဌာန ကိုးခုက သက်ဆိုင်ရာတာဝန်ရှိသူတွေဟာ သတ်မှတ်ထားတဲ့ သူတို့တာဝန်ရှိတဲ့နေ့ရဲ့ ည ၁၁ နာရီ ၄၅ ဆိုတာနဲ့ သူတို့တာဝန်ယူရတဲ့ နယ်မြေထဲက ဟိုတယ်ဘယ်နှလုံးမှာ ဧည့်သည်ဘယ်နှယောက်ဟာ၊ ဘယ်အချိန်မှာ ဘယ်လိုတည်းခိုထားတယ်ဆိုတဲ့ အချက်အလက်တွေရမှာဖြစ်ပြီး ရာထူးအလိုက် Code တွေနဲ့ ဝင်ရောက်ကြည့်လို့ရပါတယ်။

ဒီလိုလုပ်ဖို့အတွက် လုပ်ငန်းရှင်တွေ၊ အလုပ်သမားတွေကို သင်တန်းတွေ ပေးရသလို လိုက်နာရမယ့် လမ်းညွှန်ချက်တွေ ထုတ်ပေးရပါတယ်။ ဒီလိုနဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ စမ်းသပ်ကာလအနေနဲ့ ကျင့်သုံးခဲ့ပြီး တစ်နှစ်ပြည့်မြောက်တဲ့အခါမှာ စာရွက်စာတမ်းနဲ့ ပေးပို့တဲ့စနစ်ကို ရပ်ဆိုင်းပြီး အီလက်ထရွန်နစ်နဲ့ သတင်းပို့နိုင်တဲ့စနစ်ကို ဆက်လက်ကျင့်သုံးနိုင်ခဲ့ပါတယ်။ ဒီနောက်မှာ ရှမ်းပြည်နယ်ကလည်း ဒီစနစ်ကို ကျင့်သုံးလာပါတယ်။ ကယား၊ ကရင်နဲ့ ရခိုင်ပြည်နယ်တွေနဲ့ တနင်္သာရီတိုင်းဒေသကြီးအတွက် လေ့ကျင့်သင်ကြားပေးတာတွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။

**ဦးနောင်နောင်ဟန် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း)**

**မေး။ ခရီးသွားလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအကြောင်းကို သိလိုပါတယ်ရှင့်။**

ဖြေ။ ။ ကျွန်တော်တို့က ခရီးသွားလုပ်ငန်းရှင်များအသင်းဆိုတော့ ခရီးသွားကုမ္ပဏီတွေနဲ့ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းတွေက အသင်းမှာ ပါဝင်ကြပါတယ်။ နိုင်ငံတကာနဲ့ ပြည်တွင်းမှာ ခရီးသွားပြပွဲတွေ တစ်နှစ်တာအတွင်း များစွာဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းအနေနဲ့ ပြည်တွင်းခရီးသွားလုပ်ငန်းတွေနဲ့ ပြည်တွင်းကနေ ပြည်ပကိုသွားတဲ့ ခရီးသွားလုပ်ငန်းတွေကို ရည်ရွယ်ပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ခရီးသွားပွဲတော်ကို ရန်ကုန်မြို့မှာ ကျင်းပခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး အတွင်းက ခရီးသွားလုပ်ငန်းတွေနဲ့ ပြည်တွင်းခရီးသွားလုပ်ငန်းတွေ ပိုမိုမြင့်တက်လာစေဖို့နဲ့ ပိုမိုဖွံ့ဖြိုးလာစေဖို့အတွက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ ခရီးသွားပြပွဲတစ်ခု ကျင်းပခဲ့ပြီး ဝန်ကြီးဌာနနဲ့အတူ ဗီယက်နမ်နိုင်ငံကိုလည်း ခရီးသွားပြပွဲတစ်ခုကို သွားရောက်ပြသခဲ့ပါတယ်။ ဒါ့အပြင် ဘရူနိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံ မွန်ဘိုင်းတို့မှာ ခရီးသွားပြပွဲတွေကို ဂန်ကြီးဌာနနဲ့အတူ သွားရောက်ပြသခဲ့ပါတယ်။

ပြည်တွင်းခရီးသွားလုပ်ငန်းမှာ ဝန်ဆောင်သူတွေနဲ့ ဈေးကွက်အပိုင်းဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ကျွန်တော်တို့က ဝန်ဆောင်မှုကို ပိုပြီးစနစ်ကျအောင် ခရီးသွားကုမ္ပဏီတွေကို သင်တန်းပေးပါတယ်။ ဟောပြောပွဲတွေ လုပ်ပါတယ်။ ခရီးသွားလုပ်ငန်းငယ်တွေအတွက် ဘဏ္ဍာငွေအခက်အခဲကို ကူညီပေးနိုင်မယ့် ချေးငွေမျိုးတွေ၊ အသေးစား၊ အလတ်စား စီးပွားရေးအတွက် ဘဏ်ချေးငွေတွေ ရရှိအောင် ကူညီပေးရပါတယ်။ ခရီးသွားအာမခံကုမ္ပဏီ နှစ်ခုနဲ့ ချိတ်ဆက်ထားပြီး ဖြစ်ပါတယ်။

လိုအပ်တဲ့သင်တန်းတွေကို ပေးရတာရှိပါတယ်။ ဥပမာ – ဥရောပဈေးကွက်ကို ဝင်ရောက်လိုတဲ့အခါ ဝန်ဆောင်မှုကို ဘယ်လိုပေးမလဲဆိုတာတွေရှိပါတယ်။ ဒါတင်မကပါဘူး။ Tourist Police တွေကို သင်တန်းပေးတာရှိပါတယ်။ ဆွေးနွေးပွဲတွေ ကျင်းပပါတယ်။ အနှစ်သာရရှိတဲ့ ခရီးသွားပြပွဲတွေကို ဖော်ဆောင်နိုင်ခဲ့ပါတယ်။

**မေး။ ။ လာမယ့်ကာလတွေမှာ ဖြစ်လာနိုင်တဲ့ မြန်မာ့ခရီးသွားကဏ္ဍအကြောင်းကို သုံးသပ်ခန့်မှန်းပေးစေလိုပါတယ်။**

ဖြေ။ ။ လာမယ့်နှစ်တွေမှာ လက်ရှိဖြစ်ပေါ်တဲ့အခြေအနေအရ နိုင်ငံတကာက Online Travel Agent တွေရှိပါတယ်။ သူတို့ အင်အားကြီးထွားလာတဲ့အတွက် ပြည်တွင်း ခရီးသွားလုပ်ငန်းတွေရဲ့ စွမ်းရည်ကို ပိုမြှင့်တင်ဖို့ လိုအပ်နေပါတယ်။ Digital Marketing တွေကို အင်တာနက် လူမှုကွန်ရက်မီဒီယာတွေကနေတစ်ဆင့် အသုံးပြုဖို့လိုအပ်လာပါတယ်။ အွန်လိုင်းကနေ ခရီးစဉ်တွေ ရောင်းချနိုင်ဖို့ ဆော့ဖ်ဝဲလ်တွေရေးသားပြီး ဒစ်ဂျစ်တယ်ပလက်ဖောင်းပေါ် တက်နိုင်အောင် မျှော်မှန်းဆောင်ရွက်နေပါတယ်။

ခရီးသွားပြပွဲတွေ ပြသတဲ့အခါမှ လမ်းဟောင်းတွေထဲကတစ်ခုဖြစ်တဲ့ ဒေသထွက်ကုန်နဲ့ အစားအသောက်တွေကို ပိုမိုပြသနိုင်အောင် ဆောင်ရွက်သွားမယ်။ ပြည်ပမှာ နိုင်ငံရဲ့ပုံရိပ်တွေ အားကောင်းအောင် ကုန်ကျစရိတ်တွေသုံးပြီး မျှဝေသွားမယ်။ သက်ဆိုင်ရာနိုင်ငံတွေကို ခရီးသွားလုပ်ငန်း အေးဂျင့်တွေသွားပြီး စီးပွားရေးပူးပေါင်းလုပ်နိုင်အောင် စီစဉ်နေတာတွေလည်း ရှိပါတယ်။ လာမယ့်မိုးရာသီမှာ စတင်ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ထားပါတယ်။

**မေး။ ။ ခရီးသွားလုပ်ငန်း အောင်မြင်ဖို့ ဘာတွေ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါသလဲရှင့်။**

ဖြေ။ ။ ခရီးသွားလုပ်ငန်း အောင်မြင်ဖို့အတွက် ဒေသခံတွေရဲ့ ပူးပေါင်းမှုတွေ လိုအပ်ပါတယ်။ အဓိက လုံခြုံရေးပါ။ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့သာမက ပြည်သူပါဝင်ဖို့ လိုပါတယ်။ ဒေသခံတွေကလည်း ဒေသဖွံ့ဖြိုးဖို့ အဓိကဖြစ်ပြီး လုပ်ငန်းရှင်တွေအတွက်က အပြန်အလှန် မိတ်ဖက်တွေ ဖြစ်ပါတယ်။

ကိုဗစ်–၁၉ ကြောင့် အခက်အခဲနဲ့ စိန်ခေါ်မှုတွေ အပြည့်ဆုံးအချိန်လို့ဆိုရင် ရပါတယ်။ ဒါပေမယ့် ရှေ့မှာလည်း ကျွန်တော်တို့တွေဟာ အခက်အခဲများစွာ ကြုံခဲ့ကြရသူတွေပါ။ အခက်အခဲတွေကနေ အတွေ့အကြုံတွေလည်းရခဲ့တာမို့ အားမလျှော့ဘဲ လာမယ့်နှစ်အတွက် အခုကတည်းက ပြင်ဆင်နေပါပြီ။ ဘာမှလုပ်မရတဲ့ ကာလဖြစ်ရင် ခရီးသွားလောကသားတွေ အားလုံးက အင်တိုက်အားတိုက်နဲ့ အဆင်သင့်ဖြစ်နေအောင် ပြင်ဆင်ထားမယ်။ အားဖြည့်ထားပြီး ရဲရဲဝံ့ဝံ့ရင်ဆိုင်သွားရမှာပါလို့ ပြောကြားလိုပါတယ်။

**ခွန်ထွန်းဦး (စီမံကိန်းမန်နေဂျာ၊ ပအိုဝ်းဒေသ ကျေးရွာလူထုပူးပေါင်းပါဝင်သော ခရီးသွားလုပ်ငန်း)**

**မေး။ ။ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီး ပအိုဝ်းဒေသကနေဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအကြောင်းကို သိပါရစေရှင့်။**

ဖြေ။ ။ စတုတ္ထ (၁) နှစ်တာ ကာလမှာ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီး အရှိန်အဟုန်မပျက်အောင် ပူးပေါင်းလုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့က ၂၀၁၅ ခုနှစ်ကတည်းက စတင်ခဲ့တဲ့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို တစ်နှစ်ထက်တစ်နှစ် အတတ်နိုင်ဆုံး ပိုကောင်းအောင် ကြိုးစားလုပ်ဆောင်နေပါတယ်။ ခရီးသွားလုပ်ငန်းဟာ ကျွန်တော်တို့ ဒေသအတွက် အရေးပါအရာရောက်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကျေးရွာလူထုတွေအတွက် တန်ဖိုးဖြတ်လို့မရတဲ့ အကျိုးကျေးဇူးတွေ အများကြီးယူဆောင်လာပေးပါတယ်။ ရိုးရာယဉ်ကျေးမှုနဲ့ သဘာဝပတ်ဝန်းကျင်တို့ကို ပိုပြီးထိန်းသိမ်းလာနိုင်ပါတယ်။ အလုပ်အကိုင်တွေကနေ ဝင်ငွေတွေရခဲ့ပါတယ်။

**မေး။ ။ ပအိုဝ်းဒေသမှာ ခရီးစဉ်သစ်တွေ ဖော်ဆောင်နေမှုရှိရင် သိပါရစေရှင့်။**

ဖြေ။ ။ ပအိုဝ်းဒေသမှာ ၂၀၁၅ ခုနှစ်က အင်းလေးကန်ရဲ့ တောင်ပေါ်ကျေးရွာတွေမှာ CBTတွေ စလုပ်ခဲ့ပါတယ်။ လေးနှစ်တာကာလမှာ ရှေးဟောင်းမွေတော်ကက္ကူဘုရား ပတ်ဝန်းကျင်မှာ တိုးချဲ့လုပ်ဆောင်နေပါတယ်။ ဒီဒေသက ပုန်းအင်းဒေသလို့လည်းခေါ်ပါတယ်။ ကုန်း ၆ လနဲ့ ရေ ၆ လ ဒေသ ဖြစ်ပါတယ်။ ခရီးသွားတွေကို ဆွဲဆောင်နိုင်မယ့် နေရာဒေသတစ်ခုလို့ မြင်ပါတယ်။ ဒါကြောင့် အခုဆိုရင် ခရီးသွားလုပ်ငန်း လုပ်ဆောင်ဖို့ ကျေးရွာတွေကို လိုအပ်တဲ့ သင်တန်းတွေ ပေးနေပါတယ်။ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနေတာ ရှိပါတယ်။ လာမယ့် ပွင့်လင်းရာသီမှာ ဧည့်သည်တွေ သွားရောက်လည်ပတ်လို့ရအောင် လုပ်ဆောင်နေတာရှိပါတယ်။

ပုန်းအင်းဒေသဟာ တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့နယ်နဲ့ ဆီဆိုင်မြို့နယ်တို့ သုံးခုဆိုင်တဲ့နေရာလေးပါ။ မွေတော်ကက္ကူဘုရားကနေ ပုန်းအင်းဒေသကို နာရီဝက်ခရီးလောက်သာကြာမြင့်ပါတယ်။ ဒီမှာ ရှမ်းတိုင်းရင်းသားတွေရဲ့ ရိုးရာမုန့်လုပ်ငန်း ၁၆ မျိုးလောက် ရှိပါတယ်။ အင်းလေးဒေသလို ချောင်းဘေးမှာ နေကြပြီး ရေပေါ်မှာနေတဲ့ တိုင်းရင်းသားတွေပါ။ နွေရာသီဆိုရင် ကုန်းပေါ်မှာနေတဲ့ တိုင်းရင်းသားတွေလိုမျိုးပါ။ ဒီမှာ ခရီးသွားတွေကို ဘယ်လိုဝန်ဆောင်မှုပေးမလဲနဲ့ ကြုံလာနိုင်တဲ့ စိန်ခေါ်မှုတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေကို ပြောပြပေးပါတယ်။ ကျေးရွာဧည့်လမ်းညွှန်သင်တန်းတွေကို လူငယ်တွေကို ပို့ချမယ်။ စက်လှေနဲ့သွားရတာမို့ လုံခြုံစိတ်ချရအောင် သင်တန်းတွေပေးမယ်။ အိုင်တီစီနဲ့ ပူးပေါင်းပြီး လိုအပ်တဲ့ သင်တန်းတွေပေးဖို့ ရှိပါတယ်။

ပအိုဝ်းဒေသကို အရင်က အင်းလေးက စပြီး ကက္ကူကိုလာတဲ့ ခရီးစဉ်ကို စီစဉ်ပါတယ်။ နောက်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ ဟိုပုန်းနဲ့ ဆီဆိုင်ကို နိုင်ငံခြားသား ခရီးသွားတွေ လေ့လာဖို့ ဆောင်ရွက်နေပါတယ်။

**မေး။ ။ ပအိုဝ်းဒေသကို လာလည်ကြမယ့် ပြည်တွင်းပြည်ပခရီးသွားတွေကို ဘယ်လို ဖိတ်ခေါ်ပြောကြားလိုပါသလဲရှင်။**

ဖြေ။ ။ တိုင်းရင်းသားဒေသတွေမှာ ခရီးသွားလုပ်ငန်းတွေ အောင်မြင်ဖြစ်ထွန်းလာတာနဲ့ အကျိုးကျေးဇူးတွေ အများကြီးရပါတယ်။ ရိုးရာဓလေ့တွေ၊ ဘာသာစကားစတာတွေ ပိုပြီး ထိန်းသိမ်းလာကြပါတယ်။ ခရီးသွားလုပ်ငန်းကနေ အပိုဝင်ငွေတွေ ရရှိပါတယ်။ ကျေးရွာက လက်မှုလုပ်ငန်းတွေ ရောင်းချလို့ရပါတယ်။ သူတို့ရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ သဘာဝအရင်းအမြစ်တွေကို တန်ဖိုးထားတတ်လာပါတယ်။ အားလုံးကို စုပေါင်းပြီး လုပ်ဆောင်ရတာမို့ အားလုံးစုစုစည်းစည်းနဲ့ ပိုမိုဆောင်ရွက်တတ်လာပါတယ်။ လုပ်ငန်းစတင်ပြီး နောက်ပိုင်းမှာ ရပ်ရွာမှာနေထိုင်ရတာကို ပိုပြီးတန်ဖိုးထားလာသလို ပညာရေးကိုလည်း လူငယ်တွေ ပိုပြီးအလေးပေးလာပါတယ်။ အမှိုက်စွန့်ပစ်တာတွေ ပိုပြီးစည်းကမ်းကျလာပါတယ်။ ရိုးရာအစားအစာတွေနဲ့ ဝတ်စုံတွေကို ပိုပြီးတန်ဖိုးထားတတ်လာပါတယ်။

ကျွန်တော်တို့ဒေသမှာ အင်မတန်သာယာလှပတဲ့ သဘာဝအရင်းအမြစ်တွေ အများကြီးရှိပါတယ်။ လိုဏ်ဂူတွေ၊ ရေတံခွန်တွေနဲ့ လီဆူ၊ ရှမ်းနဲ့ ပအိုဝ်းတိုင်းရင်းသားတွေ နေထိုင်ကြပါတယ်။ နန့်သဘက်ချောင်းကနေ စက်လှေနဲ့သွားရတဲ့ ပုန်းအင်းဒေသ ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ဟာ အလွန်သာယာ အေးချမ်းလှပပါတယ်။ သဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝပါတယ်။ မြန်မာနိုင်ငံအရပ်ရပ်က ခရီးသွားလုပ်ငန်းရှင်တွေနဲ့ ပြည်သူတွေကို ရှမ်းတောင်ကို တစ်ခါတစ်ခေါက် လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်ပါတယ်။ ။